# ခရစ်ဝင်ကျမ်းများ

သင်ခန်းစာ နှစ်

ရှင်မဿဲခရစ်ဝင်ကျမ်း

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 6

နောက်ခံသမိုင်း ........ 6

**ကျမ်းရေးသူ** ........ 7

အစဉ်အလာအမြင် ........ 8

ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း ........ 11

**မူလပရိသတ်** ........ 13

ကောင်းကင်နိုင်ငံတော် ........ 14

ဂျူးလူမျိုးတို့၏ဓလေ့ထုံးစံများ ........ 16

**အချိန်အခါ** ........ 17

ရက်စွဲ ........ 18

နေရာ ........ 19

ရည်ရွယ်ချက် ........ 20

ဖွဲ့စည်းပုံနှင့် အကြောင်းအရာ ........ 22

**နိဒါန်း_ မေရှိယရှင်ဘုရင်** ........ 23

မျိုးရိုးစဉ်ဆက် ........ 23

ကလေးအရွယ် ဘဝဇာတ်ကြောင်း ........ 24

**နိုင်ငံတော်ဆိုင်ရာဓမ္မဝေဒလိတရား** ........ 26

မေရှိယ ကြွလာခဲ့သည် ........ 26

တောင်ပေါ်တရားဒေသနာ ........ 29

**နိုင်ငံတော်ပြန့်ပွားခြင်း** ........ 31

ယေရှု၏အံ့ဖွယ်အမှုများနှင့် တုံ့ပြန်မှုများ ........ 32

ဘုရင်မင်းမြတ်၏ကိုယ်စားလှယ်များ ........ 34

**နိမိတ်လက္ခဏာများနှင့် ပုံဥပမာများ** ........ 35

နိမိတ်လက္ခဏာများနှင့် တုံ့ပြန်မှုများ ........ 35

နိုင်ငံတော်ပုံဥပမာများ ........ 37

**ယုံကြည်ခြင်းနှင့် ကြီးမြတ်ခြင်း** ........ 39

သခင်ယေရှုကို ယုံကြည်ခြင်းအားခုခံတွန်းလှန်ခြင်း ........ 39

နိုင်ငံတော်မိသားစုတွင် ကြီးမြတ်ခြင်း ........ 41

**မျက်မှောက်ခေတ်ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် အနာဂတ်အောင်မြင်ခြင်း** ........ 42

ဆန့်ကျင်တိုက်ခိုက်ခြင်း ပြင်းထန်လာခြင်း ........ 42

အနာဂတ်အောင်မြင်ခြင်း ........ 45





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ့်ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ယေရှု၏သာသနာအမှုတော်၏အဆုံးရလဒ် ....................................................... 47**
ပဋိပက္ခ ........................................................................................ 47
တပည့်တော်ဖြစ်ခြင်း ........................................................................ 48
အောင်မြင်ခြင်း................................................................................ 49
**အဓိကအကြောင်းအရာများ ........................................................................ 50**
**ဓမ္မဟောင်း အမွေအနှစ်.............................................................................. 51**
ကိုးကားချက်များနှင့် ရည်ညွှန်းချက်များ ............................................... 52
ကောင်းကင်နိုင်ငံတော် ..................................................................... 54
မေရှိယရှင်ဘုရင်............................................................................... 54
မယုံကြည်သူ ဂျူးလူမျိုးခေါင်းဆောင်များ.............................................. 55
နှိမ့်ချခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်း ......................................................... 57
**ဘုရားသခင်၏လူများ.................................................................................. 58**
အသင်းတော် .................................................................................... 59
ဘုရားသခင်၏မိသားစု ....................................................................... 61
ခေါ်ဆိုခြင်း....................................................................................... 65
**နိဂုံး ........................................................................................................ 67**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

၁၉၁၉ ခုနှစ်တွင် ဘယ်လ်ဂျီယံဘုရင် Albert သည် အမေရိကန်နိုင်ငံကို ရထားဖြင့်ခရီးနှင်ခဲ့သည်။ သူသည် အခွင့်အာဏာရှိသူတစ်ဦးဖြစ်သောကြောင့် ဆယ်မိုင်အကွာခန့်တွင် အင်ဂျင်နီယာတစ်ဦးအဖြစ်ဝတ်ဆင်ကာ ရထားစက်ခေါင်းကို မောင်းနှင်ခဲ့သည်။ နောက်ဘူတာမှတ်တိုင်တွင်၊ ဝမ်းမြောက်ပျော်ရွှင်နေကြသော လူအစုအဝေးသည် ဘုရင် Albert ကို ရှာသော်လည်း ရှာမတွေ့ခဲ့ကြပေ။ သူတို့သည် ဘုရင်ဆိုသည်မှာ တစ်စုံတစ်ရာသောပုံစံရှိနေရန်နှင့် တိကျသောအရာကို ပြုမူလိမ့်မည်ဟု မျှော်လင့်ကြသည်။ ထို့ကြောင့်၊ ဖလန်နယ်ရှပ်အင်္ကျီနှင့် မီးရထားဦးထုပ် ဝတ်ဆင်ထားသော အရပ်ရှည်အမျိုးသားသည် ဘယ်လ်ဂျီယမ်၏ ဘုရင်ဖြစ်သည်ကို သူတို့ မသိခဲ့ကြပါ။

ရှုထောင့်တစ်ခုတည်းမှကြည့်လျှင်၊ မဿဲခရစ်ဝင်ကျမ်းသည် အလားတူအဖြစ်အပျက်တစ်ခုကို ပြောပြသည်။ ဘုရင်တစ်ပါး၏ ဇာတ်လမ်းဖြစ်သည်—ယုဒရှင်ဘုရင်၊ ယေရှု။ သို့သော်လည်း၊ သူ၏ခေတ်မှလူတို့မျှော်လင့်ထားသည့်အတိုင်း သူသည်မဖော်ပြ၊ မလုပ်ဆောင်သောကြောင့်သူ့အား သတိမထားမိကြပါ။ သူသည် ခြားနားသောရှင်ဘုရင်တစ်ပါးဖြစ်သည်။

ဤသည်မှာ *ခရစ်ဝင်ကျမ်းများ* အခန်းဆက်ဆောင်းပါးတွင် ဒုတိယသင်ခန်းစာဖြစ်သည်။ ပထမခရစ်ဝင်ကျမ်းဖြစ်သည့် မဿဲ၏စာအုပ်ကို အာရုံစူးစိုက်မည်ဖြစ်သောကြောင့် ဤသင်ခန်းစာကို "ရှင်မဿဲခရစ်ဝင်ကျမ်း" ဟု ခေါင်းစဉ်တပ်ထားပါသည်။

မဿဲ၏ခရစ်ဝင်ကျမ်းလေ့လာခြင်းအား အပိုင်းသုံးပိုင်းခွဲပါမည်။ ဦးစွာ၊ မဿဲ၏ကျမ်းနောက်ခံသမိုင်းကို သုံးသပ်ပါမည်။ ဒုတိယ၊ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို လေ့လာပါမည်။ တတိယ၊ မဿဲ၏ခရစ်ဝင်ကျမ်းတွင်တွေ့ရသော အဓိကအကြောင်းအရာအချို့ကို လေ့လာပါမည်။ ရှင်မဿဲခရစ်ဝင်ကျမ်း၏ နောက်ခံသမိုင်းဖြင့် စကြပါစို့။

# နောက်ခံသမိုင်း

လူများစွာမေးကြသည်မှာ "ကျမ်းစာနှင့်ပတ်သက်သည့် ဤအကြောင်းအရာများအားလုံးကို မည်သည့်အတွက်ကြောင့် သိရန်လိုအပ်သနည်း။ ကောင်းမွန်စွာဘာသာပြန်ထားသည့် အင်္ဂလိပ်ဘာသာပြန်ကျမ်းနှင့်သမ္မာကျမ်းစာကို ဖတ်ပြီးမည်သည့်အရာကိုဆိုလိုကြောင်း အဖြေရှာ၍ရနိုင်သည်မဟုတ်လော။" ဆက်စပ်

ခြင်းမရှိဘဲ စာပိုဒ်တစ်ခုကို ပြောခြင်းသည် သင်ဆိုလိုသောအရာမှန်သမျှအတွက် မရေရာသောအကြောင်းပြချက်တစ်ခုသာ ဖြစ်သည်။ ပြဿနာမှာ ရှေးစာပေအားလုံးကို သမိုင်းဆိုင်ရာ၊ စာပေဆိုင်ရာ၊ ဝေါဟာရဆိုင်ရာ၊ ရှေးဟောင်းသုတေသနဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ အကြောင်းအရာများတွင် တွေ့မြင်နိုင်ပြီး၊ ၎င်းအကြောင်းအရာများအားလုံးသည် ကျွန်ုပ်တို့၏အကြောင်းအရာများနှင့် ကွဲပြားသည်။ အတိတ်သည် မျက်မှောက်ခေတ်နှင့် အလွန်ကွာခြားပြီး ကျွန်ုပ်တို့၏ မျက်မှောက်ခေတ်ယူဆချက်အားလုံးကို အတိတ်သို့ပြန်ဆွဲခေါ် ခြင်းဝါဒကို ဆန့်ကျင်သည့် အကြီးမားဆုံးသော အတားအဆီးမှာ သမ္မာကျမ်းစာကို ဂရုတစိုက်လေ့လာခြင်း ဖြစ်သည်။

**ဒေါက်တာ Ben Witherington III**

ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ကျမ်းများကို တိကျစွာဘာသာပြန်ဆိုသောအခါ ကျမ်းရေးသူသည် မည်သူနည်း၊ သမိုင်းဆိုင်ရာအကြောင်းအရာများသည် မည်ကဲ့သို့နည်းစသဖြင့် နောက်ခံပြဿနာများကို နားလည်ရန် အရေးကြီးပါသည်။ အကြောင်းမှာ ကျမ်းရေးသူများသည် ကျမ်းများရေးသောအခါ ၎င်းတို့၏ ပရိသတ်သည် ယဉ်ကျေးမှုတစ်ခုတွင် ရှိနေကြသူများဖြစ်ပြီး၊ ၎င်းတို့ရေးသားချက်များ၏ ပိုမိုကျယ်ပြန့်သော အကြောင်းအရာများစွာကို ပရိသတ်များသည် သိရှိလိမ့်မည်ဟု ယူဆကြသည်။ ထို့ကြောင့်၊ ကိစ္စရပ်များတွင်၊ ကျွန်ုပ်တို့၏တာဝန်သည် ဤကျမ်းရေးသူသည် မည်သူနည်း၊ သူ၏ယဉ်ကျေးမှုသည် မည်ကဲ့သို့ဖြစ်သည်ကို ပိုင်းခြားသိမြင်ရန်အတွက် ပိုမိုကျယ်ပြန့်သောယဉ်ကျေးမှုနှင့် သမိုင်းမှုနားလည်မှုအချို့ကို ကျွန်ုပ်တို့ ရရှိနိုင်သည်။ သို့မှသာ ဤယူဆချက်အချို့နှင့် အဖြစ်မှန်များကို ဖြည့်စွမ်းနိုင်မည်ဖြစ်သည်။

**ဒေါက်တာ James M. Hamilton**

မဿဲ၏ခရစ်ဝင်ကျမ်းနောက်ခံသမိုင်းကို အဆင့်သုံးဆင့်ဖြင့် ဆွေးနွေးပါမည်။ ဦးစွာ၊ လုပ်ငန်းဆိုင်ရာရေးသားသူအဖြစ် မဿဲအကြောင်းကို ပြောပါမည်။ ဒုတိယ၊ မဿဲ၏မူလပရိသတ်အကြောင်း ပြောပါမည်။ တတိယ၊ မဿဲရေးသားခဲ့သည့် အချိန် သို့မဟုတ် အခြေအနေများကို ကြည့်ပါမည်။ ဤခရစ်ဝင်ကျမ်းရေးသားသူနှင့် ပတ်သက်သောမေးခွန်းကို ဦးစွာကြည့်ကြပါစို့။

## ကျမ်းရေးသူ

ကျွန်ုပ်တို့သည် စာအုပ်တစ်အုပ် သို့မဟုတ် စာတစ်စောင် သို့မဟုတ် အခြားရေးသားထားသောစာများကို လေ့လာသည့်အခါတိုင်း၊ ၎င်းကို မည်သူရေးထားသည်ကို သိရှိခြင်းသည် အထောက်အကူဖြစ်

ပါသည်။ ကျမ်းရေးသူနှင့်သူ၏အကြောင်းအရာကို ပိုသိလေ၊ သူ၏အမြင်နှင့် အဓိပ္ပါယ်ကို နားလည်ရန် ပို၍ပြင်ဆင်လေဖြစ်သည်။ ကျမ်းစာလေ့လာရာ၌လည်း အလားတူဖြစ်သည်။ သမ္မာကျမ်းရေးသူများ အကြောင်း ပိုသိလေ၊ သူတို့သွန်သင်ပေးနေသောသင်ခန်းစာများကို နားလည်ရန် ကျွန်ုပ်တို့ပို၍ပြင်ဆင် လေဖြစ်သည်။ ထို့ကြောင့် မဿဲခရစ်ဝင်ကျမ်းကို ချဉ်းကပ်သောအခါ၊ ကျွန်ုပ်တို့မေးလိုသော ပထမ မေးခွန်းတစ်ခုမှာ "ဤကျမ်းကို မည်သူရေးခဲ့သနည်း။"

*ရှင်မဿဲခရစ်ဝင်ကျမ်း* ရေးသားသူကို အဆင့်နှစ်ဆင့်ဖြင့် သုံးသပ်ပါမည်။ ဦးစွာ၊ ဤကျမ်းကို ယေရှု၏မူလတပည့်တော်ဆယ့်နှစ်ပါးထဲမှ တစ်ဦးဖြစ်သည့် တမန်တော်မဿဲရေးသားခဲ့သည်ဟူသော အစဉ်အလာအမြင်ကို ကျွန်ုပ်တို့ အတည်ပြုပါမည်။ ဒုတိယအနေနှင့်၊ မဿဲ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း ကို လေ့လာပါမည်။ ဤခရစ်ဝင်ကျမ်းကို မဿဲရေးသားခဲ့သည်ဟူသော အစဉ်အလာအမြင်ဖြင့် စတင်ကြ ပါစို့။

## အစဉ်အလာအမြင်

တမန်တော်မဿဲသည် မဿဲခရစ်ဝင်ကျမ်းကို ရေးသားသူဖြစ်ကြောင်း ယနေ့ ပညာရှင်အချို့သံသယရှိသော်လည်း၊ ကျွန်ုပ်တို့သည် ယုံကြည်စိတ်ချနိုင်သည်ဟု ထင်ပါသည်။ တစ်ချက်မှာ၊ ကနဦးအသင်းတော်ဖခင်များသည် အလွန်သံသယ ရှိသူများဖြစ်ကြသည်ကို ကျွန်ုပ်တို့ သိပါသည်—အမှန်တကယ်တွင်၊ ၎င်းသည် ကျစ်လျစ်စွာပြုမူခြင်းတစ်ခုဖြစ်သည်—မှတ်သွင်းထားသောကျမ်းစာများအား စုစည်းမှုတွင် အတုအပများကို အစစ်အမှန်အဖြစ်၊ ကျမ်းဂန်ကျင့်ထုံးဆိုင်ရာ အဖြစ် လက်ခံခြင်းအား လုံးဝဆန့်ကျင်ခဲ့ကြသည်။ ဒုတိယအနေဖြင့်၊ မဿဲကျမ်း ရေးသူနှင့်ပတ်သက်၍ ပြိုင်ဆိုင်မှုအစဉ်အလာလုံးဝမရှိပါ။ တစ်ခုတည်းသော အစဉ်အလာသည် ဤကျမ်းကို မဿဲရေးခြင်းဖြစ်သည်။ တတိယအနေဖြင့်၊ ကန ဦးအသင်းတော်သည် သမိုင်းဆိုင်ရာအကြောင်းပြချက်များမှလွဲ၍ အခြားမည် သည့်အရာအတွက်ဖြစ်စေ ဤခရစ်ဝင်ကျမ်းနှင့် တစ်စုံတစ်ဦး၏အမည်ကို ပေါင်း စပ်မည်ဆိုပါက၊ အမည်တစ်ခုဖန်တီးရန် သို့မဟုတ် ဤကျမ်းတွင်ပူးတွဲရန် တမန် တော်တစ်ဦးကို ရွေးပါက၊ မဿဲအားရွေးချယ်ကြမည်မဟုတ်။ အကြောင်းရင်းမှာ မဿဲသည် အခွန်ခံသူဖြစ်သောကြောင့် ဖြစ်သည်။ သူသည် ဂျူးလူမျိုးများ လုံးဝ မထီမဲ့မြင်ပြုသည့် အသက်မွေးအလုပ်နောက်ကို လိုက်ခဲ့သည်။ သို့သော် မဿဲ၏ ခရစ်ဝင်ကျမ်းသည် ယေရှုသည် မေရှိယဖြစ်ကြောင်းကို ဂျူးလူမျိုးပရိသတ်တို့ ယုံကြည်လာစေရန် ရေးထားသောခရစ်ဝင်ကျမ်းဖြစ်သည်။ ထို့ကြောင့်၊ ယေရှု သည်မေရှိယဖြစ်ကြောင်း သူတို့ကို ယုံကြည်စေခြင်းငှာ ဂျူးများထံ ဤခရစ်ဝင် ကျမ်းကို ရေးမှတ်ထားပြီး ၎င်းတို့သည် မဿဲကို ဤခရစ်ဝင်ကျမ်း ရေးသူအဖြစ် သူတို့ရွေးချယ်ကြမည်လော။ ၎င်းသည် လုံးဝအဓိပ္ပာယ်မရှိပါ။ မဿဲ၏အမည် အား မဿဲခရစ်ဝင်ကျမ်းရေးသူအဖြစ်လက်ခံနိုင်မည့်တစ်ခုတည်းသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အကြောင်းရင်းမှာ မဿဲအမှန်တကယ်ရေးသားခဲ့ကြောင်းကို ယုံကြည်လက်ခံနိုင်သည့်ခိုင်လုံသော အကြောင်းပြချက်ရှိခြင်းပင် ဖြစ်သည်။

**ဒေါက်တာ Steven Cowan**

မဿဲသည် ပထမခရစ်ဝင်ကျမ်းကို ရေးသားခဲ့သည်ဟူသော အစဉ်အလာအမြင်သည် အသင်းတော်၏ အစောဆုံးရာစုနှစ်များမှ ဆင်းသက်လာသည်။ ခေါင်းစဉ်တစ်ခုပါရှိသော ရှေးလက်ရေးစာမူတိုင်းတွင်၊ ဤခရစ်ဝင်ကျမ်း၏ခေါင်းစဉ်သည် စာအုပ်နှင့်ပတ်သက်၍ မဿဲနှင့် မဿဲအတွက်သာ ရည်ညွှန်းသည်။ ဤခရစ်ဝင်ကျမ်းသည် မဿဲ၏အမည်မပါဘဲ အသင်းတော်များကြားတွင် ဖြန့်ဝေဖူးကြောင်း ကျွန်ုပ်တို့တွင် အထောက်အထားမရှိပါ။

ပထမဆုံးသောခရစ်ဝင်ကျမ်းကို မဿဲရေးသားကြောင်း ရည်ညွှန်းသည့် အစောဆုံးပုဂ္ဂိုလ်မှာ Hierapolis မှ Papias ဖြစ်သည်။ Papias သည် ပထမရာစုအဆုံးမှ ဒုတိယရာစုအထိ နေထိုင်ခဲ့သည်။ သူသည် ကျွန်ုပ်တို့ပါဝင်ခွင့်ရှိသည့် အသင်းတော်၏ အစောဆုံးကာလမှ အမြင်များကို ကိုယ်စားပြုသည်။

အသင်းတော်သမိုင်းပညာရှင် Caesarea မှ Eusebius သည် အေဒီ ၃၂၅ ခုနှစ်ဝန်းကျင်တွင်ရေးသားခဲ့သော သူ၏ *Ecclesiastical History* စာအုပ် ၃၊ ၃၉၊ အခန်း ၁၆ တွင် မဿဲခရစ်ဝင်ကျမ်းကိုရေးသားသူနှင့်သက်ဆိုင်သော Papias ၏သက်သေခံချက်ကို မှတ်တမ်းတင်ခဲ့သည်။ Papias ၏စကားများကိုနားထောင်ပါ_

> မဿဲသည် မှတ်တမ်းကိုအစီအစဉ်တကျ ထည့်သွင်းခဲ့သည်။

ဒုတိယရာစုအစောပိုင်းတွင်၊ ခရစ်ဝင်ကျမ်းကို မဿဲရေးသားသည်ဟု Papias သည်သတ်မှတ်ကြောင်း တွေ့မြင်ရသည်။ ပထမခရစ်ဝင်ကျမ်းကို မဿဲရေးသားခဲ့သည်ဟူသော ၎င်း၏ကိုယ်ပိုင်အမြင်ကိုခိုင်လုံစေရန်အတွက် Eusebius သည် Papias ကိုကိုးကားခဲ့သည်ကိုလည်း မှတ်သားထိုက်ပါသည်။

ကနဦးအသင်းတော်ဖခင်တစ်ဦးဖြစ်သည့်—Irenaeus of Lyons—အေဒီ ၁၈၀ ဝန်းကျင်တွင်ရေးသားခဲ့သောသူ၏စာတွင်၊ ပထမခရစ်ဝင်ကျမ်းကို မဿဲရေးသည်ဟု သတ်မှတ်ခဲ့သည်။ *Against Heresies* စာအုပ် ၃၊ ၁၊ အပိုင်း ၁ တွင် သူရေးထားသည်ကို နားထောင်ပါ_

> ပေတရုနှင့် ပေါလုတို့သည် ရောမမြို့၌ တရားဟောလျက် အသင်းတော်အစပြုနေစဉ်၊ ဟေဗြဲလူမျိုးများကြားတွင် မဿဲရေးသားထားသော ခရစ်ဝင်ကျမ်းကို ၎င်းတို့၏ဘာသာစကားဖြင့် ရေးသားထုတ်ဝေခဲ့သည်။

Tertullian သည်အေဒီ ၁၅၅ မှ ၂၃၀ အတွင်း နေထိုင်ခဲ့သည်။ သူသည် မဿဲ၏ကျမ်းရေးသူဖြစ်ခြင်းကို သူ၏ *Against Marcion* စာအုပ် ၄၊ အခန်း ၂ တွင်အသိအမှတ်ပြုသည်_

> ထို့ကြောင့်၊ ယောဟန်နှင့် မဿဲတို့သည် ကျွန်ုပ်တို့အား ရှေးဦးစွာ ယုံကြည်ခြင်း ပြုစုပျိုးထောင်ခဲ့ကြသည်...ထိုနောက်မှ လုကာနှင့် မာကုတို့သည် အသစ်ပြုပြင်ပေးကြသည်။

Irenaeus နှင့် Tertullian တို့ အလေးထားသည့်နည်းတူ မဿဲသည် ဤခရစ်ဝင်ကျမ်းကိုရေးသားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့၏ခံယူချက်ကို ကနဦးအသင်းတော်သည် ဝေမျှခဲ့သည်။ ပထမခရစ်ဝင်ကျမ်းအား မဿဲရေးသားကြောင်း သေချာမှုတစ်ခုအဖြစ် လက်ခံခဲ့သည်။

မဿဲ၏ကျမ်းရေးသူနှင့်ပတ်သက်၍ ဤကနဦးပြောဆိုချက်များသည် မဿဲ၏မထင်ရှားခြင်းဖြင့် အားကောင်းလာကြောင်းကိုလည်း သိရှိထားရန် အရေးကြီးပါသည်။ အကယ်၍ အသင်းတော်သို့မဟုတ် အခြားသူတစ်ဦးသည် ၎င်းတို့ကိုယ်တိုင်ရွေးချယ်ထားသော တမန်တော်တစ်ဦးအား ခရစ်ဝင်ကျမ်းကို ရည်ညွှန်းခြင်းဖြင့်လက်ခံလိုပါက၊ ၎င်းတို့သည် ပိုမိုထင်ရှားသော တမန်တော်တစ်ဦးကို ရွေးချယ်ကြပေလိမ့်မည်။ သို့သော် ခရစ်ဝင်ကျမ်းများတွင် မဿဲကိုဖော်ပြခြင်းရှားပါးသည်။ သူ၏အမည်ကို ဤခရစ်ဝင်ကျမ်းတွင်မှားယွင်းစွာ ဖော်ပြခဲ့ခြင်းမဖြစ်နိုင်ပါ။

> ပထမဆုံးအနေနှင့်၊ ပထမရာစုမျက်မြင်သက်သေများ၏ အရေးပါမှုကို အသိအမှတ်ပြုရပါမည်။ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်ကို အလွန်အလေးထားပြီး၊ မည်သူမျှမျက်မြင်သက်သေများ၏ ထွက်ဆိုချက်ကိုပေါ့တန်စွာ မမှတ်ယူကြပါ။ ၎င်းသည် ဖြစ်ပျက်ခဲ့သည့်အရာများအကြောင်းကို ပြောရန်အတွက် မြင့်မြတ်သောအမျိုးအစားတစ်ခု ဖြစ်သည်။ ဒုတိယရာစုအစောပိုင်းတွင်၊ မဿဲခရစ်ဝင်ကျမ်းအား တမန်တော်မဿဲရေးသားထားခြင်းဖြစ်သည်ဟု Papias အမည်ရှိသူတစ်ဦးမှ ရေးသားခဲ့သည်ကိုလည်း ကျွန်ုပ်တို့သိကြသည်။ Papias သည် သူ၏သက်တမ်းကြောင့် တမန်တော်များကို ကိုယ်တွေ့သိနိုင်ဖွယ်ရှိသည်။ မဿဲခရစ်ဝင်ကျမ်းသည် တမန်တော်မဿဲမှရေးသားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်စိတ်ချနိုင်သည့် နောက်ဆုံးအကြောင်းရင်းသည်၊ မဿဲခရစ်ဝင်ကျမ်းတွင်မဿဲ၏အမည်ကို မဖော်ပြထားသော်လည်း၊ အမှန်တွင် ကျွန်ုပ်တို့၏ အစောဆုံးမှတ်တမ်းများမှ မဿဲခရစ်ဝင်ကျမ်းသည် ၎င်း၏စာရေးသူနှင့် အခွင့်အာဏာအဖြစ် တမန်တော်၏အမည်မပါဘဲ မည်သည့်အခါမျှ မဖြန့်ဝေဖူးခဲ့ပါ။
>
> **သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

မျက်မှောက်ခေတ်ဝေဖန်ရေးပညာရှင်အချို့သည် သမ္မာကျမ်းစာရေးသားမှုဆိုင်ရာ အခြားအစဉ်အလာအမြင်များစွာကို မေးခွန်းထုတ်သကဲ့သို့ပင်၊ တမန်တော်မဿဲသည် ပထမခရစ်ဝင်ကျမ်းကို ရေးခဲ့သည်ကို သံသယရှိခဲ့ကြသည်။ သို့သော် မဿဲအားဤခရစ်ဝင်ကျမ်းကို ရေးသားသူအဖြစ် ရှေးခေတ်သက်သေပြချက်အားလုံးသည်၊ ရှေးခေတ်စိန်ခေါ်မှုများ လုံးဝမရှိခြင်းနှင့်အတူ၊ ဤကျမ်းကို သူရေးသားခဲ့သည်ကို ယုံကြည်ရန် ခိုင်လုံသောအကြောင်းပြချက်ပေးသည်။

ဤပထမခရစ်ဝင်ကျမ်းကို မဿဲရေးခဲ့ကြောင်း အစဉ်အလာအမြင်ကို လေ့လာပြီးနောက်၊ ယခု မဿဲ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကို ပြန်ကြည့်သင့်ပါသည်။

## ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်း

မဿဲ၏ကိုယ်ရေးရာဇဝင်နှင့်ပတ်သက်သော အရေးကြီးသောအချက်အချို့ကို သမ္မာကျမ်းစာ သည်ကျွန်ုပ်တို့အား ဖော်ပြသည်။ ဥပမာ၊ သူသည် ဂျူးတစ်ဦးနှင့် အခွန်ခံတစ်ဦးဖြစ်ကြောင်း ဖော်ပြ သည်။ မဿဲသည် ဂျူးလူမျိုးဖြစ်သည်ဟူသောအချက်မှစ၍ ဤအသေးစိတ်အချက်နှစ်ချက်ကို သုံးသပ် ပါမည်။

မဿဲ၏ဂျူးလူမျိုးဆိုင်ရာအမွေအနှစ်ကို နည်းလမ်းများစွာဖြင့် ဖော်ပြသည်။ တစ်ချက်မှာ၊ သူ သည်ယေရှု၏တပည့်တော်တကျိပ်နှစ်ပါးထဲမှ တစ်ဦးဖြစ်ပြီး အားလုံးသည် ဂျူးလူမျိုးများဖြစ်သည်။ အခြားတစ်ခု၊ မဿဲ၌ ဂျူးလူမျိုးအမည်များရှိသည်။ မဿဲဟူသောအမည်သည် ဟေဗြဲဓမ္မဟောင်းကျမ်း မှ ဂျူးလူမျိုးအမည်ဖြစ်သည်။ မာကု ၂:၁၄ နှင့် လုကာ ၅:၂၈ တို့တွင် တွေ့ရသော သူ၏အခြားအမည်မှာ လေဝိဖြစ်သည်။ ဣသရေလအမျိုးအနွယ်၏အမည်ဖြစ်သည်။ ထို့ကြောင့်၊ မဿဲသည် ဂျူးလူမျိုးဖြစ် ကြောင်း အမည်နှစ်ခုလုံးသည် ဖော်ပြသည်။ မဿဲ၏ဂျူးမျိုးရိုးနှင့်ပတ်သက်၍ ဟေဗြဲဘာသာဖြင့်ရေး သားခဲ့သော ရှေးခရစ်ယာန်ဖော်ပြမှုများမှလည်း ကိုးကားနိုင်သည်။

မဿဲ၏ဂျူးလူမျိုးဆိုင်ရာအမွေအနှစ်များသည် သူ၏ခရစ်ဝင်ကျမ်းကိုနားလည်ရန် အရေးကြီး သောနောက်ခံသမိုင်းဖြစ်သည်။ အကြောင်းမှာ ၎င်းသည် သူ၏ဂျူးလူမျိုးအလေးပေးမှုကို ကွဲပြားစွာ အနက်ပြန်ရန် ကူညီပေးသောကြောင့်ဖြစ်သည်။ ဤသင်ခန်းစာနောက်ပိုင်းတွင် ဂျူးလူမျိုး၏စရိုက် လက္ခဏာဆိုင်ရာကို အသေးစိတ်လေ့လာပါမည်။ ထို့ကြောင့် ယခုတွင်၊ သာဓကပြနိုင်ရန်အတွက် ဥပမာ တစ်ခုသာ ဖော်ပြပါမည်။

မဿဲ ၁၅:၂၄ တွင်၊ ယေရှုသည် အောက်ပါအတိုင်း ဆိုခဲ့ကြောင်း မဿဲဖော်ပြသည်_

> ကိုယ်တော်ကလည်း၊ ဣသရေလအမျိုးအဝင် ပျောက်လွင့်သောသိုးများမှတပါး အခြားသောအမျိုးရှိရာသို့ ငါ့ကိုမစေလွှတ်ဟု မိန့်တော်မူ၏ (မဿဲ ၁၅:၂၄)။

အခြားသောခရစ်ဝင်ကျမ်းများထက်၊ ယေရှုသည် အထူးသဖြင့် ဣသရေလလူမျိုးထံသို့ ကြွလာခဲ့ ကြောင်း မဿဲအလေးပေးဖော်ပြခဲ့သည်။

မဿဲ၏ဂျူးလူမျိုးဆိုင်ရာအမွေအနှစ်များအပြင်၊ သူ့ဘဝ၏အခြားအချက်မှာ သူသည် အခွန် ကောက်ခံသူတစ်ဦးဖြစ်သည်။ ပထမရာစုတွင်၊ ပါလက်စတိုင်းရှိ ဂျူးအများသည် ရောမအင်ပါယာကိုယ် စားအခွန်ကောက်ခံခဲ့ကြသည်။ ဤအခွန်ကောက်သူအချို့သည် နယ်မြေတစ်ခုမှ အခြားတစ်ခုကို ကူး သန်းသောကုန်စည်များအပေါ်တွင် အခွန်ကောက်ခံပါသည်။ ၎င်းတို့သည် အခွန်ကောက်ခံရန်အခွင့်အာ ဏာအတွက် အစိုးရကိုအခကြေးပေးဆောင်ကြသည့် ပုဂ္ဂလိကစီးပွါးရေးလုပ်ငန်းရှင်များဖြစ်သည်။ ပြည်သူများထံ အခွန်ငွေကောက်ခံခြင်းကို တိုးမြင့်ခြင်းဖြင့် ၎င်းတို့၏ အမြတ်ငွေကို ရရှိသည်။ ရလဒ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အနေဖြင့်၊ ဤအခွန်ကောက်သူများသည် ငွေညှစ်သူများ၊ သူခိုးများအဖြစ် ရှုမြင်ခံရပြီး— ဤဂုဏ်သတင်းသည် မကြာခဏတရားမျှတပါသည်။

ထို့ကြောင့်၊ ဂျူးလူမျိုးအခွန်ခံများသည် ၎င်းတို့၏ အမျိုးသားချင်းများ၏အမြင်တွင် နှစ်ဆသော အပြစ်ရှိကြသည်။ ပထမ၊ သူတို့သည် မုန်းတီးခြင်းခံအုပ်စိုးသူရောမတို့၏ ကိုယ်စားလှယ်များဖြစ်သည်။ ဒုတိယ၊ သူတို့သည် ကိုယ်ကျိုးစီးပွားအတွက် ကိုယ့်လူမျိုးကို လုယက်ကြသည်။ သူတို့သည် အလွန်ဆိုးရွားပြီး ယုံကြည်ရဖွယ်မရှိဟု ယူဆရသောကြောင့် အစောပိုင်း ရဗ္ဗိစာပေများ၌ ဂျူးတရားရုံးတွင် သက်သေခံခြင်းမပြုရန် တားမြစ်ထားသည်။ ထို့အပြင်၊ အခွန်ခံများကိုလိမ်ညာခြင်းအား ထောက်ခံပြီး တရားမျှတသော ပုန်ကန်မှုလုပ်ရပ်အဖြစ် ချီးကျူးခံရသည်။

မဿဲ ၉း၉-၁၀ တွင် ယေရှု၏ခေါ်ခြင်းခံရမှုကို မဿဲမှတ်တမ်းတင်ပုံကို နားထောင်ပါ_

> ယေရှုသည်...မဿဲအမည်ရှိသော သူတယောက်သည် အခွန်ခံရာတဲ၌ ထိုင်နေသည်ကိုမြင်သော်၊ ငါ့နောက်သို့လိုက်လော့ဟု မိန့်တော်မူ၏။ ထိုသူသည်လည်း ထ၍ နောက်တော်သို့ လိုက်လေ၏။ ထိုနောက်မှ အိမ်တွင်စားပွဲ၌ လျောင်းတော်မူစဉ်၊ အခွန်ခံသောသူများနှင့် ဆိုးသောသူများတို့သည် လာ၍ ကိုယ်တော်မှစသော တပည့်တော်တို့နှင့်တကွ စားပွဲ၌လျောင်းကြ၏ (မဿဲ ၉း၉-၁၀)။

မဿဲသည် မိမိကိုယ်မိမိဖော်ပြရာတွင် ဟန်ဆောင်မှုကင်းပြီး၊ သူနှင့် အခြားအခွန်ခံများသည် ယေရှုခေတ်ကာလတွင် "အပြစ်သားများ" နှင့် ဆက်စပ်နေကြောင်း ပွင့်လင်းစွာ ဝန်ခံခဲ့သည်။ ထိုသို့လုပ်ဆောင်ခြင်းဖြင့် မဿဲ၊ ယေရှုနှင့် သူ၏ရေးသားထားသော ခရစ်ဝင်ကျမ်းသည် ဂျူးလူမျိုးခေါင်းဆောင်မှုနှင့် ဆန့်ကျင်ဘက်ဖြစ်စေခဲ့သည်။ ဤအစိတ်အပိုင်းကို မဿဲ၏ခရစ်ဝင်ကျမ်းတွင် မကြာခဏဖော်ပြသည်။ ဥပမာ၊ မဿဲ ၂၁:၃၁-၃၂ တွင် ဂျူးလူမျိုးတို့၏ခေါင်းဆောင်မှုကို ယေရှုဝေဖန်ပုံကို နားထောင်ပါ_

> ယေရှုကလည်း ငါအမှန်ဆိုသည်ကား၊ အခွန်ခံတို့နှင့် ပြည်တန်ဆာ တို့သည် သင်တို့အရင် ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်တတ်ကြ၏။ အကြောင်းမူကား၊ ယောဟန်သည် ဖြောင့်မတ်သောအကျင့်ကိုကျင့်၍ သင်တို့ဆီသို့ လာသော်လည်း သင်တို့မယုံကြည်ကြ။ အခွန်ခံတို့နှင့် ပြည်တန်ဆာတို့မူကား ယုံကြည်ကြ၏။ ထိုအကြောင်းကို သင်တို့သည် မြင်သော်လည်း ယုံကြည်မည်အကြောင်း နောက်တဖန်နောင်တမရကြ (မဿဲ ၂၁:၃၁-၃၂ )။

မဿဲသည် သူ၏အပြစ်ရှိသော ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းအကြောင်း ပွင့်လင်းစွာဖော်ပြလိုစိတ်သည် သူ၏ခရစ်ဝင်ကျမ်း၏အခြားအလေးပေးမှုနှင့်လည်း ဆက်စပ်နေနိုင်သည်၊ ဤသင်ခန်းစာနောက်ပိုင်းတွင် ကျွန်ုပ်တို့သည် ပို၍အနီးကပ်လေ့လာပါမည်။ ယေရှုသည် မိမိ၏နောက်လိုက်များတွင် နှိမ့်ချမှုကိုတောင်းဆိုသော နှိမ့်ချသောရှင်ဘုရင်တစ်ပါးဖြစ်သည်ဟူသောအချက်ကို မဿဲသည် အခြားခရစ်ဝင်ကျမ်းရေးသူများထက် အလေးပေးဖော်ပြသည်။ သူ၏အတိတ်ကို အသိအမှတ်ပြုခြင်းဖြင့် မဿဲသည် ကျေးဇူးတော်လိုအပ်ကြောင်းကိုဝန်ခံပြီး သူ့အားခေါ်တော်မူကာ ပြောင်းလဲစေခဲ့သော ရှင်ဘုရင်နောက်သို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

လိုက်လိုကြောင်း ကြေညာခဲ့သည်။ ယေရှုသည် သူ့အားဟေရုဒ်၏အပြစ်ရှိသောကျွန်ဘဝမှ ကောင်းကင်နိုင်ငံတော်ဆိုင်ရာ ခရစ်ဝင်ကျမ်း၏နှိမ့်ချသောကျွန်အဖြစ်သို့ ပြောင်းလဲပေးခဲ့သည်။

> ကျွန်ုပ်တို့၏ဘဝတွင်၊ နှိမ့်ချမှုသည် ပျော်ရွှင်နေသည့်ပုံစံမျိုးဖြစ်သင့်သည်၊ အခြားသူများတွင် ကောင်းသောအရာများ ဖြစ်ပျက်လာသောအခါ ကျွန်ုပ်တို့ ကျေနပ်မှုရှိသင့်သည်၊ အခြားသူများ တိုးတက်နေသောအခါ၊ အခြားသူများဂုဏ်ပြုခံရသောအခါ သို့မဟုတ် သူတို့၏လုပ်ဆောင်မှုများအောင်မြင်သောအခါတွင် ကျွန်ုပ်တို့ဝမ်းမြောက်ပါသည်။ ၎င်းအတွက် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျေးဇူးတင်ရှိပြီး ဘုရားသခင်အား ပထမနေရာတွင်ချီးမြှောက်ကာ ကျေးဇူးတင်လိုပါသည်။ ကျွန်ုပ်တို့၏အကျိုးအတွက်မဟုတ်ဘဲ အရာအားလုံးထက် ဘုရားသခင်၏အကျိုးအတွက် အသက်ရှင်လိုပါသည်။ ထို့ကြောင့်၊ နှိမ့်ချခြင်းသည် ဤသို့ဖြစ်လိမ့်မည်—ကျွန်ုပ်၏ အကျိုးစီးပွားကို ဖြည့်ဆည်းရန် မဟုတ်ဘဲ၊ ပထမအရာသည် အခြားသူတစ်ဦးထံမှဖြစ်စေ၊ ကျွန်ုပ်အားဖြင့်ဖြစ်စေ ဘုရားသခင်၏အလိုတော်ပြည့်စုံရန်သာဖြစ်သည်။
>
> **ဒေါက်တာ John E. McKinley**

အခု မဿဲရေးသည့်ပထမခရစ်ဝင်ကျမ်း၏ အစဉ်အလာအမြင်သည် မှန်ကန်ကြောင်းနှင့် သူ၏ပုဂ္ဂိုလ်ရေးဆိုင်ရာသမိုင်းကြောင်း အနည်းငယ်နှင့် ရင်းနှီးလာစေရန်၊ မဿဲရေးသားခဲ့သော မူလပရိသတ်၏အထောက်အထားကို ကျွန်ုပ်တို့ ရှာဖွေပါမည်။

## မူလပရိသတ်

မဿဲသည် သူ၏မူလပရိသတ်ကို အတိအကျ မဖော်ပြခဲ့ပါ။ သို့သော်သူတို့နှင့်ပတ်သက်သည့် သဲလွန်စအနည်းငယ်ကို သူပေးခဲ့သည်။ ကျွန်ုပ်တို့မြင်ရသည့်အတိုင်း မဿဲသည် ဂျူးလူမျိုးခရစ်ယာန်များအတွက် အဓိကရေးသားထားပုံဖြစ်သည်။

ရှေ့သင်ခန်းစာတစ်ခုတွင်ဖော်ပြခဲ့သည့်အတိုင်း၊ ခရစ်ဝင်ကျမ်းများအားလုံးကို ခရစ်ယာန်ပရိသတ်များအတွက် အထူးရေးသားထားခြင်း ဖြစ်သည်။ သို့သော် မဿဲ၏ခရစ်ဝင်ကျမ်းတွင် အလေးပေးမှုများစွာသည် ဂျူးလူမျိုးနောက်ခံသမိုင်းရှိသူ ခရစ်ယာန်ပရိသတ်များအတွက် အထူးကိုက်ညီစေသည်။ ဥပမာ၊ မဿဲသည် ဓမ္မဟောင်းကျမ်းကို အခြားသော ခရစ်ဝင်ကျမ်းရေးသူများထက် ပို၍ကိုးကားသည်။ ဓမ္မဟောင်းမျှော်လင့်ချက်များကို သခင်ယေရှုဖြည့်ဆည်းပေးသည့် နည်းလမ်းများကို မကြာခဏထောက်ပြသည်။ ယေရှုသည် ရာစုနှစ်ပေါင်းများစွာ ဂျူးများစောင့်မျှော်ခဲ့သော မေရှိယရှင်ဘုရင်ဖြစ်ကြောင်း အထူးအလေးပေးဖော်ပြသည်။ မယုံကြည်သူဂျူးလူမျိုးခေါင်းဆောင်များနှင့် ယေရှု၏ ပဋိပက္ခများတွင် ပြဿနာများအပေါ် အခြားသောခရစ်ဝင်ကျမ်းရေးသူများထက် ပိုအသေးစိတ်ဖော်ပြသည့် သူ၏အလေး

ပေးမှုမှာလည်း ပေါ်လွင်နေသည်။ ထို့အပြင် မဿဲသည် ဓမ္မဟောင်းပညတ်တရားနှင့် အထူးသဖြင့်ယေရှု၏သခင်အဖြစ် ဆက်ဆံခြင်းအပေါ် အကြီးမားဆုံးအာရုံပြုထားသည်။

ဤသင်ခန်းစာ၏နောက်ပိုင်းတွင် ဤအလေးပေးမှုအချို့ကို ပိုမိုအသေးစိတ်လေ့လာပါမည်။ ထို့ကြောင့်၊ ဤယခုတွင်၊ ဂျူးလူမျိုးပရိသတ်ထံရေးသားခဲ့သော “ကောင်းကင်နိုင်ငံတော်” ဟူသောစကားစုကို မဿဲအသုံးပြုခြင်းမှအစပြုပြီး ဥပမာနှစ်ခုကိုဖော်ပြပါမည်။

## ကောင်းကင်နိုင်ငံတော်

ရှေ့သင်ခန်းစာတစ်ခုတွင်၊ ခရစ်ဝင်ကျမ်းလေးစောင်စလုံးသည် ဘုရားသခင့်နိုင်ငံတော်၏အကြောင်းအရာဖြင့် ပေါင်းစည်းထားကြောင်း မှတ်သားခဲ့သည်။ သို့သော် မဿဲသည် “ဘုရားသခင်၏နိုင်ငံတော်” ဟူသော အသုံးအနှုန်းကိုအသုံးပြုခဲ့သည်။ ၎င်းအစား ယေဘူယျအားဖြင့် “ကောင်းကင်နိုင်ငံတော်” ဟူသော စကားစုကို အသုံးပြုသည်။ မဿဲခရစ်ဝင်ကျမ်းသည် ဤအသုံးအနှုန်းကို အသုံးပြုသည့် သမ္မာကျမ်းစာ၌တစ်ခုတည်းသောကျမ်းဖြစ်သည်။ စကားစုနှစ်ခုလုံးသည် တူညီသောအရာကို ဆိုလိုသည်။

ဘုရားသခင်ကို ကြည်ညိုသောကြောင့် ဂျူးများသည် မြင့်မြတ်သောနာမတော်ကို မကြာခဏရှောင်ကြဉ်ကြသည်—သို့မဟုတ် ၎င်းနှင့်နီးစပ်သည့်အရာကို—ဘုရားသခင့်နာမတော်ကို အချည်းနှီးမသုံးစေရန်အတွက်ဖြစ်သည်။ ၎င်းတို့လုပ်ဆောင်ခဲ့သော နည်းလမ်းတစ်ခုသည် “ဘုရားသခင်” ဟူသောစကားလုံးအား“ကောင်းကင်” ဟူသော စကားလုံးဖြင့် အစားထိုးခြင်းဖြစ်သည်။ “ကောင်းကင်နိုင်ငံတော်” ဟူသောစကားစုကို မဿဲအသုံးပြုသောအခါ ဤသည်မှာအတိအကျပင် ဖြစ်သည်။ Synoptic ခရစ်ဝင်ကျမ်းများတွင်တွေ့ရသော အပြိုင်ကျမ်းပိုဒ်များနှင့် နှိုင်းယှဉ်ကြည့်သောအခါ၊ အခြားသော ခရစ်ဝင်ကျမ်းရေးသူများသည် “ဘုရားသခင်၏နိုင်ငံတော်” ဟူသော အသုံးအနှုန်းအား မဿဲသည်“ကောင်းကင်နိုင်ငံတော်” ဟူ၍ အသုံးပြုသည်ကို တွေ့ရသည်။

> မဿဲသည် အခြားခရစ်ဝင်ကျမ်းများတွင် “ဘုရားသခင်၏နိုင်ငံတော်” အဖြစ်ရည်ညွှန်းသည့်အရာအား သူ၏ခရစ်ဝင်ကျမ်းတွင် အချိန်တိုင်းနီးပါး “ကောင်းကင်နိုင်ငံတော်” ဟူသောစကားစုကိုအသုံးပြုသည်။ မဿဲသည် ဂျူးကျမ်းရေးသူ၊ ခရစ်တော်ကိုယုံကြည်သူဂျူးတစ်ဦး ဖြစ်သောကြောင့် “ဘုရားသခင်၏နိုင်ငံတော်” ဟူသောစကားစုကို အသုံးပြုသည့်အကြိမ်အချို့ရှိပါသည်။ ဂျူးလူမျိုးများအတွက်၊ ဘုရားသခင်၏နာမတော်သည် အလွန်သန့်ရှင်းသောကြောင့် “ကောင်းကင်” ဟူသော စကားစုကိုအသုံးပြုခြင်းသည် ဘုရားသခင်ကို ရည်ညွှန်းသည့် အခြားနည်းလမ်းဖြစ်သည်။ အခြားသောခရစ်ဝင်ကျမ်းတစ်ခုတွင် “ကောင်းကင်နှင့်မြေကြီးကို ကျွန်ုပ်ပြစ်မှားပြီ”ဟုဖတ်ရသည်။ ဆိုလိုသည်မှာ “ကျွန်ုပ်သည် ဘုရားသခင်ကို ပြစ်မှားမိပြီ။”“ကောင်းကင်နိုင်ငံတော်” ဟူသော စကားစုကို ကျွန်ုပ်တို့ကြားသောအခါ လွဲမှားစွာထင်မြင်မိသည့်အန္တရာယ်မှာ “အိုး၊ အလွန်

> သိမ်မွေ့နူးညံ့သောနှင့် အားရဖွယ်မကောင်းသော… ကောင်းကင်နိုင်ငံတော်— မမြင်နိုင်ပါ”ဟူ၍ဖြစ်သည်။ သို့သော် အမှန်တကယ်၌၊ ဘုရားသခင်သည် ယေရှု ခရစ်အားဖြင့်ယခုအခါ ဤလောက၏ရှင်ဘုရင် အမှန်တကယ် ဖြစ်သည်ဟူသော အယူအဆဖြင့် ဘုရားသခင်၏နိုင်ငံတော်အကြောင်း ပြောဆိုနေခြင်းဖြစ်သည်။ ထို့ကြောင့် နောက်ပိုင်းတွင်“ကောင်းကင်နိုင်ငံတော်” ကို ခရစ်ယာန်များ၏နား လည်လွဲမှားနိုင်သည့် အန္တရာယ်အမှန်တကယ်ရှိသည်။ အမှန်တွင်၊ ဘုရားသခင် သည် ရှင်ဘုရင်ဖြစ်ပြီး ကျွန်ုပ်အားဖြင့် ရှင်ဘုရင်ဖြစ်လာသည်ဟု ယေရှုမိန့်တော် မူသည်။
>
> **ဒေါက်တာ Peter Walker**

မာကု ၄:၃၀-၃၁ တွင် မုန်ညင်းစေ့ပုံဥပမာအကြောင်း မာကု၏မှတ်တမ်းကို နားထောင်ပါ_

> ယေရှုမိန့်တော်မူသည်မှာ_ ထိုမှတပါး ဘုရားသခင်၏နိုင်ငံတော်ကို အဘယ်သို့ ပုံပြရအံ့နည်း။ အဘယ်ဥပမာနှင့် ခိုင်းနှိုင်းရအံ့ နည်းဟူမူကား၊ မုန်ညင်းစေ့နှင့်တူ ၏။ မုန်ညင်းစေ့သည် မြေ၌စိုက်သောအခါ မြေ၌ရှိသော အစေ့တကာတို့ထက် ငယ် သော်လည်း၊ စိုက်ပြီးမှ အပင်ပေါက်၍ (မာကု ၄:၃၀-၃၁)။

ဤနေရာတွင် မာကုသည် ဘုရားသခင်၏နိုင်ငံတော်ဟူသော စကားစု၏ ပုံမှန်ပုံစံကို အသုံးပြုခဲ့ သည်။ သို့သော် မဿဲ ၁၃:၃၁ တွင် မဿဲ၏ပုံဥပမာကို နားထောင်ပါ_

> အခြားသောဥပမာစကားကို မိန့်မြွက်တော်မူသည်ကား၊ ကောင်းကင်နိုင်ငံတော် သည် လယ်၌စိုက်သော မုန်ညင်းစေ့နှင့်တူ၏ (မဿဲ ၁၃:၃၁)။

မဿဲသည် ဤတူညီသောအဖြစ်အပျက်ကို ပြန်ပြောသောအခါ၊ “ဘုရားသခင်၏နိုင်ငံတော်” ဟု မာကု၏အသုံးအနှုန်းကို “ကောင်းကင်နိုင်ငံတော်” ဟူသောအသုံးအနှုန်းဖြင့် အသုံးပြုခဲ့သည်။

> ကောင်းကင်နိုင်ငံတော်ဟု မဿဲခေါ်သည့် မာကုနှင့် လုကာတွင် ဘုရားသခင်၏ နိုင်ငံတော်ဟု တွေ့ရသော တူညီသောကျမ်းပိုဒ်နှင့် နှိုင်းယှဉ်ကြည့်သောအခါ၊ ၎င်း တို့သည် တူညီသော အကိုးအကားရှိကြောင်း၊ တူညီသောအရာကို ရည်ညွှန်း ကြောင်းသိမြင်ရန် တိကျသောနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ မဿဲကို ခြုံငုံ ဖတ်ကြည့်သောအခါတွင်၊ ကောင်းကင်ဘုံ၌ ဘုရားသခင်ကို မြေကြီးပေါ်လူသား များနှင့် ခြားနားစေသည့် အဓိကအကြောင်းအရာကို သင်တွေ့မြင်ရလိမ့်မည်။ ကောင်းကင်နိုင်ငံတော်ဟု ခေါ်သော ဘုရားသခင်၏နိုင်ငံတော်ဆိုင်ရာလုပ်ဆောင် ပုံနှင့် ဤလောက၏နိုင်ငံတော်များဟု ကျွန်ုပ်တို့ခေါ်သော လူသားမျိုးနွယ်၏ အုပ်ချုပ်ပုံ၊ အုပ်စိုးခြင်းနည်းလမ်း၊ ပြုမူနေထိုင်ပုံ၊ အချင်းချင်းအပေါ် ပြုမူဆက်ဆံ

> ပုံတို့ ဖြစ်သည်။ မဿဲအနေဖြင့် ကောင်းကင်နိုင်ငံတော်အကြောင်းပြောရန်သည် ဤလောက၏အရာများနှင့် ကောင်းကင်ဘုံ၌စိုးစံပြီး တစ်ဖန်ကြွလာမည်ဟု ကတိပြုထားသော ကောင်းကင်ဘုံရှင်ကျွန်ုပ်တို့၏ဖခင်တို့ကြား ခြားနားချက်ကို သူခံစားရရန် အလွန်အားကောင်းသောနည်းလမ်းဖြစ်သည်။ ထို့ကြောင့် မဿဲ၏ ကောင်းကင်နိုင်ငံတော်အသုံးအနှုန်း၏ ဆိုလိုရင်းသည် မဖြစ်သေးသော ဘုရားသခင်၏ အုပ်စိုးမှုကြား ခြားနားချက်ကို ခံစားမြည်းစမ်းကြည့်ရန်နှင့် ဤကမ္ဘာမြေကြီး၏ အုပ်စိုးမှု၊ အုပ်ချုပ်မှုအားလုံးနှင့် ဤအဖြစ်မှန်နှစ်ခုကြား အမှုအရာများ ခြားနားမှုရှိပြီး၊ မဿဲသည် "ကောင်းကင်နိုင်ငံတော်" ကိုအသုံးပြု၍ ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်ကြွလာချိန်တွင် ခံစားမှု၊ အရသာနှင့် မျှော်လင့်ချက်တို့အတွက် ကျွန်ုပ်တို့အားကူညီပေးသည်။

**ဒေါက်တာ Jonathan T. Pennington**

ဂျူးလူမျိုးလူထုအား ယေရှုမိန့်ဆိုပုံနှင့်ပတ်သက်၍ မဿဲသည်ထိန်းသိမ်းထားပြီး၊ မာကုနှင့် အခြားဧဝံဂေလိကျမ်းရေးသူများသည် ယေရှု၏ဆိုလိုချက်ကို ကျယ်ပြန့်သောပရိသတ်များအတွက် ပိုမိုရှင်းလင်းစေရန် "ဘုရားသခင်၏နိုင်ငံတော်" ဟူသော စကားစုကို အသုံးပြုခဲ့ကြသည်ဟု ကျမ်းပညာရှင်များစွာ ယုံကြည်ကြသည်။ သို့သော် ၎င်းသည် မှန်သည်ဖြစ်စေ မမှန်သည်ဖြစ်စေ၊ "ကောင်းကင်နိုင်ငံတော်" ဟူသောစကားစုကို မဿဲအသုံးပြုခြင်းသည် သူ၏မူလပရိသတ်သည် ဂျူးလူမျိုးဖြစ်ကြောင်း ရှုမြင်ပုံကို အလေးသာစေသည်။

## ဂျူးလူမျိုးတို့၏ဓလေ့ထုံးစံများ

ရှင်မဿဲခရစ်ဝင်ကျမ်းသည် ဂျူးလူမျိုးပရိသတ်ကို ဦးတည်ရေးသားကြောင်း နောက်ထပ်ရှုထောင့်သည် ပရိသတ်များသည် ဂျူးဓလေ့ထုံးစံများကို အများအပြားသိကြသည်ဟု မဿဲ၏ယူဆပုံဖြစ်သည်။ ဥပမာတစ်ခုအနေနှင့်၊ မဿဲ ၁၅:၁-၂ တွင် ဤအဖြစ်အပျက်ကို မှတ်တမ်းတင်ခဲ့သည်–

> ထိုအခါ ယေရုရှလင်မြို့သားဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့သည် ချဉ်းကပ်ပြီးလျှင်၊ ရှေးဟောင်းတို့မှဆက်ခံသော နည်းဥပဒေကို ကိုယ်တော်၏တပည့်တို့သည် အဘယ်ကြောင့်လွန်ကျူး ကြပါသနည်း။ သူတို့သည် လက်မဆေးဘဲ အစာစားကြပါသည်တကားဟု လျှောက်ကြလျှင် (မဿဲ ၁၅:၁-၂)။

မာကုသည် သူ၏ခရစ်ဝင်ကျမ်း ၇:၁-၅ တွင် ဤတူညီသောဇာတ်လမ်းကို ထည့်သွင်းခဲ့သည်။ သို့သော် မာကုသည် ဓလေ့ထုံးစံကို ရောမပရိသတ်များ နားလည်စေရန် ဂျူးလူမျိုးတို့၏ လက်ဆေးခြင်းဓလေ့ထုံးတမ်းဆိုင်ရာ ကျမ်းချက်သုံးပိုဒ်ကို ထပ်ဖြည့်ခဲ့သည်။ မဿဲအနေဖြင့် သူ၏ပရိသတ်အတွက် ဤသို့ရှင်းပြချက်မျိုး ထပ်ထည့်ရန်မလိုဟု ခံစားရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယခု မဿဲသည် ဂျူးလူမျိုးပရိသတ်အတွက် ရေးသည်ဟု ယူဆပါက၊ သူ၏ခရစ်ဝင်ကျမ်းသည် နေရာလွဲနေပုံရသည့် ထူးခြားချက်တစ်ခု ရှိနေသည်။ သာဓကအနည်းငယ်တွင်၊ မဿဲသည် ယေရှု၏ အာရမိတ်ဘာသာစကားကို ကိုးကားပြီး ထိုအာရမိတ်စကားများကို သူ၏ပရိသတ်ဘာသာစကားသို့ ပြန်ဆိုခဲ့သည်။ ဥပမာ၊ မဿဲ ၂၇:၄၆ ကို နားထောင်ပါ_

> သုံးချက်တီးအချိန်၌ ယေရှုက၊ ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိဟု ကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား၊ အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား၊ အဘယ်ကြောင့်အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း ဟု ဆိုလိုသတည်း (မဿဲ ၂၇:၄၆)။

သူ၏ပရိသတ်သည် အဓိကဂျူးလူမျိုးများဖြစ်ကြသော်လည်း မဿဲသည် အဘယ်ကြောင့် ဤသို့ ရေးခဲ့သည်ကို ရှင်းပြချက်အမျိုးမျိုးရှိသည်။ ပထမ၊ သူ၏ပရိသတ်သည် အဓိကအားဖြင့် ဂျူးလူမျိုးဖြစ်သော်လည်း ဂျူးလူမျိုးများသာမဟုတ်ပါ။ ထို့ကြောင့်၊ ဤဘာသာပြန်များကို သူ၏စာဖတ်သူများကြား ဂျူးမဟုတ်သူများအတွက် ထည့်သွင်းထားခြင်းဖြစ်ပေမည်။ ဒုတိယ၊ မဿဲ၏ပရိသတ်သည်အာရမိတ်ကို မသိသောပါလက်စတိုင်းပြင်ပတွင်နေထိုင်သူများ ပါဝင်ပေမည်။ တတိယ၊ မဿဲသည် အခြားသတင်းရင်းမြစ်တစ်ခုမှ အချက်အလက်များကို ကူးယူထားခြင်းဖြစ်နိုင်သည်။ ဥပမာ၊ မဿဲ ၂၇:၄၆ မှဖော်ပြချက်သည် မဿဲအနေဖြင့် အရင်းအမြစ်အဖြစ်အသုံးပြုခဲ့နိုင်သည့် မာကု ၁၅:၃၄ တွင်လည်း တွေ့ရသည်။

အဖြစ်အပျက်အားလုံးတွင်၊ ထိုသူတို့အတွက် အထူးအရေးကြီးသည့် ပြဿနာများစွာကို ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ယေရှုအပေါ် သူတို့၏ယုံကြည်ခြင်းကို ခိုင်ခံ့စေရန် မဿဲသည် သူ၏ခရစ်ဝင်ကျမ်းကို အဓိကအားဖြင့် ဂျူးလူမျိုးခရစ်ယာန်များအတွက် ရေးခဲ့ကြောင်း သက်သေအထောက်အထားများသည် အခိုင်အမာဖော်ပြသည်။

ယခု ကျွန်ုပ်တို့သည် ပထမခရစ်ဝင်ကျမ်း၏ ကျမ်းရေးသူနှင့် ပရိသတ်ကိုလေ့လာပြီးနောက်၊ ၎င်း၏ဖွဲ့စည်းမှုအချိန်အခါကို ဆက်လက်လေ့လာကြပါမည်။

## အချိန်အခါ

စာအုပ်တစ်အုပ်၏ "အချိန်အခါ" အကြောင်းပြောသောအခါ၊ ၎င်း၏သမိုင်းကြောင်းဆိုင်ရာ အကြောင်းအရာများနှင့် ဆက်စပ်နေသည့်—၎င်း၏ဖွဲ့စည်းပုံရက်စွဲ၊ ၎င်း၏ဖွဲ့စည်းမှုတည်နေရာ၊ ၎င်း၏ရည်ရွယ်ထားသော ပရိသတ်၏တည်နေရာနှင့် ရေးသားခြင်း၏ရည်ရွယ်ချက်ကဲ့သို့သော အရာများစွာ ကျွန်ုပ်တို့ စိတ်ထဲတွင်ရှိပါသည်။ ကျမ်းတစ်အုပ်ကို မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သူ့ထံ၊ အဘယ်ကြောင့်ရေးသည်စသည်တို့ကို သိခြင်းသည် ၎င်း၏အကြောင်းအရာနှင့်ပတ်သက်သော အချက်အလက်များစွာကို ပေးစွမ်းနိုင်ပါသည်။ ကျွန်ုပ်တို့အား ၎င်း၏သမိုင်းဆိုင်ရာသတ်မှတ်ချက်များ၊ သဒ္ဒါနှင့် ဝေါဟာရ၊ ဘာသာတရားနှင့် လူမှုရေးဆိုင်ရာယူဆချက်များနှင့် စကားအသုံးအနှုန်း ဗျူဟာများကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နားလည်ရန် ကူညီပေးသည်။ တစ်ဖန်၊ ဤအချက်အလက်သည် ကျမ်းကိုနားလည်ပြီး လက်တွေ့အသုံးချရန် ကျွန်ုပ်တို့အားကူညီပေးသည်။

မဿဲ၏ခရစ်ဝင်ကျမ်းကို ရေးသားခြင်းအတွက် အချိန်အခါ၏ကဏ္ဍသုံးရပ်ကို ကျွန်ုပ်တို့ သုံးသပ်ပါမည်_ ပထမ၊ ရေးသားသည့်ရက်စွဲ၊ ဒုတိယ ကျမ်းရေးသူနှင့် ပရိသတ်နှစ်ဦးလုံး၏ တည်နေရာ၊ တတိယ မဿဲရေးသားခဲ့သော ရည်ရွယ်ချက်ဖြစ်သည်။ မဿဲခရစ်ဝင်ကျမ်းရက်စွဲဖြင့် အစပြုကြပါစို့။

# ရက်စွဲ

ပထမ၊ ပညာရှင်အများစုယုံကြည်သကဲ့သို့ မဿဲသည် ရှင်မာကုခရစ်ဝင်ကျမ်းကို သူ၏ရင်းမြစ်များထဲမှ တစ်ခုအဖြစ်အသုံးပြုခဲ့သည်။ နောက်ပိုင်းသင်ခန်းစာတွင် တွေ့ရသည့်အတိုင်း မာကုအား အေဒီ ၆၄ ခန့်၌ ရေးခဲ့နိုင်သည်။ ၎င်းမှန်ကန်ပါက၊ မဿဲ ရေးခဲ့သည့် အစောဆုံးရက်စွဲသည် ၆၀ အလယ်ပိုင်းမှ နှောင်းပိုင်းအတွင်း ဖြစ်သည်။

ဒုတိယ၊ မဿဲသည် ယေရှု၏တမန်တော်ဖြစ်သည်။ ဆိုလိုသည်မှာ အေဒီ ၃၀ နှစ်တွင်၊ ယေရှုနှင့် သာသနာအမှုဆောင်ခြင်းတွင် သူသည်အရွယ်ရောက်ပြီးသူဖြစ်နေပြီဟု ဆိုလိုသည်။ ထို့ကြောင့် မဿဲသည် ထူးခြားစွာအသက်ရှည်ခြင်းမရှိပါက၊ သူရေးသားနိုင်သည့် နောက်ဆုံးရက်စွဲသည် ပထမရာစု အကုန်တွင် ဖြစ်လိမ့်မည်။

၎င်းသည် ကျွန်ုပ်တို့အား မဿဲရေးသားနိုင်လောက်သော အချိန်ပမာဏကို ပေးပါသည်။ သို့သော် မဿဲ၏ရေးသားမှုတွင် အထူးအသေးစိတ်အချက်တစ်ချက်ကို သတိပြုခြင်းဖြင့် ဤအကွာအဝေးအတွင်း ဖြစ်နိုင်ခြေရှိသော ရက်စွဲများကို တိကျစေနိုင်သည်။ အထူးသဖြင့်၊ မဿဲသည် ဗိမာန်တော်အကြောင်းနှင့် ဗိမာန်တော်နှင့် နီးကပ်စွာဆက်နွယ်နေသော ဇဒ္ဒုကဲများကို မကြာခဏ ရည်ညွှန်းလေ့ရှိသည်။ ဤအကိုးအကားများထဲမှ အချို့သည် သမိုင်းမှတ်တမ်းများဖြစ်သော်လည်း အချို့သောကိုးကားချက်များသည် မဿဲရေးသားသည့်အချိန်၌ ဗိမာန်တော်နှင့် ဇဒ္ဒုကဲများ နှစ်ဦးစလုံးသည် အရေးပါသောအချက်များ ဖြစ်နေဆဲဖြစ်ကြောင်း ညွှန်ပြသည်။ အေဒီ ၇၀ တွင် ဗိမာန်တော် ဖျက်ဆီးခံရသည့်အတွက် ထိုအချိန်မတိုင်မီ မဿဲရေးခဲ့လျှင် ဤကိုးကားချက်များသည် အသင့်တော်ဆုံးဖြစ်သည်။

အထောက်အထားအားလုံးအရ မဿဲသည် အေဒီ ၆၀ နှောင်းပိုင်းတွင် သူ၏ခရစ်ဝင်ကျမ်းကို ရေးသားခဲ့သည်မှာ အကောင်းဆုံးဖြစ်သည်ဟု ကောက်ချက်ချနိုင်သည်။ ၆၇ သို့မဟုတ် ၆၈ ဖြစ်နိုင်ပါသည်။ အတိအကျပြောရန်မှာ အဖြစ်နိုင်ပါ။ သို့သော် မဿဲရေးသည့်အချိန်ကို အနီးစပ်ဆုံးသိရန် အထောက်အကူဖြစ်စေသော်လည်း၊ သူ၏သွန်သင်ချက်များကိုဝေဖန်ပိုင်းခြားမည်ဆိုလျှင် သူ၏ခရစ်ဝင်ကျမ်း၏ တိကျမှန်ကန်သောအချိန်သည် မရှိသလောက်နည်းပါသည်။

ယခု ကျွန်ုပ်တို့သည် ဤခရစ်ဝင်ကျမ်းကို ရေးသားသည့်ရက်စွဲကို ကြည့်ရှုပြီးသောအခါ၊ ကျမ်းရေးသူနှင့် ပရိသတ်များ၏ ပထဝီဝင်တည်နေရာဆိုင်ရာမေးခွန်းကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## နေရာ

ပညာရှင်များသည် ဤခရစ်ဝင်ကျမ်း၏တည်နေရာအပေါ် အခြေအတင်ဆွေးနွေးကြသည်ကို သတိပြုခြင်းဖြင့် စတင်သင့်သည်၊ ကျွန်ုပ်တို့ကောက်ချက်ချရာတွင် တစ်ယူသန်မဖြစ်သင့်ပါ။ သို့သော် မှတ်သားထိုက်သည့် အသေးစိတ်အချက်များစွာ ရှိပါသည်။

အစပိုင်းတွင်၊ မဿဲသည် ဂျူးလူမျိုးခရစ်ယာန်များထံ အဓိကရေးသားခဲ့သောကြောင့်၊ ဂျူးလူမျိုး များပြားစွာနေထိုင်သောဒေသတွင်ရှိ ဂျူးလူမျိုးအုပ်စုအား သူ၏ခရစ်ဝင်ကျမ်းကို ဟောကြားခဲ့ခြင်းဖြစ် နိုင်ချေရှိသည်။ ပါလက်စတိုင်းသည် ထင်ရှားသောဖြစ်နိုင်ခြေတစ်ခုဖြစ်သည်၊ ဤသည်မှာ ဂျူးများ၏ ရိုးရာမွေးရပ်မြေဖြစ်ပြီး၊ ၎င်းတို့သည် ထိုနေရာတွင် အာရုံစိုက်ထားသောကြောင့်ဖြစ်သည်။

သို့သော် ဆီးရီးယား၏အစိတ်အပိုင်းများ၌လည်း ဂျူးလူမျိုး အများအပြားရှိခဲ့ပါသည်။ ဆီးရီး ယားရှိအန္တိအုတ်မြို့၏ဘုန်းတော်ကြီးဖြစ်သော Ignatius သည် မဿဲ၏ခရစ်ဝင်ကျမ်းနှင့် ရင်းနှီးကျွမ်းဝင် မှုကိုပြသသည့် အစောဆုံးသော အသင်းတော်ဖခင်ဖြစ်သည်။ ထို့ကြောင့် မဿဲသည် ဆီးရီးယားနိုင်ငံ အန္တိအုတ်မြို့ရှိ ယုံကြည်သူများထံရေးခဲ့သည်ဟု ပညာရှင်အများထောက်ပြခဲ့ကြသည်။ ဟုတ်ပါသည်၊ မဿဲသည် ယေဘူယျအားဖြင့် မြေထဲပင်လယ်ဒေသတစ်ခွင်ရှိ ဂျူးလူမျိုးခရစ်ယာန်များထံ ရေးသား၍၊ စိတ်ထဲတွင်ပိုမိုကျယ်ပြန့်သောပရိသတ်ရှိနေသည့် ဖြစ်နိုင်ချေကို ကျွန်ုပ်တို့ မငြင်းနိုင်ပါ။ ပါလက်စတိုင်း၊ ဆီးရီးယား သို့မဟုတ် ရောမအင်ပါယာအတွင်း သိသာထင်ရှားသော ဂျူးလူမျိုးများနေထိုင်သည့် အခြား ဒေသသည် ခိုင်မာသောဂျူးလူမျိုးစရိုက်ရှိသော မဿဲ၏ခရစ်ဝင်ကျမ်းအတွက် သင့်လျော်သောနေရာ ဖြစ်ပေမည်။

> အေဒီ ပထမရာစုအတွင်းတွင်၊ ဂျူးလူမျိုးများသည် ရောမအင်ပါယာ၏ ဒေသ အနှံ့အပြားတွင် ပြန့်ခဲ့ပြီး၊ အမှန်စင်စစ်အားဖြင့်၊ အရှေ့ဘက်တွင်လည်း ပြန့်နှံ့ ခဲ့သည်။ ဤသို့ဖြစ်သည်မှာ အချိန်ကာလကြာပြီ ဖြစ်သည်။ ဗာဗုလုန်တွင်ကျွန်ခံရ ချိန်မှစ၍ ပါလက်စတိုင်းပြင်ပတွင် ဂျူးလူမျိုးများ နေထိုင်လာခဲ့သည်။ သူတို့ သည် အရှေ့ပိုင်းဒေသ၌ယခင်ကဲ့သို့ပင် ဆက်၍နေထိုင်ခဲ့ကြသည်။ ၎င်းသည် မက်ဆိုပိုတေးမီးယားတွင်ရှိသော မျက်မှောက်ခေတ် အီရတ်နိုင်ငံ ဖြစ်သည်။ ထို့နောက် သူတို့သည် ဆီးရီးယား၊ ဒမတ်စကတ်သို့ ရောက်ကြပြီး၊ ထို့နောက် Diaspora အဖြစ်သို့ —၎င်းသည် ဂျူးလူမျိုးတို့၏ ပြန့်ပွားခြင်းသို့မဟုတ် ပျံ့နှံ့ ခြင်း၏ အမည်ဖြစ်သည်— အာရှမိုင်းနား၊ ခေတ်သစ်တူရကီနှင့် ရောမမြို့အထိ အနောက်ဘက်သို့ ပျံ့နှံ့သွားသည်— ရောမမြို့ရှိ Tiber မြစ်ဘေး နေထိုင်ကြသော ဂျူးလူမျိုးများ—မြောက်အာဖရိကကိုလည်း မမေ့ပါ။ မြောက်အာဖရိကမှ ဂေါ့ဂ ဆလင်သို့ ကြွလာသော… Cyrene မြို့သား ရှိမုန်၏ ခရစ်ဝင်ကျမ်းများတွင် ကျွန်ုပ် တို့ ဖတ်ရပါသည်။ ထို့ကြောင့် ရောမအင်ပါယာ၏ အရှေ့ဘက်ခြမ်းတစ်ဝက်နှင့် ထိုထက်မကအရှေ့ဘက်တွင် ဂျူးလူမျိုးများနေထိုင်ရာနေရာကို စိတ်ကူးကြည့်နိုင် သည်။

**ဒေါက်တာ Peter Walker**

ယခု ကျွန်ုပ်တို့သည် မဿဲ၏ခရစ်ဝင်ကျမ်း၏ရက်စွဲနှင့်တည်နေရာနှစ်ခုလုံးကို လေ့လာပြီးသော အခါ၊ သူ၏ခရစ်ဝင်ကျမ်းကိုရေးသားရာတွင် မဿဲ၏ရည်ရွယ်ချက်ကို သုံးသပ်ပါမည်။

## ရည်ရွယ်ချက်

အကျယ်အားဖြင့်ပြောရလျှင်၊ မဿဲသည် ယေရှုမည်သူဖြစ်သည်ဟူသောသမိုင်းအမှန်နှင့် သူပြုခဲ့ သည့်အရာသည် အလွန်အရေးကြီးသောကြောင့် ရေးခဲ့သည်။ သို့သော် သူ့ထံ၌ တိကျသော တိုက်ရိုက် ပန်းတိုင်များရှိခဲ့သည်။ အထူးသဖြင့်၊ မဿဲသည် ဂျူးလူမျိုးခရစ်ယာန်များထံ ယေရှုအားငင်းတို့၏ မေရှိယရှင်ဘုရင်အဖြစ် သူတို့၏ယုံကြည်ခြင်းကို ပြုစုပျိုးထောင်ပေးရန် ရေးခဲ့သည်။

မဿဲရေးသားသည့်အချိန်၌၊ ခရစ်ယာန်ဘာသာသို့ ကူးပြောင်းသူများကို ဂျူးအာဏာပိုင်များ၊ ယခင်မိတ်ဆွေများနှင့် မိသားစုဝင်များသည် ပြင်းထန်စွာ ငြင်းပယ်ခဲ့သည်။ ထိုနေ့ခေတ်ကာလ မြေထဲ ပင်လယ်ဒေသတွင် ညှဉ်းပန်းနှိပ်စက်ခြင်းသည် ဂျူးလူမျိုးခရစ်ယာန်များအတွက် ဘဝအသက်ရှင်ခြင်း လမ်းစဉ်ဖြစ်လာကြောင်း တမန်တော်ဝတ္ထုသည် ရှင်းလင်းစွာဖော်ပြထားသည်။ တမန်တော်ဝတ္ထု ၈:၁ ကို ဖတ်ရှုပါက_

> ထိုအခါယေရုရှလင်မြို့၌ ရှိသော အသင်းတော် သည် ပြင်းစွာ သောညှဉ်းဆဲခြင်း ကိုခံရသဖြင့် တမန်တော် တို့မှတပါး သင်းဝင်သူ အပေါင်းတို့သည် ယုဒပြည်၊ ရှမာရိပြည်အရပ်ရပ်တို့၌ အနှံ့အပြားကွဲပြား ကြ၏ (တမန်တော်ဝတ္ထု ၈:၁)။

နှိပ်စက်ညှဉ်းပန်းမှုကြောင့်၊ ယေရှုအားသူတို့၏မေရှိယအဖြစ် ယေရှုနောက်တော်လိုက်သော ဂျူး များသည် ၎င်းတို့၏ယခင်ဘဝသို့ ပြန်သွားရန် သွေးဆောင်ခံရပြီး ခရစ်ယာန်ဘာသာကို စွန့်လွှတ်ရန် ရင် ဆိုင်ခဲ့ရသည်။ ဤသွေးဆောင်မှုကို တုံ့ပြန်သည့်အနေနှင့်၊ ယေရှုသည် ကောင်းကင်နိုင်ငံတော်ကိုယူ ဆောင်လာခဲ့သည့် စစ်မှန်သောမေရှိယဖြစ်ကြောင်း သူတို့ကို သတိပေးရန် မဿဲရေးခဲ့သည်။ သူ၏ခရစ် ဝင်ကျမ်းသည် တိုက်တွန်းခွန်အားပေးခြင်း၊ နှစ်သိမ့်မှုပေးခြင်းဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။ သို့သော် ယေရှုသည် သူတို့အများမျှော်လင့်ထားသည့်အတိုင်း နိုင်ငံတော်ကို ယူဆောင်လာခြင်းမရှိသည့်အပြင်၊ နိုင်ငံတော်၏တောင်းဆိုချက်များသည်လည်း ကြီးမားသောကြောင့် ၎င်းသည် စိန်ခေါ်မှုဇာတ်လမ်းတစ်ပုဒ် လည်းဖြစ်သည်။

ဤအခြေအနေတွင်၊ မေရှိယနိုင်ငံတော်ဆိုင်ရာ ဓမ္မဟောင်းမျှော်လင့်ချက်များကို ယေရှုသည် ဖြည့်ဆည်းပေးနေပြီဖြစ်ကြောင်း သူ၏စာဖတ်သူများကို မဿဲသည်စိတ်ချစေခဲ့သည်။ တစ်ချိန်တည်းမှာ ပင်၊ ကောင်းကင်နိုင်ငံတော်သည် မပြည့်စုံသေးပါ။ ထို့ကြောင့်၊ မဿဲသည် ရှင်ဘုရင်ကိုယ်တိုင် ပြန်လာ ချိန်အထိ အရာအားလုံးကို မှန်ကန်စေရန်အတွက် —ယေရှုသည် သူ၏နိုင်ငံတော်၏ရန်သူများကို ဖျက်ဆီးပြီး၊ သူ၏သစ္စာရှိလူများကို သူ၏နိုင်ငံတော်ကောင်းချီးမင်္ဂလာများကို အပြည့်အဝခံစားရန်

ကြိုဆိုသည့်တိုင်အောင် ဂျူးယုံကြည်သူများကို သစ္စာရှိစွာနေထိုင်ရန် အားပေးတိုက်တွန်း ရေးသားခဲ့သည်။

ထို့ကြောင့် မဿဲသည် ကောင်းကင်နိုင်ငံတော်၏ အကြောင်းအရာကို မကြာခဏပြောလေ့ရှိသည်။ အမှန်တကယ်တွင်၊ သူသည် သူ၏ခရစ်ဝင်ကျမ်းတွင် "ရှင်ဘုရင်" နှင့် "နိုင်ငံတော်" ဟူသောစကားလုံးများကို ၇၅ ကြိမ်မက အသုံးပြုခဲ့သည်။ အခြားသော ခရစ်ဝင်ကျမ်းရေးသူ သုံးဦးတို့သည် ၎င်းတို့ကို သုံးဦးအကြိမ်ပေါင်း ၁၁၀ အောက်သာ အသုံးပြုခဲ့ကြသည်။ မဿဲအတွက်၊ သူ၏ဂျူးလူမျိုးပရိသတ်များကို ခွန်အားပေးပြီး စိန်ခေါ်ရန် အကောင်းဆုံးနည်းလမ်းသည် သူတို့၏မေရှိယရှင်ဘုရင်နှင့် သူ၏နိုင်ငံတော်အကြောင်း ပြောပြခြင်းဖြစ်သည်။

> မဿဲ၏ခရစ်ဝင်ကျမ်းတွင် ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်၍ ကြီးမားသောအလေးပေးမှုကို တွေ့ရှိရသည်။ ယေရှုသည် မှန်ကန်သောအမွေခံဖြစ်ကြောင်း၊ ဒါဝိဒ်အမျိုးမှဆင်းသက်သောရှင်ဘုရင်ဖြစ်ကြောင်းပြသရန် ရည်ရွယ်ချက်ဖြင့် ယေရှု၏မျိုးရိုးဖြင့် သူ၏ခရစ်ဝင်ကျမ်းကို စတင်ခဲ့သည်။ ဤဒါဝိဒ်အမျိုးမှဆင်းသက်သောရှင်ဘုရင်သည် နာဇရက်မြို့သားယေရှုဖြစ်သည်။ သူ၏မူလပရိသတ်သည် အဓိကအားဖြင့် ဂျူးလူမျိုးပရိသတ်များဖြစ်သည်ကို ကျွန်ုပ်တို့ယုံကြည်သည်၊ "ဤသူသည် သင်တို့၏မှန်သောရှင်ဘုရင်ဖြစ်သည်" ဟု လူတို့အားပြောပြရန် ဖြစ်သည်။ ထို့ပြင် "ကောင်းကင်နိုင်ငံတော်" ဟူသောအသုံးအနှုန်းသည် လူအားလုံးနှင့် နယ်ပယ်အားလုံးအပေါ် ခရစ်တော်၏အုပ်စိုးခြင်းကို ရည်ညွှန်းကြောင်း အခိုင်အမာသရုပ်ပြခြင်းဖြင့် ကောင်းကင်နိုင်ငံတော်အား ဤခရစ်ဝင်ကျမ်းတွင် အလေးပေးဖော်ပြသည်။ အာဏာပိုင်များဖြစ်သည့်ဖာရိရှဲများနှင့် ဇဒ္ဒုကဲတို့သည် ယေရှုအား "ဤအရာများကို မည်သည့်အခွင့်အာဏာဖြင့်ပြုသနည်း" ဟု မေးခွန်းအစဉ်မေးသည်။ ခရစ်ဝင်ကျမ်းသည် သခင်ယေရှုပြောခဲ့သောစကားများဖြင့် အဆုံးသတ်သည် "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ။" ဤနိုင်ငံတော်၏အယူအဆသည် လူများမျှော်လင့်ပြီး ရှာဖွေကြသည့် အမျိုးသားရေးစိတ်ဓါတ်၊ ဒါဝိဒ်အမျိုးမှဆင်းသက်သောရှင်ဘုရင်ထက်များစွာ ပိုပါသည်။ ၎င်းသည် ခရစ်တော်သည် ဖန်ဆင်းခြင်းရှိသမျှကို အုပ်စိုးသောရှင်ဘုရင်ဖြစ်ကြောင်း မဿဲပြောသောစကားဖြစ်သည်။
>
> **ဒေါက်တာ Jim Maples**

ယခု ကျွန်ုပ်တို့သည် မဿဲ၏ခရစ်ဝင်ကျမ်း၏နောက်ခံသမိုင်းကို လေ့လာပြီးနောက်၊ ခရစ်ဝင်ကျမ်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာကို လေ့လာကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဖွဲ့စည်းပုံနှင့် အကြောင်းအရာ

မဿဲခရစ်ဝင်ကျမ်း၏ အသွင်သဏ္ဍာန်အချို့နှင့်ပတ်သက်၍ ပညာရှင်တို့အကြား သဘောတူညီချက်ရှိသည်။ ဤသဘောတူညီချက်သည် မဿဲသည်ကျွန်ုပ်တို့ကို အလွန်အသုံးဝင်သည့်သော့တစ်ခု ပေးထားသောအချက်ကြောင့် ဖြစ်သည်။ ကွဲပြားသောအချက်ငါးချက်တွင်၊ "ထိုဒေသနာတော်ရှိသမျှတို့ကို ယေရှုသည် အကုန်အစင်ဟောတော်မူပြီးလျှင်..." ဟူသော စကားစုကို ခရစ်ဝင်ကျမ်း၏ အဓိကအကူးအပြောင်းများကိုညွှန်ပြရန် သုံးသည်။ တစ်ခါတစ်ရံတွင် ဤကဲ့သို့သောဖော်ပြချက်သည် အစိတ်အပိုင်းတစ်ခု၏နောက်ဆုံးဝါကျစာကြောင်းတွင်ဖြစ်ပြီး၊ အခြားအချိန်များတွင် ၎င်းသည် အစိတ်အပိုင်းအသစ်တစ်ခု၏ ပထမဝါကျစာကြောင်းဖြစ်သည်။ သို့သော် အကူးအပြောင်းကို အစဉ်ညွှန်ပြသည်။

ဤဖွဲ့စည်းပုံဆိုင်ရာ အမှတ်အသားများကို လိုက်နာပြီး၊ မဿဲခရစ်ဝင်ကျမ်းကို အပိုင်းခုနစ်ပိုင်းခွဲထားကြောင်း ပညာရှင်အများစု သဘောတူကြသည်။ အသွင်ကူးပြောင်းရေးဆိုင်ရာဖော်ပြချက်များတွင် အဓိက ကဏ္ဍငါးခုရှိသည် မဿဲ ၇:၂၈၊ ၁၁:၁; ၁၃:၅၃; ၁၉:၁ နှင့် ၂၆:၁။ နိဒါန်းဇာတ်ကြောင်းတစ်ခုနှင့် နိဂုံးချုပ်သည့် ဇာတ်ကြောင်းတစ်ခုလည်း မဿဲတွင်ပါဝင်သည်။

ခရစ်ဝင်ကျမ်းသည် မဿဲ ၁:၁–၂:၂၃ တွင် ယေရှုအား မေရှိယရှင်ဘုရင်အဖြစ် တင်ပြသည့် နိဒါန်းဇာတ်ကြောင်းဖြင့် စတင်သည်။

ပထမအဓိကအစိတ်အပိုင်းသည် မဿဲ ၃:၁–၇:၂၉ တွင် နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရားကို ဖော်ပြသည်။

ဒုတိယအဓိကအစိတ်အပိုင်းသည် မဿဲ ၈:၁–၁၁:၁ တွင် နိုင်ငံတော်ပြန့်ပွားခြင်းကို အထူးပြုသည်။

တတိယအဓိကအစိတ်အပိုင်းသည် မဿဲ ၁၁:၂–၁၃:၅၃ တွင် နိုင်ငံတော်၏နိမိတ်လက္ခဏာများနှင့် ပုံဥပမာများကို မှတ်တမ်းတင်ထားသည်။

စတုတ္ထအဓိကအစိတ်အပိုင်းသည် ၁၃:၅၄ မှစတင်ကာ ယုံကြည်ခြင်းနှင့် ကြီးမြတ်ခြင်းအပေါ် အထူးပြုပြီး ၁၈:၃၅ အထိ ဖြစ်သည်။

ပဥ္စမနှင့် ဆဌမအဓိကအစိတ်အပိုင်းသည် မဿဲ ၁၉:၁–၂၅:၄၆ တွင် နိုင်ငံတော်၏ မျက်မှောက်ခေတ်ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် နိုင်ငံတော်၏အနာဂတ်အောင်မြင်ခြင်းအကြောင်း ဖြစ်သည်။

နောက်ဆုံးတွင်၊ မဿဲ ၂၆:၁–၂၈:၂၀ တွင် ရှင်ဘုရင်၏အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအကြောင်းကို ဖော်ပြသည့် နိဂုံးချုပ်တစ်ခုရှိသည်။

မဿဲခရစ်ဝင်ကျမ်း၏ ဤအပိုင်းတစ်ခုစီသည် ကောင်းကင်နိုင်ငံတော်အား မြေကြီးပေါ်သို့ ပို့ဆောင်ပေးခဲ့သော မေရှိယရှင်ဘုရင် ယေရှု၏ဇာတ်လမ်းကို ထပ်လောင်းဖော်ပြသည်။ မဿဲ ၁:၁–၂:၂၃ ပါ နိဒါန်းမှစ၍ ဤကဏ္ဍတစ်ခုစီကို အနီးကပ်ကြည့်ရှုကြပါစို့။

# နိဒါန်း_မေရှိယရှင်ဘုရင်

မဿဲ၏ခရစ်ဝင်ကျမ်းနိဒါန်းသည် မေရှိယရှင်ဘုရင်အဖြစ် ယေရှုအား မိတ်ဆက်ပေးထားပြီး၊ အပိုင်းနှစ်ပိုင်းဖြင့် ဖွဲ့စည်းထားသည်_ မျိုးရိုးစဉ်ဆက်နှင့် ငယ်စဉ်ကလေးဘဝဇာတ်ကြောင်းဖြစ်သည်။

## မျိုးရိုးစဉ်ဆက်

မျိုးရိုးစဉ်ဆက်နှင့်ပတ်သက်၍ မဿဲ ၁:၁-၁၇ တွင် တွေ့ရှိရသည်။ နည်းစနစ်အရ၊ အမှန်တကယ်တွင် ပထမအခန်းငယ်သည် နိဒါန်း သို့မဟုတ် ခေါင်းစဉ်တစ်ခုဖြစ်ပြီး၊ မဿဲသည်သူ၏အဓိကအချက်ဖြစ်သော ယေရှုသည် မေရှိယရှင်ဘုရင်ဖြစ်သည်ဟူ၍ အကျဉ်းချုပ်ဖော်ပြခဲ့သည်။ မဿဲ ၁:၁ တွင်အောက်ပါအတိုင်း ရေးထားသည်_

> အာဗြဟံနှင့် ဒါဝိဒ်တို့မှဆင်းသက်တော်မူသော ယေရှုခရစ်၏ ဆွေတော်စဉ်မျိုးတော်ဆက်စာရင်း ဟူမူကား၊ (မဿဲ ၁:၁)။

အစကတည်းကပင်၊ မဿဲသည် ဣသရေလရှင်ဘုရင်ဒါဝိဒ်နှင့် ဂျူးလူမျိုးတို့၏ဖခင် အာဗြဟံကို အထူးအလေးပေးခဲ့သည်။

ဤနိဒါန်းဖော်ပြချက်ပြီးနောက်၊ အခန်းငယ် ၂ တွင်မျိုးရိုးစဉ်ဆက် စတင်သည်။ မဿဲ ၁:၁၇ အရ မျိုးရိုးစဉ်ဆက်ကို အပိုင်းသုံးပိုင်းခွဲထားပြီး တစ်ခုစီတွင် မျိုးဆက်ဆယ့်လေးဆက်ပါရှိသည်။ အာဗြဟံ၏ သားစဉ်မြေးဆက်များ ကမ္ဘာကြီးကို အုပ်စိုးမည်ဟု ကတိပြုထားသည့် ပထမအပိုင်းသည် အာဗြဟံနှင့် ဘုရားပြုသောပဋိညာဉ်ဖြစ်သည်။

ဒုတိယအပိုင်းသည် ရှင်ဘုရင်ဒါဝိဒ်နှင့်စတင်ကာ ဒါဝိဒ်မင်းဆက်ကို ထာဝစဉ်တည်စေခြင်းအားဖြင့်၊ အာဗြဟံနှင့် သူ၏ပဋိညာဉ်ကို ပြည့်စုံစေမည့် ဘုရားသခင်၏ကတိတော်ဖြစ်သည်။ ဤဒုတိယအပိုင်းသည် သူတို့၏အပြစ်နှင့် ပဋိညာဉ်ဖောက်ဖျက်မှုကြောင့် ဘုရားသခင်၏လူများကို ကတိထားရာပြည်မှ နှင်ထုတ်ခြင်းဖြင့် အဆုံးသတ်သည်။

မျိုးရိုးစဉ်ဆက်၏ တတိယအပိုင်းသည် ကျွန်ခံရခြင်းမှ ယေရှုမွေးဖွားချိန်အထိဖြစ်သည်။ ဣသရေလလူမျိုးသည် ဘုရားသခင်၏ပဋိညာဉ်ကို ချိုးဖောက်ပြီး ဘုရားသခင်၏ပဋိညာဉ်ကျိန်ခြင်းများအောက်တွင် ကျဆုံးခဲ့သည်။ သို့သော် ဘုရားသခင်သည် အာဗြဟံနှင့်ဒါဝိဒ်အား သူပေးခဲ့သောကတိတော်များကို ဖြည့်ဆည်းခြင်းဖြင့် ဣသရေလလူမျိုးကို ကောင်းချီးပေးရန် ရည်ရွယ်ထားဆဲဖြစ်သည်။ ဣသရေလ၏ ယခင်ရှင်ဘုရင်များ ကျရှုံးခဲ့သည်။ ယခုမူကား၊ ဣသရေလ၏ကြမ္မာကို ဖြည့်ဆည်းပေးမည့် နောက်ဆုံးဣသရေလရှင်ဘုရင်သည် ရောက်ရှိလာပြီဖြစ်သည်။ ယေရှု၏ဘိုးဘေးများစာရင်းသည် မဿဲ ၁:၁၆ တွင်အဆုံးသတ်သည်၊ ဤစကားများကိုဖတ်ရသည်_

> ယာကုပ်မြင်သောသားကား၊ မာရိ၏ ခင်ပွန်းယောသပ်တည်း။ ထိုမာရိသည် ခရစ်ဟုခေါ်ဝေါ်သမုတ်သော ယေရှု၏ မယ်တော်ဖြစ်၏ (မဿဲ ၁:၁၆)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤနည်းအားဖြင့်၊ ယေရှုသည် ခမည်းတော်ယောသပ်မှတစ်ဆင့် ဒါဝိဒ်၏ရာဇပလ္လင်ကို အပြည့် အဝတရားဝင်ထုတ်ဖော်ကြောင်း မဿဲသက်သေပြခဲ့သည်။

> ပရောဖက်ပြုချက်ဆိုင်ရာ ဗျာဒိတ်တော်သည် အခြေခံအားဖြင့် ကြိုဟောထားသောကြောင့် မေရှိယသည် ဒါဝိဒ်၏သားစဉ်မြေးဆက်တစ်ဦး ဖြစ်ရမည်။ ၎င်းသည် ကမ္ဘာဦးကျမ်းသို့ ဦးတည်နေသည်။ ဒါဝိဒ်နောက်တော်သို့လိုက်သော ရှင်ဘုရင်တိုင်းသည် နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ နှိုင်းယှဉ်ခံရသည်။ ထိုသို့ဆိုလျှင်၊ ဒါဝိဒ်ကိုယ်တိုင်ပြုသည့် ပဋိညာဉ်ရှိသည်။ ဗိမာန်တော်ဆောက်ရန် ပရောဖက်နာသန်ထံ ဒါဝိဒ် အဆိုပြုသောအခါ၊ နာသန်သည် ပြန်လာ၍ "ထာဝရဘုရားအဘို့ အိမ်တော်ကို မဆောက်ရ။ ထာဝရဘုရားသည် သင့်အဖို့ အိမ်တော်ကို ဆောက်တော်မူမည်။" အိမ်တော်ဟုဆိုခြင်းသည် မင်းဆက်ဟု အဓိပ္ပါယ်ရသည်။ ၎င်းသည် ၂ ဓမ္မရာဇဝင် ၇ တွင်တွေ့ရပြီး၊ ဘုရားသခင်သည် သူ့အတွက် အိမ်တစ်လုံးဆောက်မည်၊ သူ၏သားစဉ်မြေးဆက်သည် ဒါဝိဒ်၏ရာဇပလ္လင်ပေါ်တွင် ထာဝစဉ်စိုးစံမည်အကြောင်း ပရောဖက်ပြုချက်သည် နောက်ဆက်တွဲဖြစ်သော မေရှိယဆိုင်ရာ ပရောဖက်ပြုချက်များအတွက် အခြေခံအုတ်မြစ်ဖြစ်လာခဲ့သည်။ ထို့ကြောင့်၊ ပြိုလဲပြီးနောက် ပရောဖက်များ ပြန်လည်ရည်ညွှန်းသောအခါ—အထူးသဖြင့် ဒါဝိဒ်မင်းဆက်၊ ဒါဝိဒ်နိုင်ငံတော်—ဘုရားသခင်သည် ဒါဝိဒ်မင်းဆက်၏ ဘုန်းအသရေကို ပြန်လည်ရရှိစေမည့် မျှော်လင့်ချက်ကို ကိုးကား၍ စောင့်မျှော်သောအခါ၊ ဒါဝိဒ်အမျိုးအနွယ်အားဖြင့် ဘုရားသခင်သည် ရှင်ဘုရင်တစ်ပါးကို ပေါ်ထွန်းစေတော်မူမည်အကြောင်းဖြစ်သည်။ ထို့ကြောင့်၊ ရှင်ဘုရင်၊ မေရှိယသည် ဒါဝိဒ်၏မျိုးရိုးမှ ဆင်းသက်ရပေမည်။
>
> **ဒေါက်တာ Mark L. Strauss**

ယေရှု၏မျိုးရိုးစဉ်ဆက်ကိုလိုက်၍ ကိုယ်တော်၏ငယ်စဉ်ကလေးဘဝဇာတ်ကြောင်းကို ကျွန်ုပ်တို့တွေ့ရှိခဲ့သည်။

## ကလေးအရွယ် ဘဝဇာတ်ကြောင်း

ယေရှု၏ ကလေးအရွယ်ဘဝဇာတ်ကြောင်းသည် မဿဲ ၁:၁၈–၂:၂၃ မှစတင်သည်။ ဤအပိုင်းသည် လုကာခရစ်ဝင်ကျမ်းရှိ ၁၁၆ ပိုဒ်နှင့် နှိုင်းယှဉ်လျှင် ၃၁ ပိုဒ်မျှသာရှိသည့် အကျဉ်းဖော်ပြချက်ဖြစ်သည်။ ဤကဏ္ဍတွင်၊ မဿဲ၏ရည်ရွယ်ချက်သည် အကန့်အသတ်ရှိသည်။ စာပိုဒ်တိုင်းခုမှ တစ်ခုစီသည် ဗဟိုအချက်တစ်ချက်ကို အာရုံစိုက်ရန် ပုံစံပြုထားသည်_ ယေရှုမေရှိယသည် မွေးဖွားခဲ့သည်။ စာပိုဒ်တစ်ခုစီသည် ဇာတ်လမ်းအကျဉ်းကို ဖော်ပြသည်၊ ထို့နောက် ထိုဇာတ်လမ်းသည် မေရှိယအတွက် ဓမ္မဟောင်း မျှော်လင့်ချက်များကို မည်သို့ဖြည့်ဆည်းပေးကြောင်း ရှင်းပြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သခင်ယေရှု၏ ကလေးအရွယ်ဘဝဇာတ်ကြောင်းတွင် ကျွန်ုပ်တို့လေ့လာသင်ယူခဲ့သော စိတ်ဝင်စားစရာအကောင်းဆုံးအရာတစ်ခုမှာ သူ့တွင် လူသားဖခင်မရှိခြင်းပင်ဖြစ်သည်။ ၎င်းအစား ဘုရားသခင်သည် သူ၏ဖခင်ဖြစ်သည်—စာသားအရ။ သန့်ရှင်းသောဝိညာဉ်တော်သည် အပျိုကညာဖြစ်သော်လည်း မာရိအားယေရှုကို ပဋိသန္ဓေယူစေခဲ့သည်။

ယခု၊ ခရစ်ယာန်ဘာသာကိုဝေဖန်သူအချို့သည် ယေရှုသည် ဒါဝိဒ်၏ရာဇပလ္လင်ကိုဆက်ခံခဲ့သော ယောသပ်၏ရုပ်ပိုင်းဆိုင်ရာသားစဉ်မြေးဆက်မဟုတ်သောကြောင့် ယေရှု၏မျိုးရိုးစဉ်ဆက်တွင်အားနည်းချက်ဖြစ်ကြောင်း အကြံပြုကြသည်။ သို့သော် ဂရာဇဝင်ချုပ် ၁-၉ တွင် သမ္မာကျမ်းစာမျိုးရိုးစဉ်ဆက်များသည် မွေးစားမိဘများမှတစ်ဆင့် မျိုးရိုးများကို မကြာခဏခြေရာခံကြောင်း ကောင်းစွာအသိအမှတ်ပြုသည့်အချက်ဖြစ်သည်။

ထို့အပြင်၊ ယေရှုသည် ဘုရားသခင်၏သားတော်ဖြစ်သောကြောင့်၊ သူသည်လည်း ပြည့်စုံသော ဘုရားဖြစ်တော်မူသည်။ ၎င်းသည် ဘုရားသခင်၏ ပဋိညာဉ်ကို ပြီးပြည့်စုံအောင် ထိန်းသိမ်းနိုင်ခဲ့ကြောင်း ဆိုလိုသည်။ လူ့ဘုရင်များသည်သာလျှင် ဘုရားသခင်၏ပဋိညာဉ်ကို နာခံခြင်းလုံးဝမရှိခဲ့ပါ။ ထို့ကြောင့်၊ အာဗြဟံနှင့် ဒါဝိဒ်အား ဘုရားသခင်ကတိပြုထားသည့် ပဋိညာဉ်ကောင်းချီးမင်္ဂလာများ အားလုံးကို ၎င်းတို့သည်မည်သည့်အခါမှ အမွေမခံရနိုင်ပါ။ ထို့ကြောင့်၊ ဘုရားသခင်သည် သူ၏ စုံလင်သောသားတော်ကို ရှင်ဘုရင်ဖြစ်စေရန်စေလွှတ်ခဲ့ပြီး၊ သူ၏ ပဋိညာဉ်ကို စောင့်ထိန်းရန်၊ သို့မှသာ သူ၏ကတိတော်ကောင်းချီးများ ပြည့်စုံမည်ဖြစ်သည်။

> မေရှိယသည် ဒါဝိဒ်၏မျိုးရိုးမှတစ်ဆင့် လူသားအဖြစ် ကြွလာကြောင်း ထင်ရှားပါသည်။ ထို့ပြင် ၎င်းတွင် အရေးကြီးသည့်သမ္မာတရားများစွာရှိသည်။ သို့သော် မေရှိယသည်လည်း ဘုရားသခင်ဖြစ်ရမည်ဟူသည်ကို သဘောပေါက်ရန်လည်း အရေးကြီးပါသည်။ အဘယ်ကြောင့်ထိုသို့ဖြစ်သနည်း။ နောက်ဆုံးတွင်၊ ဘုရားသခင်ရှေ့တော်၌ လူသားများဖြစ်သော ကျွန်ုပ်တို့၏ပြဿနာသည် ကိုယ်တော်ကို ပြစ်မှားခြင်း ဖြစ်သည်။ သူသည် အဖြေပေးရပါမည်။ သူသည် ဖြေရှင်းချက်ပေးရပါမည်။ ဘုရားသခင်ရှေ့၌ ကျွန်ုပ်တို့၏အပြစ်သည် ကိုယ်တော်လျစ်လျူရှုနိုင်သော အရာမဟုတ်ပါ။ ၎င်းသည် ခွင့်လွှတ်ခြင်း၏ပြဿနာဖြစ်သည်ဟု ပြောလိုပါသည်။ "အဆင့်ကို ငါပြုပြင်ပေးမည်"သို့မဟုတ် "သင်အကောင်းဆုံးလုပ်ပါ"ဟု သူပြောနိုင်သောအရာ မဟုတ်ပါ။ ဘုရားသခင်သည် သန့်ရှင်းသောဘုရားဖြစ်သည်။ ဘုရားသခင်သည် ဖြောင့်မတ်ပြီး တရားမျှတသည်။ ကျွန်ုပ်တို့၏အပြစ်ကို ကိုယ်တော် လျစ်လျူမရှုနိုင်ပါ။ ၎င်းသည် သူ့ကိုယ်သူ ငြင်းဆိုခြင်းဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်ုပ်တို့ကို ခွင့်လွှတ်ရန်၊ သူအစပြုရပါမည်။ သူသည် နောက်ဆုံးတွင်၊ မိမိ၏ဖြောင့်မတ်သောလိုအပ်ချက်များကို ကျေနပ်စေမည့်အဖြေကို ပေးရမည်ဖြစ်သည်။ ၎င်းကို ဘုရားသခင်ကိုယ်တိုင်လုပ်ရပါမည်။ ယခု ဓမ္မဟောင်းကျမ်းကို သင်ဖတ်ရှုသောအခါ၊ ဤအရာသည် အကြိမ်ကြိမ်ဖြစ်ပေါ်ပါသည်။ ယောန ၂:၉ ကို သင်တွေးကြည့်ပါ_ “ကယ်တင်ခြင်းသည် ထာဝရဘုရားထံ

> မှဖြစ်သည်။" ပေးရမည့်သူသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ဖြေရှင်းချက်ပေးရမည့်သူသည် ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ခွင့်လွှတ်ရမည့်သူသည် ဘုရားသခင်ပင်ဖြစ်သည်။ ထို့ကြောင့် မေရှိယအားဖြင့် ကယ်တင်ခြင်းရရှိမည်ဆိုပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်စားပြုရမည်—လူသားဖြစ်ရမည်။ သို့ရာတွင်၊ သူသည်လည်း သခင်ဖြစ်ရမည်။ ကြွလာတော်မူသောသခင်။ ကယ်တင်တော်မူသောသခင်။ သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်းတို့ကို ကျေနပ်စေသောသခင်၊ ထို့ကြောင့် မေရှိယသည် ဘုရားဖြစ်ရမည်။
>
> **ဒေါက်တာ Stephen J. Wellum**

သူ၏ခရစ်ဝင်ကျမ်းနိဒါန်းတွင် မဿဲသည် အာဗြဟံနှင့် ဣသရေလလူတို့အား ဘုရားသခင်ကတိပြုထားသည့် ကောင်းချီးမင်္ဂလာအားလုံးကို လက်ခံရရှိသည့် ဒါဝိဒ်၏သားတော် မေရှိယရှင်ဘုရင်အဖြစ် ယေရှုအား တင်ပြခဲ့သည်။ ဤနည်းအားဖြင့်မဿဲသည် သူ၏ကျမ်း၏ကျန်ရှိသောအကြောင်းအရာဖြစ်သည့် အံ့သြဖွယ်သတင်းကောင်းအတွက် အခြေအနေကိုချမှတ်ခဲ့သည်။

နိဒါန်းပြီးနောက်တွင် ခရစ်ဝင်ကျမ်း၏ အဓိကစာပေအစိတ်အပိုင်း ငါးခုရှိသည်။ ဤအစိတ်အပိုင်းငါးခုမှတစ်ခုစီတွင် အပိုင်းနှစ်ပိုင်းပါဝင်သည်_ ယေရှုပြုခဲ့သောအရာကို ဖော်ပြသည့် ဇာတ်ကြောင်းအပိုင်းတစ်ခု၊ ထို့နောက်တွင် ယေရှုမိန့်ကြားခဲ့သည့် ဟောပြောချက်အပိုင်းတစ်ခု ဖြစ်သည်။

# နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရား

မဿဲ၏ခရစ်ဝင်ကျမ်း၏ပထမအဓိကအစိတ်အပိုင်းသည် ကောင်းကင်နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရားကို ဖော်ပြသည်။ ဤအပိုင်းသည် မဿဲ ၃:၁–၇:၂၉ တွင်တွေ့ရသည်။

## မေရှိယ ကြွလာခဲ့သည်

ဇာတ်ကြောင်းအပိုင်းသည် မဿဲ ၃:၁ တွင်စတင်ပြီး ၄:၂၅ တွင်အဆုံးသတ်သည်။ ဤတွင်၊ မေရှိယရှင်ဘုရင် ကြွလာ၍ ကောင်းကင်နိုင်ငံတော်ကို မြေကြီးပေါ်သို့ ယူဆောင်လာကြောင်း မဿဲကြေငြာခဲ့သည်။

ဇာတ်ကြောင်း၏ပထမအပိုင်းသည် မဿဲ ၃:၁-၁၂ ဖြစ်ပြီး၊ ဘုရားသခင်၏မေရှိယသည် မကြာမီကြွလာကာ သူ၏သစ္စာရှိလူများကို သန့်ရှင်းသောဝိညာဉ်တော်ဖြင့် နှစ်ခြင်းပေးမည်ဖြစ်ကြောင်း နှစ်ခြင်းဆရာယောဟန် ကြေညာခဲ့သည်။ အနှစ် ၄၀၀ တိုင်၊ ဘုရားသခင်သည်သူ၏ ရိုင်းစိုင်းသောလူမျိုးကို တရားစီရင်ခြင်းကြောင့် သန့်ရှင်းသောဝိညာဉ်တော်သည် ဣသရေလလူတို့တွင် လှုပ်ရှားမှုမရှိခဲ့ပါ။ ယခုမူကား၊ ဓမ္မဟောင်းပရောဖက်များ ဟောပြောထားသည့်အတိုင်း၊ ဘုရားသခင်၏ ဝိညာဉ်တော်သွန်းလောင်းမည့်နေ့သစ်သည် ရောက်တော့မည်ဖြစ်သည်။

ဇာတ်ကြောင်းသည် မဿဲ ၃:၁၃-၁၇ တွင် ယေရှု၏နှစ်ခြင်းခံခြင်းနှင့် ဆက်ထားသည်။ ဤအဖြစ်အပျက်တွင်၊ သန့်ရှင်းသောဝိညာဉ်တော်သည် ယေရှုအပေါ်သို့ ဆင်းသက်လာပြီး၊ သူ၏မေရှိယသာသနာအမှုတော်အတွက် ဘိသိက်ပေးကာ၊ ခမည်းတော်သည် “ဤသူကား ငါနှစ်သက်မြတ်နိုးရာ၊ ငါ၏ချစ်သားပေတည်း ” ဟု ကောင်းကင်ဘုံမှ မိန့်တော်မူခဲ့ပြီး၊ ဆာလံ ၂:၇ မှ တော်ဝင်ဘွဲ့အမည်ကို ယေရှုထံပေးခဲ့သည်။

ဟေရှာယ ၄၂:၁-၂ တွင်ဝေဒနာခံစားနေရသော ကျွန်အား ဘုရား၏အသံသည် “ငါနှစ်သက်မြတ်နိုးရာငါရွေးချယ်သောသူ"ဟု ယေရှုကိုဖော်ပြခြင်းအားဖြင့် ညွှန်ပြသည်။ ယေရှုသည် မေရှိယဖြစ်သည်၊ သို့သော် သူသည် ခြားနားသောရှင်ဘုရင်ဖြစ်လိမ့်မည်။ သူ၏ခေါ်တော်မူခြင်းတာဝန်ကို ဝေဒနာခံစားခြင်းအားဖြင့် ပြည့်စုံစေတော်မူမည်။

မဿဲ ၄:၁-၁၁ တွင်တွေ့ရသော ဇာတ်ကြောင်း၏အခြားဇာတ်လမ်းတွင်၊ စာတန်သည် ဝေဒနာခံစားရသောမေရှိယ၏ဤအခန်းကဏ္ဍအတွက် ယေရှု၏ဆက်ကပ်အပ်နှံမှုကို စိန်ခေါ် ခဲ့သည်။ ဝေဒနာခံစားခြင်းမပါဘဲမေရှိယဖြစ်ရန် ယေရှုကိုသုံးကြိမ်တိုင် ပြောဆိုကာသွေးဆောင်ခဲ့သည် “လူကဲ့သို့ ဆာလှောင်မခံပါနှင့်။ နာကျင်မှုမရှိဘဲ လူများယုံကြည်လာရန် အံ့ဩစေပါ။ ဝေဒနာခံစားခြင်းကင်းလျှက်လူမျိုးတို့ကို အုပ်စိုးပါ။” သို့သော် ယေရှုသည် ဝေဒနာခံရသောမေရှိယဖြစ်ခြင်း၏ စရိုက်လက္ခဏာကို ငြင်းပယ်မည့် လွယ်ကူသောလမ်းစဉ်တိုင်းကို ပယ်ချခဲ့သည်။

ထို့နောက် မဿဲ ၄:၁၂-၁၇ တွင်၊ ယေရှုသည် နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရားကို ဟောခြင်းဖြင့် သူ၏လူထုဆိုင်ရာ ကယ်တင်ခြင်းသာသနာအမှုတော်ကို စတင်ခဲ့သည်။ မဿဲ ၄:၁၇ တွင် ယေရှု၏သတင်းစကားကို မဿဲအကျဉ်းချုပ် မည်သို့ဖော်ပြသည်ကို နားထောင်ပါ_

> ထိုအခါမှစ၍ ယေရှုက၊ နောင်တရကြလော့။ ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီဟူသော တရားကို ဟောစပြုတော်မူ၏ (မဿဲ ၄:၁၇)။

မဿဲ၏အဆိုအရ၊ ယေရှုဟောပြောသည့်သတင်းကောင်းသည် ကောင်းကင်နိုင်ငံတော်သည် တည်လုနီးပြီဖြစ်သည်—သူ၏သာသနာအမှုတော်အားဖြင့် ယေရှုသည် ကောင်းကင်နိုင်ငံတော်ကို ကမ္ဘာမြေကြီးပေါ်သို့ ယူဆောင်လာမည့်အကြောင်းဖြစ်သည်။ ထို့ပြင် ဤနိုင်ငံတော်သည် မိမိတို့၏ အပြစ်ကို နောင်တရပြီး ယေရှုကို ရှင်ဘုရင်အဖြစ်သစ္စာရှိစွာ နောက်လိုက်သူတိုင်းအတွက် ဖြစ်သည်။

> “ကောင်းကင်နိုင်ငံတော်” ကို မဿဲ၏ခရစ်ဝင်ကျမ်းတွင် အသုံးပြုထားပြီး၊ မဿဲ၏ခရစ်ဝင်ကျမ်းတွင်သာ၊ “ဘုရားသခင်၏နိုင်ငံတော်” နှင့် ထပ်တူထပ်မျှပင်ဖြစ်သည်ဟု ထင်ပါသည်။ ၎င်းတို့ကြား ကွာခြားမှုမရှိဟု ပညာရှင်အများစုသဘောတူကြသည်။ တည်လုနီးပြီ သို့မဟုတ် အချို့ဘာသာပြန်ဆိုချက်များအရ၊ “နီးသည်” ဟု ယေရှု၏ဖော်ပြချက်သည် နောက်ဆုံးအချိန်၌ ဘုရားသခင်၏ အုပ်ချုပ်မှုသည် ယေရှု၏ ပုဂ္ဂိုလ်နှင့် လုပ်ဆောင်မှုအားဖြင့် ရောက်ရှိလာနေပြီဖြစ်သည်ကို ညွှန်ပြသည်။ သို့သော် ပြီးမြောက်မှုကို စောင့်မျှော်နေသည့် ခံစားချက်တစ်ခုရှိသည်။

နည်းစနစ်အသုံးအနှုန်းသည် ခရစ်တော်ဒုတိယအကြိမ်ကြွလာချိန်တွင် ဖြစ်ပေါ်လာမည့် "ပြီးပြည့်စုံခြင်း" ဖြစ်သည်၊ ထို့ကြောင့် ခရစ်ယာန်များသည်— နည်းစနစ်အသုံးအနှုန်းကိုအသုံးပြုခြင်းထက်— တည်ရှိသောစကားအသုံးအနှုန်းဖြင့် နေထိုင်ရန်ဖြစ်သည်။ သူတို့တွင် ခြေတစ်ဖက်သည် ဘုရားသခင်၏နောက်ဆုံးကာလနိုင်ငံတော်တွင် ရှိနေသော်လည်း၊ ဘုရားသခင်၏ နောက်ဆုံးကာလနိုင်ငံတော်အတွင်း၌ မရှိသေးသော အခြားခြေတစ်ဖက်ရှိကြသည်။ ခရစ်ယာန်တပည့်တော်ဖြစ်ခြင်း၏ စိန်ခေါ်မှုများစွာသည် ဘဝနှင့်ဘဝဆုံးဖြတ်ချက်များ၊ ဘဝအကြောင်းစဉ်းစာပုံနှင့်ပတ်သက်၍ စေ့စပ်ညှိနှိုင်းခြင်းအသုံးအနှုန်းဖြစ်ပြီး၊ ကောင်းကင်နိုင်ငံတော်သည် တစ်နည်းတစ်ဖုံအားဖြင့် ဤနေရာတွင်ရှိနေပြီနှင့် အခြားတစ်ဖက်တွင် ၎င်းသည် အပြည့်အဝမပေါ်ထွန်းသေးဟု ဆိုလိုသည်။

**ဒေါက်တာ David R. Bauer**

ယေရှုသည် ခရစ်ဝင်ကျမ်းများတွင် ရွာတစ်ရွာမှတစ်ရွာသို့ ကြွသွားသောအခါ "ဘုရားသခင်၏နိုင်ငံတော်သည်ဤနေရာတွင်ရှိနေပြီ၊ နောင်တရကြလော့" သို့မဟုတ် "တည်လုနီးပြီ" ဟူ၍ အကြောင်းအရာနှစ်ခုကိုဟောပြောတော်မူသည်။ ပထမဦးစွာ၊ ဘုရားသခင်၏နိုင်ငံတော်သည် သူတို့အလယ်၌ရှိသည်ဟု မိန့်တော်မူသည်။ ၎င်းသည် နတ်ဆိုးများကို နှင်ထုတ်ပြီး၊ နတ်ဆိုးများအပေါ် အခွင့်အာဏာရယူခြင်းဖြင့်၊ သူ၏အနာရောဂါကုသပေးခြင်းအမှုတော်မှတဆင့်လည်း သူ၏အခွင့်အာဏာရှိသောသင်ကြားမှုဖြင့် ပြသခဲ့သောအရာဖြစ်သည်။ ထို့ကြောင့်၊ ယေရှုပြောခဲ့သည့် ပထမဆုံးသောအရာသည် သင်တို့၏အလယ်၌ နိုင်ငံတော်နှင့် ရှင်ဘုရင်၏ အခွင့်အာဏာသည် ငါ၌ရှိသည်။ သို့သော် ယေရှုပြောသည့် အခြားတချက်သည် နိုင်ငံတော်သည်ကြွလာမည်၊ နိုင်ငံတော်သည် ဤနေရာတွင် မပြည့်စုံသေးသော်လည်း နောင်တစ်ချိန်တွင် ဘုရားသခင်၏ အုပ်စိုးမှု ပြည့်စုံခြင်းကို လူတိုင်းမြင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည်ယေရှုပြောသည့် "ဘုရားသခင်၏နိုင်ငံတော်သည် တည်လုနီးပြီ"ဖြစ်သည်။ ထို့ကြောင့်၊ ဘုရားသခင်၏နိုင်ငံတော်တည်လုနီးသောကြောင့်ရှင်ဘုရင်ကိုနာခံရန်၊ ၎င်းတို့၏ဝန်ခံခြင်း၊ ၎င်းတို့၏နာခံခြင်း၊ ရှင်ဘုရင်နောက်လိုက်ခြင်းဖြင့် ဘုရားသခင်၏ ပဋိညာဉ်လူများထဲသို့ ပေါင်းစည်းခြင်း သို့မဟုတ် ပြန်လည်ပေါင်းစည်းခြင်းခံရရန် လူတို့အား နောင်တသို့ခေါ် ခြင်း ဖြစ်သည်။ ထို့ကြောင့် နောင်တရခြင်း၏လက္ခဏာသည် ရှင်ဘုရင်အား နာခံခြင်းဖြစ်သည်။

**ဒေါက်တာ Gregory R. Perry**

မဿဲ ၄:၁၈-၂၂ တွင်၊ ယေရှုသည် တပည့်တော်များကို ခေါ် ခဲ့သည်။ ဤအချက်သည် မေရှိယရှင်ဘုရင်၏ နိုင်ငံတော်၏ခေါင်းဆောင်များကို စုဆောင်းမှုများထဲမှ တစ်ခုဖြစ်သည်။ ၎င်းနောက် မဿဲ ၄:၂၃-၂၅ တွင် မဿဲသည် ခရစ်ဝင်ကျမ်း၏ နောက်အပိုင်းနှစ်ပိုင်းကို အကြိုသုံးသပ်ပေးထားသည်။ ယေရှုသည် ဂါလိလဲပြည်အနှံ့ လှည့်လည်၍ လူအစုအဝေးတို့ကို သွန်သင်ပေးခြင်း၊ ကုသပေးခြင်းတို့ ပြုခဲ့ကြောင်း ဖော်ပြသည်။ မဿဲ ၅–၇ တွင် ယေရှု၏သွန်သင်ချက်ကို သရုပ်ဖော်ထားပြီး၊ အခန်းကြီး ၈-၉ တွင် ကိုယ်တော်၏ကုသခြင်းကို ဖော်ပြသည်။

ယခု ကျွန်ုပ်တို့သည် နိုင်ငံတော်ဆိုင်ရာဧဝံဂေလိတရားနှင့်ပတ်သက်သော မဿဲ၏ဇာတ်ကြောင်းကို လေ့လာပြီးနောက်၊ မဿဲ ၅:၁–၇:၂၉ တွင်ပါရှိသော ပူးတွဲဟောပြောချက်သို့ဆက်လေ့လာကြပါစို့။

## တောင်ပေါ်တရားဒေသနာ

ဤဟောပြောချက်ကို တောင်ပေါ်တရားဒေသနာဟု အများအားဖြင့် ခေါ်သည်။ ဤသွန်သင်ချက်တွင်၊ ယေရှုသည် နိုင်ငံသူနိုင်ငံသားများ၏ ဖြောင့်မတ်သောအသက်တာကို ဖော်ပြခဲ့သည်။ နိုင်ငံတော်အကြောင်းကို ခုနစ်ကြိမ်တိုင်အတိအလင်း ဟောတော်မူပြီး တရားဒေသနာတစ်ခုလုံးသည် ဤအကြောင်းအရာကို ဗဟိုပြုသည်။

ဖြောင့်မတ်ခြင်း၏စိန်ခေါ်ချက်များသည် ဂျူးဘာသာ၏ခေါင်းဆောင်များထင်သည်ထက် များစွာကြီးမားသည်ဟု ယေရှု အလေးပေးဖော်ပြခဲ့သည်။ နိုင်ငံတော်၏နိုင်ငံသားများ၏ ကောင်းကင်ခမည်းတော်သည် သူတို့ထင်ထားသည်ထက် ပိုနီးကပ်ပြီး ကောင်းချီးပေးရန် အသင့်ရှိကြောင်းကိုလည်း အလေးပေးပြောကြားသည်။ ၎င်းသည် တရားဒေသနာအပေါ် ၎င်း၏ထူးခြားသော စရိုက်လက္ခဏာကိုဖော်ပြသည့် ဤပူးတွဲအတွေးများ၏ ပေါင်းစပ်မှုဖြစ်သည်။

တောင်ပေါ်တရားဒေသနာမှ ဥပမာတစ်ခုကို သုံးသပ်ကြည့်ပါ။ အိမ်ထောင်ရေးဖောက်ပြန်ခြင်းဆိုင်ရာ ယေရှု၏သွန်သင်ချက်။ ဘုရားသခင်၏တရားတော်သည် အပေါ်ယံဖတ်ခြင်းထက် သာ၍လိုအပ်ကြောင်းနှင့် ဂျူးလူမျိုးဆရာများ သာမာန်အားဖြင့် သင်ကြားလေ့ရှိသည်ထက် ပို၍တောင်းဆိုကြောင်း ယေရှု သွန်သင်ခဲ့သည်။ မဿဲ ၅:၂၇-၂၈ တွင် ယေရှု ပြောခဲ့သည်ကို နားထောင်ကြည့်ပါ_

> သူ့မယားကို မပြစ်မှားရဟူသော ရှေးပညတ်စကားကို သင်တို့ကြားရပြီ။
> ငါပညတ်သည်ကား ကိလေသာစိတ်နှင့် သူ့မယားကိုကြည့်ရှုသောသူသည်
> စိတ်နှလုံးထဲ၌ ထိုမိန်းမနှင့် ပြစ်မှားပြီ (မဿဲ ၅:၂၇-၂၈)။

ယေရှုသည် "ရှေးပညတ်စကား" ကိုရည်ညွှန်းသောအခါ၊ ယနေ့ခေတ် ဂျူးလူမျိုးရဗ္ဗိများကြားယေဘူယျအဓိပ္ပာယ်ဖွင့်ဆိုချက်များအကြောင်း ပြောနေခြင်းဖြစ်သည်။ ဓမ္မဟောင်းပညတ်တော်များသည် အိမ်ထောင်ရေးဖောက်ပြန်ခြင်းကို တားမြစ်ထားကြောင်း ရဗ္ဗိအချို့ သွန်သင်သော်လည်း လူ့စိတ်၏အခြေခံပြဿနာကို မဖြေရှင်းနိုင်ခဲ့ပါ။ သို့သော် ဓမ္မဟောင်းကာလ၌ပင်မှန်သောအရာကို သခင်ယေရှုထောက်ပြခဲ့သည်။ ဘုရားသခင်သည် အပြင်ပန်းအပြုအမူကို ထိန်းချုပ်ရန် စိတ်ဝင်စားရုံသာမက၊ စိတ်နှလုံးထဲ၌ နာခံမှုကိုစတင်လိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တခါတရံ ဓမ္မဟောင်းနှင့်ဓမ္မသစ်ကျမ်းအပေါ် ကျွန်ုပ်တို့ထင်မြင်ချက်ရှုထောင့်နှင့် ပတ်သက်၍ အမြင်တစ်ခု ရှိနိုင်သည်ဟု ထင်ပါသည်။ ဓမ္မဟောင်း၌ ဘုရားသခင် သည် ဤပြင်ပလက္ခဏာများတောင်းဆိုသည်_ လူတို့ကို အရေဖျားလှီးစေလို သည်၊ ယဇ်ပူဇော်စေလိုသည်၊ အထူးနေ့ရက်များကို စောင့်ထိန်းစေလိုသည်။ ၎င်းသည် ဘာသာတရားဆိုင်ရာ ပြင်ပအသုံးအနှုန်းတစ်ခုဖြစ်သည်။ ထို့နောက် ဓမ္မသစ်ကျမ်းတွင် ၎င်းသည် ယခုအခါ စိတ်နှလုံးသား၏ဘာသာတရားတစ်ခုဖြစ် သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးများကို အလိုရှိသည်။ ကျွန်ုပ်တို့ ၏ ချစ်ခင်မှုကို လိုချင်သည်။ သို့သော် ဓမ္မဟောင်းကျမ်းတွင်တွေ့ရသော အကြောင်းအရာများကို အထူးသဖြင့်ပရောဖက်ကျမ်းများအား အနီးကပ်ကြည့် သောအခါ ၎င်းသည် အကျိုးမရှိဟု ကျွန်ုပ်မထင်ပါ။ ဥပမာအားဖြင့် ပရောဖက် ယောလသည် "အဝတ်ကို မဆုတ်ဘဲ နှလုံးကိုဆုတ်လျက် " ဟူသည့် စကားသည် ပြင်ပဘာသာတရားကို တိုက်ရိုက်ဆန့်ကျင်သည့်ဖော်ပြချက်ဖြစ်ပြီး၊ ဘုရားသခင် သည် သူတို့၏ပြင်ပဖော်ပြမှုပုံစံများကို မလိုချင်ဘဲ၊ သူတို့စိတ်နှလုံးကို လိုချင် သည်၊ သူတို့အတွင်း၌ရှိသော သူတို့ကိုမည်သို့သောသူဖြစ်စေခဲ့သောအရာကို လိုချင်သည်။ ဥပမာ၊ ဆာလံ ၁၀၃ ၌လည်းမြင်ရသည်။ "အို ငါ့ဝိညာဉ်၊ ထာဝရ ဘုရားကို ကောင်းကြီးပေးလော့။ ငါ၏ အထဲမှာ ရှိသမျှတို့၊ သန့်ရှင်းသောနာမ တော်ကို ကောင်းကြီးပေးကြလော့" ဆိုလိုသည်မှာ၊ ဤနေရာတွင် ဆာလံဆရာ သည် ဘုရားသခင်ကို ကောင်းချီးပေးရန်၊ ၎င်းတို့ကို မည်ကဲ့သို့သောသူဖြစ်လာ စေသည့်အရာအားလုံးဖြင့် သခင်ဘုရားအား ဝတ်ပြုကိုးကွယ်ရန် ဘုရားသခင်၏ လူများကို ဖိတ်ခေါ်နေသည်။ ထို့ကြောင့်၊ ချစ်ခြင်းမေတ္တာသည် ဓမ္မသစ်တွင် ပါရှိသော အရာဖြစ်ကာ၊ စိတ်နှလုံးထက်သန်သောဘာသာတရားသည် ဓမ္မဟောင်းတွင်မရှိ၊ ဓမ္မဟောင်းတွင် သူ၏လူများနှင့် ပဋိညာဉ်ပြုခြင်း၏ အပြည့် အဝအမှန်တရားအတွက် တရားမျှတမှုမရှိဟူသည့် ဤအယူအဆမျိုးဖြစ်သည်။

**ဒေါက်တာ Mark Gignilliat**

စိတ်နှလုံးထက်သန်သောနာခံခြင်းအပေါ် ယေရှု၏အလေးပေးမှုသည် ၅:၅ တွင် "စိတ်နူးညံ့သိမ် မွေ့သောသူ"၊ ၅:၆ တွင် "ဖြောင့်မတ်ခြင်းပါရမီကို ဆာငတ်ခင်မွတ်သောသူ" နှင့် ၅:၈ တွင် "စိတ်နှလုံး ဖြူစင်သောသူ"အဖြစ် ဖော်ပြခဲ့သည်။ ယခုတွင်၊ ကောင်းကင်နိုင်ငံတော်သည် အလုံးစုံပြီးပြည့်စုံသည့် အချိန်တိုင်အောင် သူ၏နောက်လိုက်များအနေဖြင့် ဤနိုင်ငံသားများအဖြစ်သို့ အလုံးစုံပြောင်းလဲမည် မဟုတ်ကြောင်း ယေရှုသိခဲ့သည်။ သို့ရာတွင်၊ ထိုကာလမတိုင်မီကပင် ဖြောင့်မတ်ခြင်းရှိရန် သူတို့ကို တိုက်တွန်းခဲ့သည်။ မဿဲ ၅း၄၈ တွင် ယေရှု ပြောခဲ့သည်ကို နားထောင်ကြည့်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထို့ကြောင့် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူ
> သည်နည်းတူ သင်တို့ သည်လည်း စုံလင်ခြင်းရှိကြလော့ (မဿဲ ၅း၄၈)။

တစ်နည်းအားဖြင့်၊ ဤအမိန့်တော်ကို ဖြည့်ဆည်းရန် မဖြစ်နိုင်— ဘုရားသခင်ကဲ့သို့ မည်သူမျှ ပြီးပြည့်စုံလင်ခြင်း မရှိနိုင်ပါ။ သို့သော်ငင်းသည် ကျွန်ုပ်တို့ကို စိတ်ပျက်အားငယ်စေခြင်း မဖြစ်သင့်ပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ယေရှုသည် ကျွန်ုပ်တို့အား သနားကြင်နာသော၊ အားတက်ဖွယ်ကတိတစ်ခုကိုလည်း ပေးခဲ့သည်။ သူ၏တရားဒေသနာတစ်လျှောက်လုံးတွင်၊ နိုင်ငံတော်သည် ကျွန်ုပ်တို့နှင့်သက်ဆိုင်ကြောင်း သူ၏သစ္စာရှိနောက်လိုက်များအား အာမခံခဲ့သည်။

ဥပမာ၊ မဿဲ ၅:၃-၁၀ တွင် မင်္ဂလာရှစ်ပါးတွေ့ရသည်။ ကောင်းကင်နိုင်ငံတော် အလုံးစုံပြည့်စုံလာသောထိုအနာဂတ်နေ့၌ ကောင်းချီးမင်္ဂလာများ ရရှိမည်ဟု အလယ်ခြောက်ပါး ကတိပြုသည်။ သို့သော် ပထမနှင့် နောက်ဆုံးကောင်းချီးမင်္ဂလာများသည် ကွဲပြားသည်—ယေရှုက သူ၏လူများသည် ဤနိုင်ငံတော်၏ကောင်းချီးမင်္ဂလာများအား ရရှိပြီးဖြစ်သည်ဟု မိန့်တော်မူသည်။ မဿဲ ၅:၃၊ ၁၀ တွင် ဤကောင်းချီးမင်္ဂလာများကို ယေရှုမိန့်ဆိုပုံကို နားထောင်ပါ_

> စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်
> နိုင်ငံတော်သည် ထိုသူ တို့၏ နိုင်ငံဖြစ်၏။...ဖြောင့်မတ်ခြင်းတရားကြောင့်
> နှောင့်ရှက်ညှဥ်းဆဲခြင်းကို ခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူ
> ကား၊ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏ (မဿဲ ၅:၃၊ ၁၀)။

သခင်ယေရှုနောက်သို့လိုက်ခြင်း၏ အမှန်တကယ်ကြီးမားသောစိန်ခေါ်မှုသည် ဘုရားသခင်၏ နိုင်ငံတော်တန်ခိုးအာဏာသည် ကျွန်ုပ်တို့အား ကိုယ်တော့်နိုင်ငံတော်၏ ဖြောင့်မတ်သောနိုင်ငံသားများအဖြစ် ပြောင်းလဲစေပြီဖြစ်သည်ဟူသော ကြီးမားသောကတိတော်နှင့် ကိုက်ညီပါသည်။

သူ၏ခရစ်ဝင်ကျမ်း၏ပထမအဓိကအစိတ်အပိုင်းတွင်၊ မဿဲသည် ယေရှု၏သာသနာအမှုတော်၏ရည်ရွယ်ချက်နှင့် သတင်းစကားကိုအာရုံစိုက်ခြင်းဖြင့် နိုင်ငံတော်ဆိုင်ရာဇဝံဂေလိတရားကိုအလေးပေးဖော်ပြခဲ့သည်။ ယေရှုသည် ကောင်းကင်နိုင်ငံတော်ကို ဘုရားသခင်၏လူတို့ထံ ယူဆောင်လာပေးသော မေရှိယရှင်ဘုရင်ဖြစ်သည်။ ထိုနိုင်ငံတော်၏ အသက်တာပြောင်းစေလဲနိုင်သော စွမ်းအားများအကြောင်း ထိုသူတို့ကို သွန်သင်ပေးသည်။ ထိုသူတို့သည်သစ္စာရှိလျှင်၊ ပြည့်စုံခြင်းသို့ ရောက်သောအခါ၊ နိုင်ငံတော်၏ ကြီးမြတ်သောကောင်းချီးမင်္ဂလာများကို အမွေခံရမည်ဟု ကတိပြုခဲ့သည်။

## နိုင်ငံတော်ပြန့်ပွားခြင်း

မဿဲ၏ခရစ်ဝင်ကျမ်း၏ဒုတိယအဓိကအစိတ်အပိုင်းသည် နိုင်ငံတော်ပြန့်ပွားခြင်းနှင့်သက်ဆိုင်သည်။ မဿဲ ၈:၁–၁၁:၁ တွင်တွေ့ရသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သော့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ယေရှု၏အုံ့ဖွယ်အမှုများနှင့် တုံ့ပြန်မှုများ

နိုင်ငံတော်ပြန့်ပွားခြင်းနှင့်ပတ်သက်သော ဇာတ်ကြောင်းကို မဿဲ ၈:၁–၉:၃၈ တွင်ဖော်ပြသည်။ ၎င်းတွင် ယေရှု၏အံ့ဖွယ်အမှုများအကြောင်းနှင့် ကိုယ်တော်၏အံ့ဖွယ်အမှုများအတွက် မတူညီသောလူများ၏တုံ့ပြန်မှုများအကြောင်းများ ပါဝင်သည်။

ဤဇာတ်ကြောင်းတွင် အပိုင်း ၁၁ ပိုင်းပါဝင်သည်၊ ၈:၁-၄ တွင် ယေရှုနှင့်နူနာသည်တစ်ဦး၊ ၈:၅-၁၃ တွင် တပ်မှူး၏ကျွန်၊ ၈:၁၄-၁၇ တွင် ပေတရု၏ယောက္ခမ၊ ၈:၁၈-၂၇ တွင် မုန်တိုင်းတစ်ခု၊ ၈:၂၈-၃၄ တွင် နတ်ဆိုးနှစ်ကောင်၊ ၉:၁-၈ တွင် လေဖြတ်သူတစ်ဦး၊ ၉:၉-၁၇ တွင် အခွန်ခံများနှင့်အပြစ်သားများ၊ ၉:၁၈-၂၆ တွင် မိန်းကလေး တစ်ဦးနှင့်အမျိုးသမီးတစ်ဦး၊ ၉:၂၇-၃၁ တွင် မျက်မမြင်နှစ်ဦး နှင့် ၉:၃၂-၃၄ တွင် နတ်ဆိုးနောက်တစ်မျိုးတို့ ဖြစ်သည်။ ထို့နောက် ဤအပိုင်းသည် ၉:၃၅-၃၈ တွင် ယေရှု၏သနားကြင်နာမှု သရုပ်ဖော်ပြချက်ဖြင့် အဆုံးသတ်သည်။

ယေရှု၏အသက်တာရှိ ဤအဖြစ်အပျက်များနှင့်ပတ်သက်၍ အနည်းငယ်မျှကိုသာလေ့လာနိုင်စေရန် အချိန်သည် ကျွန်ုပ်တို့ကို ခွင့်ပြုမည်ဖြစ်သည်။ ၈း၁-၄ တွင် နူနာစွဲသူတစ်ဦး၊ ၈း၅-၁၃ တွင် တပ်မှူး၏ကျွန်၊ ၈:၁၄-၁၇ တွင် ပေတရု၏ယောက္ခမ၊ ၉း၁-၈ တွင် လေဖြတ်သူ၊ ၉:၂၀-၂၂ တွင် သွေးလွန်နေသည့် အမျိုးသမီးတစ်ဦးနှင့် ၉:၂၇-၃၁ တွင် မျက်မမြင်နှစ်ဦးစသည်တို့ကို ပျောက်ကင်းစေခြင်းဖြင့် ဖျားနာခြင်းအပေါ် သူ၏နိုင်ငံတော်တန်ခိုးအာဏာကို ကျင့်သုံးခဲ့သည်။

မဿဲ ၉:၁၈-၂၆ တွင် သေလွန်သောမိန်းကလေးတစ်ဦးကို အသက်ပြန်ရှင်စေတော်မူပြီး သေခြင်းအပေါ်၌ပင် တန်ခိုးနှင့်အခွင့်အာဏာရှိကြောင်း သက်သေပြခဲ့သည်။ ယေရှုသည် မဿဲ ၈:၂၃-၂၇ တွင် မုန်တိုင်းကို ငြိမ်သက်စေခြင်းဖြင့် သဘာဝအပေါ် သူ၏ထိန်းချုပ်မှုကို သရုပ်ပြခဲ့သည်။

၎င်းအပြင် ယေရှုသည် မဿဲ ၈:၂၈-၃၄ တွင် သင်္ချိုင်းဂူများကြားတွင် နေထိုင်သောလူနှစ်ဦးနှင့် မဿဲ ၉:၃၂-၃၄ တွင် စကားမပြောနိုင်သောလူတစ်ဦးထဲမှ နတ်ဆိုးများကို နှင်ထုတ်ခြင်းဖြင့် စာတန်၏နိုင်ငံတော်အပေါ် သူ၏တန်ခိုးကို ပြသခဲ့သည်။ တပည့်တော်တစ်ဦးအနေဖြင့် မဿဲ၏ခေါ် ခြင်းခံရမှုသည် ၉:၉-၁၇ တွင် အခွန်ခံများ၊ အပြစ်သားများနှင့် ယေရှု၏ပေါင်းသင်းဆက်ဆံခြင်းဆိုင်ရာ ကြီးမားသောအပိုင်းကို မိတ်ဆက်ပေးသည်။ ယေရှုသည် မဿဲအား အခွန်ခံဘဝကိုစွန့်လွှတ်ကာ ဘဝသစ်ကိုစတင်ရန် ခေါ် ခဲ့သည်။ ဤပြောင်းလဲမှုသည် အံ့သြဖွယ်မဟုတ်ပါ။ အခွန်ခံများနှင့်အပြစ်သားများ၏ အသွင်ပြောင်းလဲခြင်းသည် အလွန်အံ့သြစရာဖြစ်သဖြင့် မဿဲသည် အခွန်ခံများ၊ အပြစ်သားများနှင့်အတူပွဲခံကာ ယေရှုထံ ချက်ခြင်းပြောင်းလဲလာသောကြောင့် သူတို့၏ရှင်လန်းရခြင်းအကြောင်းရင်းကို သူရှင်းပြရမည်ဖြစ်သည်။

ယေရှု၏တန်ခိုးကို အာရုံစိုက်ခြင်းအပြင်၊ မဿဲသည် ယေရှု၏တန်ခိုးအပေါ် လူထု၏တုံ့ပြန်မှုကိုလည်း အာရုံစိုက်ခဲ့သည်။ ရိုးရှင်းစွာပြောရမည်ဆိုလျှင်၊ သူတို့ အံ့သြကြသည်။ မဿဲ ၈:၂၇၊ ၃၄၊ ၉:၈၊ ၂၆၊ ၃၁၊ ၃၃ ကျမ်းပိုဒ်များတွင် တွေ့မြင်ရသည်။ သူတို့၏အံ့အားသင့်မှုသည် ယေရှုကို ဆန့်ကျင်ခြင်းသို့အများဆုံးဖြစ်စေခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အချို့သည် မယုံကြည်သောကြောင့် ယေရှုကို ဆန့်ကျင်ကြသည်။ အခြားသူများ—အထူးသဖြင့် ဂျူးလူမျိုးခေါင်းဆောင်များ—သည် သူ့ကို ပွင့်လင်းစွာ ဝေဖန်ကြသည်။ အချို့သည် မဿဲ ၈:၃၄ ကဲ့သို့ ယေရှုကို ကြောက်ရွံ့ကြသည်။ မဿဲ ၉:၃ ကဲ့သို့ အခြားသူများ ထိတ်လန့်တုန်လှုပ်ကြသည်။ ရံဖန်ရံခါ၊ ၉:၁၄ ကဲ့သို့ ယေရှုအား ဆန့်ကျင်တိုက်ခိုက်ခြင်းတွင်ပင် ကောင်းသောရည်ရွယ်ချက်ရှိပုံပေါ်သည်— မှားယွင်းနေသော်လည်း။ မဿဲ ၉:၃၄ ကဲ့သို့ တစ်ခါတစ်ရံ လူတို့သည် အမှန်ဖြစ်ကြောင်း သိထားသည်ကို ရည်ရွယ်ချက်ရှိစွာငြင်းပယ်ပြီးယေရှုကို ဆန့်ကျင်ခဲ့ကြသည်။ ဝမ်းနည်းစရာမှာ၊ ယေရှု၏သာသနာအမှုတော်သည် ဆက်လက်ကြီးထွားလာသည်နှင့်အမျှ ယေရှုအား ဆန့်ကျင်တိုက်ခိုက်ခြင်းသည် ပို၍ထင်ရှားလာသည်။

ဓမ္မသစ်ကျမ်းကို သင်ကြည့်ရှုသောအခါ အကြီးမားဆုံးပဟေဋ္ဌိများထဲမှ တစ်ခုဖြစ်နိုင်သည်မှာ၊ သူတို့ကိုယ်တိုင်၏ မျက်စိဖြင့် အံ့ဖွယ်အမှုများကိုမြင်သော လူတို့သည် ခရစ်တော်ကို မည်သို့ငြင်းပယ်နိုင်ပုံပင် ဖြစ်သည်။ သူပြုသောအမှုကို လူများသည် အကြိမ်ကြိမ် အံ့သြခြင်းရှိကြသည်ဟု သမ္မာကျမ်းစာဆိုသည်။ ထိုမေးခွန်းကို သုံးသပ်သောအခါ၊ သူတို့ မည်သို့လုပ်ဆောင်နိုင်သနည်း၊ မဿဲ ၂၂:၂၉ ကျွန်ုပ်တို့ကြည့်ရန်လိုသည်။ ယေရှုကလည်း၊ သင်တို့သည် ကျမ်းစာကို နားမလည်၊ ဘုရားသခင်၏တန်ခိုးတော်ကို မသိသော ကြောင့် မှားသောအယူကို ယူကြ၏။ ယခုမူ၊ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ ကိုယ်တော်သည် ဇဒ္ဒုကဲများကို အထူးပြောနေသော်လည်း၊ ဖာရိရှဲများ၊ ပညတ္တိကျမ်းဆရာများအားလည်း အလားတူပြောမည်ဟု ကျွန်ုပ်ထင်ပါသည်။ သူတို့သည် လူတို့ကို မှားယွင်းစွာ သွန်သင်ဆုံးမ၍၊ ကြွလာမည့်မေရှိယအတွက် မျှော်လင့်ချက်များသည် မှားယွင်းသောသွန်သင်ချက်ဖြင့် ပုံသွင်းခံထားရသည်။ ယနေ့ကျွန်ုပ်တို့အတွက် သင်ခန်းစာကြီးတစ်ခုရှိသည်— ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လွဲမှားစွာကိုင်တွယ်ပြီး လူများကို မှားယွင်းစွာသွန်သင်သူများ၊ လူများဘက်မှ မှားယွင်းသော မျှော်လင့်ချက်များကို ချမှတ်သူများဟု ထင်ပါသည်။ ၎င်းသည် ဣသရေလနိုင်ငံတွင် ပထမရာစု၌အတိအကျ ဖြစ်ပျက်ခဲ့သောအရာဟု ထင်ပါသည်။ သူတို့သည် မေရှိယကြွလာရန် မျှော်လင့်ထားပြီး၊ ၎င်းသည် အမျိုးသားရေးအောင်ပွဲ ဖြစ်သည်ဟု ဆိုနိုင်သည်။ ယေရှုသည်ကြွလာသည်။ သူတို့ မမြင်ဖူးသည့်အရာများနှင့် နောက်တစ်ကြိမ်မတွေ့နိုင်သည့်အရာများကို ကိုယ်တော်လုပ်ခဲ့သော်လည်း၊ ခရစ်တော်အပေါ် ခေါင်းဆောင်များ၏ တိုက်ခိုက်မှုများသည် သူ၏အံ့ဖွယ်အမှုများကို အသိအမှတ်မပြုရန် အမြဲကြိုးစားနေသောကြောင့် နောက်ဆုံးတွင် ငြင်းပယ်ခဲ့ကြသည်။ ဤအရာများကို လုပ်ဆောင်ခြင်းသည် စာတန်၏နည်းလမ်းအဖြစ် သူ့ကိုသတ်မှတ်လိုကြသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ဆယ်စုနှစ်များ၊ မျိုးဆက်များ၊ မှားယွင်းသည့်သွန်သင်မှုများ၊ အခွင့်အာဏာရှိသူများ၏ တိုက်ခိုက်မှုများ၊ ဘာသာရေးဆိုင်ရာအခွင့်အာဏာရှိသူများသည် နောက်ဆုံးတွင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အဲ့ဖွယ်အမှုများကို သူတို့မြင်ခဲ့ရသော်လည်း လူများ၏စိတ်နှလုံးကို ခရစ်တော်နှင့် ဝေးကွာသွားစေသည်။

**ဒေါက်တာ Jim Maples**

မဿဲ ၉:၃၅-၃၈ တွင် ယေရှု၏တန်ခိုးကြီးသောအံ့ဖွယ်အမှုများနှင့်ပတ်သက်သည့် ဤဇာတ်ကြောင်းကို မဿဲသည် လူအစုအဝေးအတွက် ယေရှု၏သနားကြင်နာမှုကို ဖော်ပြခြင်းဖြင့် အဆုံးသတ်ထားသည်။ မဿဲ ၉:၃၆-၃၈ တွင် ဤမှတ်တမ်းကို နားထောင်ပါ။

> အကြောင်းမူကား၊ ထိုသူတို့သည် ပင်ပန်းသည်ဖြစ်၍ ထိန်းသူမရှိဘဲ ပစ်ထားသောသိုးကဲ့သို့ ဖြစ်ကြ၏။ ထိုအခါ ကိုယ်တော်က၊ စပါးရိတ်စရာများစွာရှိ၏။ ရိတ်သောသူတို့သည် နည်းကြ၏။ ထိုကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စေလွှတ်တော်မူမည်အကြောင်း၊ စပါးရှင်ကို ဆုတောင်းကြလော့ဟု တပည့်တော်တို့အား မိန့်တော်မူ၏ (မဿဲ ၉:၃၆-၃၈)။

သူ၏လူများသည် သူ့အားရှင်ဘုရင်အဖြစ် လက်မခံရသည့် အကြောင်းရင်းတစ်ခုသည် သူတို့၏ခေါင်းဆောင်များ၏ နှိပ်စက်ခြင်းနှင့် ညံ့ဖျင်းစွာ သွန်သင်ခြင်းခံခဲ့ရခြင်းကြောင့်ဖြစ်သည်ဟု ယေရှုနားလည်သည်။ သူ၏အံ့ဖွယ်အမှုများသည် သူတို့၏စိတ်နှလုံးကို ပျော့ပျောင်းစေပြီး၊ သူ၏နောက်လိုက်ရန် လှုံ့ဆော်ပေးကြောင်းကိုလည်း သူသိသည်။ ထို့ကြောင့် ဘုရားသခင်သည် ဧဝံဂေလိဆရာနှင့် ဖြောင့်မတ်သောခေါင်းဆောင်များကို ပေါ်ထွန်းစေခြင်းငှာ ဆုတောင်းရန် တပည့်တော်များအား ညွှန်ကြားခဲ့သည်—ပျောက်ဆုံးသူများကို မြေကြီးပေါ်ရှိ ဘုရားသခင့်နိုင်ငံတော်သို့ ခေါ်ဆောင်လာပြီး ၎င်း၏ဖြောင့်မတ်သောနိုင်ငံသားဖြစ်ရန် သွန်သင်ပေးမည့် သူများ။

## ဘုရင်မင်းမြတ်၏ကိုယ်စားလှယ်များ

နိုင်ငံတော်ပြန့်ပွားခြင်းနှင့်ပတ်သက်သော မဿဲ၏ဇာတ်ကြောင်းကို လေ့လာပြီးနောက်၊ မဿဲ ၁၀:၁–၁၁:၁ ပါ သက်ဆိုင်သည့်အကျယ်တဝင့်ရေးသားဖော်ပြချက်ကို လေ့လာကြည့်ကြပါစို့။ ဤဟောပြောချက်သည် တပည့်တော်များအား ဘုရင်မင်းမြတ်၏ကိုယ်စားလှယ်များ၊ သို့မဟုတ် ကိုယ်စားပြုသူများအဖြစ် အာရုံစိုက်သည်။ ဤအပိုင်းတွင်၊ ယေရှုသည် ရှေ့ဇာတ်ကြောင်းအဆုံးတွင် သူတင်ပြခဲ့သောစိန်ခေါ်မှုကို ဖြေကြားခဲ့သည်။ ဧဝံဂေလိဆရာများနှင့် ခေါင်းဆောင်များပေါ်ထွန်းလာစေရန် ဘုရားသခင်ထံဆုတောင်းရန် သူ၏နောက်လိုက်များအား မိန့်ကြားပြီးနောက်၊ ယေရှုသည် တပည့်တော်တကျိပ်နှစ်ပါးကိုတန်ခိုးအာဏာအပ်နှင်းခြင်းဖြင့် သာသနာအမှုတော်ချဲ့ထွင်ကာ၊ သူကိုယ်တိုင်ပြုသကဲ့သို့ နိုင်ငံတော်၏မျက်မှောက်တော်ကို နှုတ်ကပတ်တော်နှင့် လုပ်ဆောင်မှုဖြင့် ကြေညာရန် မိန့်တော်မူခဲ့သည်။ မဿဲ ၁၀:၇-၈ တွင် ကျွန်ုပ်တို့ဖတ်ရသည့်အတိုင်း ယေရှုသည် သူတို့ကို ဤစကားများဖြင့် တာဝန်ပေးတော်မူခဲ့သည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> သွားစဉ်တွင်၊ ကောင်းကင်နိုင်ငံတော် တည်လုနီးပြီဟု သိတင်းကြားပြောကြလော့။ နာသောသူတို့အား ချမ်းသာပေးကြလော့။ သေသောသူတို့ကို ထမြောက်စေကြလော့။ နူသောသူတို့ကို သန့်ရှင်းစေကြလော့။ နတ်ဆိုးတို့ကိုလည်း နှင်ထုတ်ကြလော့ (မဿဲ ၁၀:၇-၈)။

ယေရှုသည် တပည့်တော်တို့ကို မစေလွှတ်မီ သတိပေးချက်များစွာ ပေးခဲ့သည်။ ယေရှု၏စံနမူနာကို လိုက်လျှောက်သောအခါ ဘဝသည် လွယ်ကူမည်မဟုတ်။ ကမ္ဘာကြီးသည် သူတို့အပေါ် ကြင်နာမည်မဟုတ်။ သူတို့ ဒုက္ခရောက်မည်။ လှောင်ပြောင်၊ ဖမ်းဆီး၊ သတ်ခြင်းခံကြရလိမ့်မည်။ သို့သော် သူတို့၏ သာသနာအမှုတော်ကို ကောင်းကင်ခမည်းတော်သည် ကောင်းချီးပေးမည်ဖြစ်ပြီး နောက်ဆုံးတွင် နိုင်ငံတော်၏အသက်ကို ၎င်းတို့ပိုင်ဆိုင်နိုင်မည်ဟု ယေရှုကတိပြုခဲ့သည်။ မဿဲ ၁၀:၃၉ တွင် ယေရှုသည် တပည့်တော်များအား စိတ်ချစေပုံကို နားထောင်ပါ_

> မိမိအသက်ကို တွေ့သောသူသည် အသက်ရှုံးလိမ့်မည်။ ငါ့ကြောင့် မိမိအသက်ရှုံးသောသူမူကား အသက်ကို တွေ့လိမ့်မည် (မဿဲ ၁၀:၃၉)။

ယေရှု၏တပည့်များသည် ယေရှု၏သွန်သင်ခြင်းနှင့် ကုသခြင်းသာသနာအမှုတော်ကိုထောက်၍ သူတို့၏ယခင်အသက်တာကို စွန့်လွှတ်ခဲ့ကြသည်။ သို့သော် ရှင်ဘုရင်ယေရှု၏ အပေါင်းအသင်း၌စစ်မှန်သည့်နိုင်ငံတော်အသက်ကို ရှာတွေ့မည်ဟု သူတို့ကို ယေရှုကိုယ်တိုင် အာမခံခဲ့သည်။

ဤခရစ်ဝင်ကျမ်း၏ဒုတိယအဓိကအစိတ်အပိုင်းတွင်၊ မဿဲသည် နိုင်ငံတော်၏ပြန့်ပွားပုံကို ဖော်ပြသည်ကို ကျွန်ုပ်တို့တွေ့ခဲ့ရသည်။ အထူးသဖြင့် သခင်ယေရှု၏ တန်ခိုးနှင့်ဆိုင်သော အမှုများနှင့် တပည့်တော်များထံ ယေရှု၏ ညွှန်ကြားချက်များ ပါဝင်သည်။ ၎င်းသည် မျက်မှောက်ခေတ်အသင်းတော်တွင် ကျွန်ုပ်တို့၏သာသနာအမှုတော်အတွက် စံနမူနာကောင်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ယေရှု၏ တန်ခိုးကို အားကိုးပြီး သစ္စာရှိတပည့်တော်များအဖြစ် အစေခံနေကြစဉ်၊ ယေရှုသည် ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်၏နိုင်ငံတော်ကို တည်ဆောက်ကာ၊ ကောင်းကင်ဆိုင်ရာကောင်းချီးမင်္ဂလာများဖြင့် ကျွန်ုပ်တို့ကို ဆုချမည်ဖြစ်သည်။

# နိမိတ်လက္ခဏာများနှင့် ပုံဥပမာများ

မဿဲခရစ်ဝင်ကျမ်း၏တတိယမြောက်အဓိကအစိတ်အပိုင်းသည် ရှင်ဘုရင်နှင့်သူ၏နိုင်ငံတော်ကို နိမိတ်လက္ခဏာများနှင့်ပုံဥပမာများအားဖြင့်ဆက်လက်ဖော်ပြပြီး မဿဲ ၁၁:၂–၁၃:၅၃ တွင်တွေ့ရှိရသည်။

## နိမိတ်လက္ခဏာများနှင့် တုံ့ပြန်မှုများ

မဿဲ၏ဇာတ်ကြောင်းသည် ယေရှုလုပ်ဆောင်ခဲ့သော နိမိတ်လက္ခဏာများနှင့် ကိုယ်တော်၏ နိမိတ်လက္ခဏာများကို တုံ့ပြန်ခြင်းအပေါ် မဿဲ ၁၁:၂–၁၂:၅၀ တွင်တွေ့ရသည်။ ဤနိမိတ်လက္ခဏာများသည် ရှင်ဘုရင်နှင့် သူ၏နိုင်ငံတော် တည်ရှိနေကြောင်း သက်သေပြပြီး၊ နိုင်ငံတော်သည် မည်သို့မည်ပုံ

ဖြစ်မည်နှင့်ပတ်သက်၍ မှားယွင်းသောမျှော်လင့်ချက်များကို ပြုပြင်ပေးသည်။ ရလဒ်သည်၊ အမြစ်တွယ်နေပြီဖြစ်သောဝေဖန်မှုများသည် ပို၍ကြီးထွား ပြန့်ပွားလာသည်။

ဤအပိုင်းတွဲများကို အပိုင်းငါးပိုင်းအဖြစ် ပိုင်းခြားထားပါသည်_ ၁၁:၂-၁၉ တွင်၊ ယေရှုသည် ဓမ္မဟောင်းပရောဖက်ပြုချက်များကို ပြည့်စုံစေသော မေရှိယဖြစ်ခြင်းကို သူ၏နိမိတ်လက္ခဏာများသည် သက်သေပြခဲ့ကြောင်း နှစ်ခြင်းဆရာယောဟန်အား ယေရှုအာမခံခဲ့ပြီး၊ လူထုကို နောင်တရခြင်းဖြင့် သူ၏နိမိတ်လက္ခဏာများကို တုံ့ပြန်ရန်တောင်းဆိုခဲ့သည်။ ၁၁:၂၀-၃၀ တွင် ယေရှုသည် သူအံ့ဖွယ်အမှုများပြုလုပ်ခဲ့သည့်မြို့များကို ဖော်ပြပြီး၊ နောင်တမရသောသူများကို သတိပေးကာ သူ့ထံလာသူများကိုငြိမ်သက်ခြင်းပေးခဲ့သည်။ မဿဲ ၁၁:၃၀ တွင် ရေးထားသကဲ့သို့_

> အကြောင်းမူကား၊ ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေါ့၏ဟု မိန့်တော်မူ၏ (မဿဲ ၁၁:၃၀)။

၁၂:၁-၂၁ တွင်၊ မဿဲသည် ယေရှု၏နိမိတ်လက္ခဏာများနှင့်ပတ်သက်၍ ဖာရိရှဲများ၏တုံ့ပြန်မှုအပိုင်းများကို စတင်အာရုံစိုက်ခဲ့သည်။ ဦးစွာ၊ ဥပုဒ်နေ့အတွက် ဘုရားသခင်၏ရည်ရွယ်ချက်များအပေါ် ဖာရိရှဲများနှင့် ယေရှုငြင်းဆိုပုံတို့ကို တင်ပြခဲ့ပြီး၊ ဥပုဒ်နေ့တွင် လူတစ်ဦးကို ကုသခြင်းဖြင့် သူ၏အခွင့်အာဏာကို ပြသခဲ့သည်။ ဥပုဒ်နေ့သည် ကုသခြင်းနှင့် အသက်များကို ကယ်တင်ရန်ဖြစ်ကြောင်း ယေရှုသွန်သင်ခဲ့သည်။

၁၂:၂၂-၃၇ တွင်၊ ဖာရိရှဲများသည် ယေရှုအား သူ၏အံ့ဖွယ်အမှုများကြောင့် လူများအံ့အားသင့်ခဲ့ကြသော်လည်း၊ ဗေလဇေဗုလ၏တန်ခိုးကို အသုံးပြုခဲ့ကြောင်း စွပ်စွဲကြသည်။ ကိုယ်တော်အား မေရှိယအဖြစ်လက်ခံမည့်အစား၊ နတ်ဆိုးပူးကပ်နေသူဟု ပညတ်တရားဆရာများယုံကြည်ကြသည်။

၁၂:၃၈-၅၀ တွင်၊ ဖာရိရှဲများသည် ယုံကြည်ဟန်ဆောင်ကာ အခြားနိမိတ်လက္ခဏာကို တောင်းဆိုသော်လည်း၊ ယောန၏နိမိတ်လက္ခဏာကိုသာ ရရှိမည်ဖြစ်ကြောင်း ယေရှုသတိပေးခဲ့သည်။ ၎င်းနိမိတ်လက္ခဏာသည် အဘယ်နည်း။ ယောနသည် ငါးကြီးဝမ်းမှ သုံးရက်အကြာတွင် ထွက်ပြီး နိနေဝေမြို့ရှိ တပါးအမျိုးသားများ၏နောင်တရမှုကို ဖြစ်စေခဲ့သကဲ့သို့၊ ယေရှု၏ မြေကြီးတွင်းမှသုံးရက်အကြာ အနာဂတ်ရှင်ပြန်ထမြောက်ခြင်းသည် တပါးအမျိုးသားများစွာ၏နောင်တရခြင်းကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

နောင်တရသော မည်သည့်လူမျိုးကိုမဆို ဘုရားသခင်မည်သို့လက်ခံမည်ကို သရုပ်ပြရန်၊ ယေရှုသည် သူ၏လူဇာတိအရ ဂျူးလူမျိုးမိခင်နှင့် ညီအစ်ကိုများသည် သူ၏မိသားစုမဟုတ်ကြောင်း ပြောခဲ့သည်။ ၎င်းအစား မဿဲ ၁၂:၄၉-၅၀ တွင်ဖော်ပြထားသည်အတိုင်း_

> ဤသူတို့သည် ငါ့အမိ၊ ငါ့ညီပေတည်း။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ့အဘ၏အလိုတော်ကိုဆောင်သောသူသည် ငါ့ညီ၊ ငါ့နှမ၊ ငါ့အမိ ဖြစ်သတည်းဟု မိန့်တော်မူ၏ (မဿဲ ၁၂:၄၉-၅၀)။

ယခု ယေရှုလုပ်ဆောင်ခဲ့သော နိမိတ်လက္ခဏာများအကြောင်း မဿဲ၏ဇာတ်ကြောင်းကို ကျွန်ုပ်တို့ကြည့်ရှုပြီးနောက်၊ မဿဲ ၁၃:၁-၅၃ တွင် ယေရှု၏နိုင်ငံတော်ပုံဥပမာများအကြောင်း သူ၏ဟောပြောချက်ကို ဆက်ကြည့်ကြပါစို့။

## နိုင်ငံတော်ပုံဥပမာများ

မဿဲ၏မှတ်တမ်းတွင် ယေရှု၏လူသိများသောပုံဥပမာများကို အပိုင်းငါးပိုင်းဖြင့် ဖော်ပြသည်။ ၁၃:၁-၂၃ တွင်မျိုးစေ့ကြဲသူ၏ပုံဥပမာ၊ ၁၃:၂၄-၃၀ တွင် ပေါင်းပင်ပုံဥပမာ၊ ၁၃:၃၁-၄၃ တွင် မုန်ညင်းစေ့နှင့်တဆေး၊ ၁၃:၄၄-၄၆ တွင် ဝှက်ထားသောဘဏ္ဍာနှင့်ပုလဲ၊ ၁၃:၄၇-၅၃ တွင် ပိုက်ကွန်ပုံဥပမာတို့ ဖြစ်သည်။ ဤပုံဥပမာများသည် ဘုရားသခင်၏နိုင်ငံတော်အကြောင်း ရှင်းပြမှုကိုနားလည်မှုလွဲမှားခြင်းအား ပြုပြင်ရန် ပုံစံပြုထားသည်။

အချို့သောပုံဥပမာများတွင် —၁၃း၃၁-၃၂ တွင်ရှိသောမုန်ညင်းစေ့ပုံဥပမာများ၊ အခန်းငယ် ၃၃ တွင်ရှိသောတဆေး၊ အခန်းငယ် ၄၄ တွင်ရှိသောရတနာ၊ နှင့် အခန်းငယ် ၄၅-၄၆ တွင်ရှိသောပုလဲကဲ့သို့သော— ကောင်းကင်နိုင်ငံတော်သည် အလွန်တန်ဖိုးရှိပြီး အကုန်အကျခံရှာဖွေရမည်ဟု ယေရှုသွန်သင်ခဲ့သည်။ အစပိုင်းတွင် သိပ်အရေးမကြီးဟုထင်ရသော်လည်း တစ်နေ့တွင်၎င်း၏ဂုဏ်အသရေကို မြင်တွေ့ရပါလိမ့်မည်။

သို့သော် ရှင်ဘုရင်ယေရှုနှင့် ကိုယ်တော်၏နိုင်ငံတော်ကို လက်ခံယုံကြည်ရန် ဣသရေလလူမျိုး၏ ပျက်ကွက်မှုကို အာရုံစိုက်သည့် အခြားပုံဥပမာများကိုလည်း ယေရှုသည်ပြောပြသည်။ မဿဲ ၁၃:၁-၂၃ တွင် မျိုးစေ့ကြဲသူပုံဥပမာနှင့် ၎င်း၏ရှင်းပြချက်တွင် ယေရှုသည် ယုံကြည်ခြင်းအတွက် အတားအဆီးများစွာရှိကြောင်းနှင့် လူအများစုသည် နိုင်ငံတော်ကို ငြင်းပယ်မည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြခဲ့သည်။

ဤအယူအဆကို အခန်းငယ် ၂၄-၃၀ နှင့် ၃၆-၄၃ တွင် တောမျိုးစေ့ပုံဥပမာနှင့် အခန်းငယ် ၄၇-၅၁ တွင် ပိုက်ပုံဥပမာတို့ဖြင့် အားဖြည့်ထားသည်။ လူများစွာသည် နိုင်ငံတော်ကို လက်ခံရန် ငြင်းဆန်ပြီး အဆုံးတွင် ဖျက်ဆီးခံရမည်ဖြစ်ကြောင်း ယေရှု သွန်သင်ခဲ့သည်။ ဤပုံဥပမာများသည် ယေရှုကိုဆန့်ကျင်သူတို့အား ရှင်းလင်းစွာသတိပေးချက်ဖြစ်သည်။ မယုံကြည်သူများကို နောင်တရရန်နှင့် စစ်မှန်သော ရှင်ဘုရင်တစ်ပါးတည်း၏ သစ္စာရှိနောက်လိုက်များ ဖြစ်လာစေရန် အခွင့်အလမ်းပေးထားသည်။

> ခရစ်တော်ကြွလာပြီ။ ပရောဖက်ပြုချက်တို့ကို ပြည့်စုံစေတော်မူပြီ။ သူ၏နိုင်ငံတော်ကို ပေးရန်ယူဆောင်လာသည်။ သို့သော်လည်း ၎င်း၏အဆုံးရလဒ်ကို စောင့်မျှော်နေဆဲဖြစ်သည်။ ခရစ်ယာန်များအနေနှင့်ကျွန်ုပ်တို့သည်၊ ထိုနိုင်ငံတော်သို့ ဝင်ရောက်ကြသော်လည်း၊ ကျွန်ုပ်တို့၏ဦးစားပေးမှုများနှင့်ပတ်သက်၍ အစဉ်ပြန်လည်သုံးသပ်နေရန် လိုအပ်သည်၊ သူ့နောက်သို့လိုက်သင့်သည့်အတိုင်း မလိုက်ခြင်းကြောင့် နောင်တရခြင်း၊ ကိုယ်တော်၏အလိုတော်နှင့်အညီ ကျွန်ုပ်တို့၏အသက်တာကို သစ္စာရှိစွာကြိုးစားနေထိုင်ခြင်း၊ သူ၏တန်ဖိုးများနှင့် နိုင်ငံတော်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ၌မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည် မည်သို့သော အကြောင်းအရာများဖြစ်သည်ကို သဘောတူခြင်း။ ထို့ကြောင့်၊ ပရောဖက်အဖြစ်၊ ယဇ်ပုရောဟိတ်အဖြစ်၊ ရှင်ဘုရင်အဖြစ် နောင်တရကာဝန်ခံခြင်းဖြင့် ကိုယ်တော်ထံရောက်ရှိလာပြီး၊ ဤလောက၌ ကျွန်ုပ်တို့အတွက် ကိုယ်တော်၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့်နည်းဖြင့် သူ၏နောက်လိုက်ကာအစေခံရန် အစဉ်လိုအပ်သည်။

**ဒေါက်တာ Stephen J. Wellum**

ကျွန်ုပ်တို့သည် ခရစ်ယာန်များအား ဆက်လက်လုပ်ဆောင်ရန်နှင့် ဘုရားသခင်၏နိုင်ငံတော် ကြွလာမည့်အချိန်ကို တောင့်တရန် တိုက်တွန်းလိုပါသည်။ ဦးစွာ၊ ကိုယ်ပိုင်ရှုထောင့်အရ၊ ကောင်းကင်နိုင်ငံတော်၏အခွင့်အာဏာသည် အသက်တာတွင် ကျွန်ုပ်တို့၏တန်ခိုးဖြစ်သည်။ ဘုရားသခင်ထံ နာခံရန်နှင့် ဘုရားသခင်ကိုဗဟိုပြုသောအသက်တာတွင် နေထိုင်ရန် ကျွန်ုပ်တို့အား လှုံ့ဆော်ပေးသည်၊ သို့မှသာ ကျွန်ုပ်တို့၏အသက်တာတွင် ဘုရားသခင်၏ အခွင့်အာဏာသည် ဝိညာဉ်ရေးအသက်တာ၏ပန်းတိုင်ဖြစ်လာမည်ဖြစ်သည်။ ဒုတိယ၊ ရွေးနှုတ်ခြင်းသမိုင်းကိုရှုမြင်ခြင်းဖြင့် ကောင်းကင်နိုင်ငံတော်၏အယူအဆကို လေ့လာရန်လိုအပ်သည်။ သူ၏ရွေးနှုတ်ခြင်းအစီအစဉ်ကို မည်သို့စတင်သည်၊ မည်သို့ဖော်ထုတ်သည်နှင့် မည်သို့ပြီးမြောက်စေသည်ကို လေ့လာပါသည်။ ထို့နောက် ကောင်းကင်နိုင်ငံတော်၏ သွန်သင်ချက်များသည် ဓမ္မဟောင်းနှင့် ဓမ္မသစ်ကိုစည်းလုံးညီညွတ်စေကြောင်း မြင်တွေ့ရလိမ့်မည်။ ရွေးနှုတ်ခြင်းဘုရားသခင်၏ကြီးမားသောအသေးစိတ်ပုံစံကို မြင်တွေ့ရပြီး ကိုယ်တော်၏ပြည့်စုံသောရည်ရွယ်ချက်ကို လွယ်ကူစွာဆုပ်ကိုင်နိုင်ရန် ကူညီပေးသည်။ တတိယ၊ ကောင်းကင်နိုင်ငံတော်သည် မှန်ကန်သော ကျမ်းစာဆိုင်ရာလောကအမြင်ကိုဖန်တီးပေးပြီး အရာခပ်သိမ်းသည် ဘုရားသခင်နှင့်သက်ဆိုင်ကြောင်း သိမြင်ရန်ကူညီပေးသည်။ သူ၏နိုင်ငံသည် ပြီးမြောက်မည်ဖြစ်ပြီး၊ ဘုရားသခင်ကိုယ်တော်တိုင်သည် အကြွင်းမဲ့ရှင်ဘုရင်ဖြစ်သောကြောင့် မြေကြီးပေါ် ရှိ မကောင်းသောတန်ခိုးအားလုံးကို သုတ်သင်ပယ်ရှင်းမည်ဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည်ကိုယ်တိုင်အတွက် အသက်မရှင်တော့ပါ။ ကျွန်ုပ်တို့၏ အိမ်နီးနားချင်းများ၊ လူ့အဖွဲ့အစည်းနှင့် ဤကမ္ဘာကြီး၏ သာယာဝပြောရေးကို ဂရုစိုက်လိုပါသည်။ ကျွန်ုပ်တို့နှင့် နီးသည်ဖြစ်စေ ဝေးသည်ဖြစ်စေ အာရုံစိုက်သင့်သည် ။ လူ့အဖွဲ့အစည်းထဲဝင်ပြီး ကဏ္ဍပေါင်းစုံကို လိုက်လျောညီထွေဖြစ်စေရန် တာဝန်ကဲ့သို့သဘောထားလျှက် ပြုပြင်ပြောင်းလဲသင့်သည်။

**ဒေါက်တာ Stephen Chan**

# ယုံကြည်ခြင်းနှင့် ကြီးမြတ်ခြင်း

စတုတ္ထအဓိကအစိတ်အပိုင်းသည် ၁၃:၅၄ မှစတင်ကာ ယုံကြည်ခြင်းနှင့် ကြီးမြတ်ခြင်းအပေါ် အထူးပြုပြီး ၁၈:၃၅ အထိ ဖြစ်သည်။ ဤအစိတ်အပိုင်းသည် ကိုယ်တော်၏နိုင်ငံတော်တွင် ကြီးမြတ်ခြင်းသို့ရောက်ရှိသော ယေရှု၏သစ္စာရှိတပည့်တော်ဖြစ်ရခြင်း၏အဓိပ္ပာယ်ကို ဖော်ပြသည်။

## သခင်ယေရှုကို ယုံကြည်ခြင်းအားခုခံတွန်းလှန်ခြင်း

ဤအပိုင်း၏ဇာတ်ကြောင်းအပိုင်းသည် ၁၃:၅၄–၁၇:၂၇ မှစတင်ပြီး ယေရှုကို သူတို့၏ယုံကြည်ခြင်းအပြည့်ဖြင့် အမျိုးသမီးတစ်ဦးမှလွဲ၍ နည်းလမ်းအမျိုးမျိုးဖြင့်ခုခံတွန်းလှန်ရန် တင်ပြသည့် အပိုင်းဆယ့်သုံးပိုင်းပါဝင်သည်။ ပထမအပိုင်းနှစ်ပိုင်းသည် ယေရှုကိုမယုံကြည် လုံးဝငြင်းပယ်သောနှစ်ကြိမ်ကို ဖော်ပြသည်။ ပထမ၊ ၁၃:၅၄-၅၈ တွင် ယေရှုသည် နာဇရက်မြို့သို့ရောက်သောအခါ၊ သူ၏အိမ်နီးချင်းဟောင်းများသည် အံ့ဖွယ်အမှုများပြုလုပ်နိုင်စွမ်းကို အငြင်းအခုံမရှိခဲ့ကြပါ။ သို့သော် သူတို့သည် ရန်ဘက်ပြု၍ ငြင်းပယ်ကြသည်။ ၁၃:၅၈ တွင် နာဇရက်မြို့သားတို့သည် ယုံကြည်ခြင်းကင်းမဲ့သောကြောင့် အံ့ဖွယ်အမှုများစွာမရရှိခဲ့ကြောင်း ကျွန်ုပ်တို့ဖတ်ရှုရသည်။

အခြားတစ်ခု၊ ၁၄း၁-၁၂ သည် ဟေရုဒ်နှင့် နှစ်ခြင်းဆရာယောဟန်သေဆုံးခြင်းအကြောင်းဖြစ်သည်။ ဟေရုဒ်သည် ယောဟန်အားပြုသောအမှုအတွက် ဘုရားသခင်၏တရားစီရင်ခြင်းကို ခံထိုက်သည်။ သို့သော် ၎င်းထက်မက၊ အခန်းငယ် ၁ တွင် ဟေရုဒ်သည် ယေရှု၏အံ့ဖွယ်အမှုများကို ငြင်းဆိုခြင်းမရှိကြောင်း ရှင်းပြထားသည်။ ၎င်းအစား၊ ယေရှုသည် ဟေရုဒ်ကိုဒုက္ခပေးရန်အတွက် နှစ်ခြင်းဆရာယောဟန်အဖြစ် သေခြင်းမှပြန်လာသည်ဟု သူ၏အကြံပေးအရာရှိများ ယုံကြည်ခဲ့ကြသည်။

နောက်အပိုင်းသုံးပိုင်းသည် ယေရှု၏တပည့်တော်များနှင့် သူတို့၏ယုံကြည်ခြင်းကြီးထွားရန်လိုအပ်ပုံကို ဖော်ပြသည်။ မဿဲ ၁၄း၁၃-၂၁ သည် လူငါးထောင်ကို ယေရှုကျွေးမွေးခဲ့သော ဇာတ်လမ်းဖြစ်သည်။ ယေရှုသည် သူ၏နောက်လိုက်နေသူများကို စားစရာကျွေးမွေးရန် တပည့်တော်များအားမိန့်တော်မူသော်လည်း အခန်းငယ် ၁၅ တွင် သူ၏တပည့်တော်များသည် သံသယဝင်၍ စားစရာနည်းလွန်းသည်ဟု ညည်းညူကြသည်။ ထို့ကြောင့် ယေရှုသည် သူတို့၏အစားအစာများကို များပြားစေပြီး အပိုအလျှံများစွာဖြင့် လူငါးထောင်ကို ကျွေးမွေးခြင်းဖြင့် သူ၏တန်ခိုးကို သက်သေပြခဲ့သည်။

၁၄း၂၂-၃၆ တွင် ယေရှုသည် ရေပေါ်လမ်းလျှောက်ခဲ့သည်။ အစပိုင်းတွင် ပေတရုသည် လှေပေါ်မှဆင်းကာ ယေရှုကိုယုံကြည်ကြောင်းပြသခဲ့သော်လည်း၊ ပေတရုသည် အန္တရာယ်ကိုမြင်သောအခါပင်လယ်ထဲသို့နစ်မြုတ်ခဲ့သည်။ သခင်ယေရှုသည် ပေတရုကိုကယ်တင်ပြီးနောက် အခန်းငယ် ၃၁ တွင် “ယုံကြည်အားနည်းသောသူ၊ အဘယ်ကြောင့် ယုံမှားသောစိတ်ဝင်သနည်း” ဟု မိန့်တော်မူခဲ့သည်။

အခန်း ၁၅:၁-၂၀ တွင် ယေရှုနှင့် ဖာရိရှဲအချို့ကြား ပဋိပက္ခကို ဖော်ပြသည်။ ယေရှုပြောခဲ့သည့် ရိုးရှင်းသောအရာတစ်ခုနှင့်ပတ်သက်၍ ရှင်းပြရန် ယေရှုအား ပေတရုတောင်းဆိုခဲ့သည်။ ထို့ကြောင့် အခန်းငယ် ၁၆ တွင် သခင်ယေရှုသည် “သင်တို့သည် ယခုတိုင်အောင် ပညာမဲ့လျက်နေသေးသလော” ဟု တုံ့ပြန်ခဲ့သည်။

၁၅:၂၁-၂၈ တွင်၊ သခင်ယေရှုကို ခိုင်မြဲစွာယုံကြည်သူတစ်ဦး ဤအပိုင်းများတွင် တစ်ကြိမ်တည်းသာရှိသည်—နတ်ဆိုးစွဲသောသမီးနှင့် ခါနာန်အမျိုးသမီးတစ်ဦး။ အခြားသူများနှင့်မတူဘဲ၊ သူမကိုကူညီရန် ယေရှုအားတောင်းဆိုခဲ့သည်။ အခန်းငယ် ၂၈ တွင် ယေရှုသည် "အိုမိန်းမ၊ သင်သည်ယုံကြည်အားကြီးလှပြီ" ဟူ၍ တုံ့ပြန်ခဲ့သည်။

ထို့နောက် မဿဲသည် ယေရှု၏တပည့်တော်များ၏ အားနည်းသောယုံကြည်ခြင်းကို ပြန်လည်ဖော်ပြခဲ့သည်။ ၁၅:၂၉-၃၉ တွင် လူလေးထောင်အား ကျွေးမွေးခြင်းအကြောင်းကို ရေးသားခဲ့သည်။ အခန်းငယ် ၃၃ တွင် တပည့်တော်များသည် ယေရှုကို ယခင်လူငါးထောင်အားကျွေးမွေးသည်ကို မြင်ခဲ့သော်လည်း အစားအစာအလုံအလောက် အဘယ်မှာ ရှာတွေ့နိုင်သနည်းဟု မေးကြသည်။

၁၆း၁-၁၂ တွင် ယေရှုသည် ဖာရိရှဲများ၊ ဇဒ္ဒုကဲများနှင့် ဆွေးနွေးခဲ့သည်။ တစ်ကြိမ်တွင်၊ ကိုယ်တော်သည် တပည့်တော်များဘက်သို့လှည့်၍ "ဖာရိရှဲတို့၏တဆေး" နှင့်ပတ်သက်ပြီးသတိပေးသည်ကို သူတို့နှင့်အတူ အစားအစာမယူခဲ့၍ စိတ်ဆိုးသည်ဟု သူတို့ထင်ကြသည်။ သို့သော် ယေရှုသည် ထောင်နှင့်ချီသောသူများကိုအစားအစာကျွေးမွေးခဲ့သည်ကို သူတို့အားအမှတ်ရစေခဲ့ပြီး၊ အခန်းငယ် ၈ တွင် တပည့်တော်များကို "ယုံကြည်အားနည်းသူများ" ဟုခေါ်ဆိုခဲ့သည်။

ဤအရာပြီးနောက်၊ ကျွန်ုပ်တို့သည် နီးကပ်စွာဆက်စပ်နေသော အပိုင်းနှစ်ပိုင်းကို တွေ့ရသည်။ တစ်ဖက်တွင်၊ ၁၆:၁၃-၂၀ တွင် ပေတရု၏လူသိများသော ယုံကြည်ခြင်းဝန်ခံချက်ဖြစ်သည်။ ၁၆း၁၆ တွင် ပေတရုသည် "ကိုယ်တော်သည် ခရစ်တော်တည်းသော အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်" ဟု ယေရှုကို ထုတ်ဖော်ပြောကြားခဲ့သည်။ ယေရှုသည် ပေတရုအား သူ၏ယုံကြည်ခြင်းအတွက် ချီးမွမ်း၍ ကောင်းချီးပေးခဲ့သည်။

သို့သော် ၁၆း၂၁-၂၇ တွင် ယေရှုသည် ပေတရုကို ပြင်းထန်စွာပြစ်တင်ဆုံးမခဲ့သည်။ ဆင်းရဲဒုက္ခခံကာ အသေခံဖို့ရန်ယေရှုရှလင်မြို့သို့ သွားမည့်အကြောင်း တပည့်တော်များကို ယေရှု စမိန့်တော်မူသည်။ ပေတရု ကန့်ကွက်သောအခါ၊ ယေရှုသည် အခန်းငယ် ၂၃ တွင် ပြင်းထန်စွာ တုန့်ပြန်ခဲ့သည်– "အချင်းရန်သူ၊ ငါ့နောက်သို့ဆုတ်လော့" ပေတရုသည် လူကဲ့သို့တွေးပြီး ဘုရားသခင်ကဲ့သို့မစဉ်းစားကြောင်း ယေရှုရှင်းပြခဲ့သည်။

ဤဆုံးမခြင်းပြီးနောက်၊ ၁၇:၁-၁၃ တွင် ယေရှု၏အသွင်ပြောင်းခြင်းကို တွေ့ရသည်။ ဘုန်းအသရေနှင့်ယေရှုကို တပည့်တော်တို့သည် မြင်သောအခါ ထိုအရပ်၌ တဲဆောက်လိုကြသည်။ သို့သော် အခန်းငယ် ၁၂ တွင်၊ ရှင်ပြန်ထမြောက်ပြီးနောက် သူ၏စစ်မှန်သောဘုန်းအသရေကို မြင်တွေ့ရမည်ဖြစ်ကြောင်း သူတို့ကို ယေရှုသတိပေးခဲ့သည်။

၁၇:၁၄-၂၃ တွင် နတ်ဆိုးစွဲသောလူငယ်တစ်ဦးအကြောင်း ကျွန်ုပ်တို့ဖတ်ရသည်။ ယေရှု၏တပည့်တော်များသည် နတ်ဆိုးကို နှင်ထုတ်ရန် ကြိုးစားသော်လည်း မအောင်မြင်ကြပါ။ ထိုသို့ပြုလုပ်ပြီးနောက် ယေရှုသည် အခန်းငယ် ၂၀ တွင် "သင်တို့သည် ယုံကြည်ခြင်းမရှိ" ဟုမိန့်တော်မူခဲ့သည်။

နောက်ဆုံးတွင်၊ ၁၇:၂၄-၂၇ တွင်၊ အခွန်ခံသောသူများသည် ယေရှု၏တပည့်တော်များထံလာ၍ ယေရှုသည် ဗိမာန်တော်အခွန်ကို ပေးဆောင်သလောဟု မေးခဲ့သည်။ ယေရှုသည် ပေးကြောင်းကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပေတရုသည် ကြောက်ရွံ့ခြင်းကင်းစွာဖြင့် လျင်မြန်စွာပြန်ပြောသည်။ နောက်ပိုင်းတွင် ပေတရုသည် ယေရှုထံငွေတောင်းရန်လာရာ၌ ယေရှုသည် အံ့ဖွယ်အမှုကို လုပ်ဆောင်ခြင်းဖြင့်ငွေပေးပြီး၊ ပေတရု အနေဖြင့် စိုးရိမ်ရန်မလိုကြောင်း ရှင်းပြခဲ့သည်။

မဿဲသည် ယေရှုကို ငြင်းပယ်သူများနှင့် ယုံကြည်သူ ခါနာန်အမျိုးသမီးအကြောင်း ပြောနေသော်လည်း၊ သူ၏အဓိကအာရုံစိုက်မှုသည် တပည့်တော်များ ကိုယ်တော့်ကိုယုံကြည်ခြင်း၌ ကြီးထွားလာဖို့ရန် ဖြစ်သည်။

တစ်ဖန် မဿဲသည် ၁၈:၁-၃၅ တွင် ယေရှု၏ဟောပြောချက်ဖြင့် သူ၏ဇာတ်ကြောင်းကို ဖော်ပြသည်။ ဤဟောပြောချက်သည် ဘုရားသခင့်နိုင်ငံတော်မိသားစုရှိ စစ်မှန်သောကြီးမြတ်မှု၊ ဘုရားသခင့် နိုင်ငံတော်ရှိ ညီအစ်ကိုမောင်နှမများကြား နှိမ့်ချသောအမှုတော်မှ ဖြစ်ပေါ်လာသော ကြီးမြတ်မှုအပေါ် အလေးပေးထားသည်။

## နိုင်ငံတော်မိသားစုတွင် ကြီးမြတ်ခြင်း

ယခင်အခန်း၏နောက်ဆုံးအပိုင်းတွင်၊ ယေရှုသည် သူ၏နောက်လိုက်များအား ဘုရားသခင်၊ ရှင်ဘုရင်၏သားများအဖြစ် မိန့်ဆိုခဲ့သည်။ ဤသက်သေခံချက်သည် မဿဲသည် သူ၏ခရစ်ဝင်ကျမ်း၏ ဤအပိုင်းကို အဓိကမေးခွန်းဖြင့် စတင်စေခဲ့သည်။ မဿဲ ၁၈:၁ တွင်ကျွန်ုပ်တို့ဖတ်ရသည်အတိုင်း_

> ကောင်းကင်နိုင်ငံတော်၌ အဘယ်သူသည်သာ၍ကြီးမြတ် ပါအံ့နည်း (မဿဲ ၁၈:၁)။

ယေရှုသည် ဤမေးခွန်းကို အဓိကအပိုင်းလေးပိုင်းဖြင့် သရုပ်ဖော်ခြင်းများနှင့် ပုံဥပမာများဖြင့် ရေနှောကာ ဖြေကြားခဲ့သည်။ ပထမ၊ ၁၈:၂-၄ တွင် ယေရှုသည် ကလေးသူငယ်များကဲ့သို့ နှိမ့်ချစွာ နေထိုင်ရန် တပည့်တော်များအား တိုက်တွန်းခဲ့သည်။

ရန်သူများထံမှတိုးများလာနေသည့် ဆန့်ကျင်တိုက်ခိုက်ခြင်းကို ရင်ဆိုင်ရာတွင်၊ ယေရှုသည်မိမိ၏တပည့်တော်များအား ဘုရားသခင်၏သားတော်များအဖြစ် ကောင်းကင်နိုင်ငံတော်တွင် မည်သို့နေထိုင်ရမည်ကို သွန်သင်ပေးခဲ့သည်။ အနာဂတ်နိုင်ငံတော်၏ ပြီးပြည့်စုံခြင်းသည် မရောက်သေးကြောင်း သူသိသည်။ ရန်သူများနှင့် အပြစ်ကိုခုခံတွန်းလှန်ခြင်းသည် ဘုရားသခင်၏ သားသမီးများအတွက် ဘဝ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်ကို သူသိသည်။

အခန်းငယ် ၅-၁၄ တွင်၊ ပျောက်သောသိုးများကို ကောင်းကင်ခမည်းတော်ဂရုစိုက်သကဲ့သို့ အားနည်းသူများကို ပြုစုစောင့်ရှောက်ရန် သူတို့ကို သွန်သင်ခဲ့သည်။ မဿဲ ၁၈:၁၀၊ ၁၄ တွင် ယေရှု၏ စကားများကို နားထောင်ပါ_

> သင်တို့သည် ဤသူငယ်ကို တစုံတယောက်ကို မထီမဲ့မြင်မပြုမည်အကြောင်း သတိရှိကြလော့။… ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤသူငယ်တယောက်ကိုမျှ ပျက်စီးစေ ခြင်းငှာ အလိုတော်မရှိ (မဿဲ ၁၈:၁၀၊ ၁၄)။

ယေရှုသည် မဿဲ ၁၈:၁၅-၂၀ တွင် ဤအယူအဆကို တည်ဆောက်ခဲ့ပြီး၊ သူ၏နောက်လိုက်များ၏ဆက်ဆံရေးကို အပြစ်တရားသည်အနှောင့်အယှက်ပြုနေသည့်တိုင် ဘုရားသခင်၏မိသားစုဝင်များအဖြစ် အချင်းချင်းဆက်ဆံရန် တောင်းဆိုခဲ့သည်။ အခန်းငယ် ၂၁-၃၅ တွင်၊ ကောင်းကင်ဘုံ၌ရှိတော်မူသော သူတို့၏ခမည်းတော်သည် သူတို့ကို ခွင့်လွှတ်တော်မူသည့်အတိုင်း အပြစ်ရှိသော "ညီအစ်ကို" ကို ခွင့်လွှတ်ရန် အခိုင်အမာပြောဆိုခဲ့သည်။

ဘုရားသခင်သည် တန်ခိုးကြီးသောအမှုများစွာကို ဆက်လက်လုပ်ဆောင်ပြီး မြေကြီးပေါ်တွင် သူ၏နိုင်ငံတော်ကို ကြီးထွားစေသောကြောင့် ကျွန်ုပ်တို့ခေတ်တွင် ဘုရားသခင်၏ဘုန်းတော်သည် ဆက်လက်တိုးမြင့်လာသည်။ သို့သော် ယေရှုခေတ်ကဲ့သို့ပင် ဘုရားသခင်ကို ဆန့်ကျင်မှုတိုးများလာသည်ကို ဆိုလိုသည်။ ကျေးဇူးတော်အားဖြင့်၊ ဘုရားသခင်သည် အခက်အခဲများနှင့် စုံစမ်းနှောင့်ယှက်မှုများနှင့်အတူ ကျွန်ုပ်တို့၏ရုန်းကန်မှုများကို ကူညီပေးရန်အတွက် အဖိုးတန်ဆုကျေးဇူးများကို ပေးတော်မူသည်။ ဤဆုကျေးဇူးများတွင် ခံနိုင်ရည်၊ ငြိမ်သက်ခြင်းနှင့် ကျွန်ုပ်တို့နှင့်အတူ ကိုယ်တော်ရှိနေခြင်းပင် ဖြစ်ပါသည်။ အထူးဆုကျေးဇူးများထဲမှ တစ်ခုသည် ကျွန်ုပ်တို့၏ဖခင်အဖြစ် ဘုရားသခင်နှင့် ဆက်ဆံရေးဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ဂရုစိုက်ပြီးကာကွယ်ပေးကာ၊ ကျွန်ုပ်တို့၏အားနည်းချက်ကို နားလည်ပြီး စာနာပေးသည်။ ထို့အပြင် ကျွန်ုပ်တို့အပေါ် အမှုဆောင်ပြီး ကျွန်ုပ်တို့ကိုချစ်သည့် လူသားမိသားစုကိုလည်း ပေးတော်မူသည်—အသင်းတော်၊ ဘုရားသခင်၏ မိသားစုရှိ ညီအစ်ကိုမောင်နှမများ။

# မျက်မှောက်ခေတ်ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် အနာဂတ်အောင်မြင်ခြင်း

မဿဲခရစ်ဝင်ကျမ်း၏ ပဥ္စမမြောက် အဓိကအစိတ်အပိုင်း၏ အကြောင်းအရာသည် ကောင်းကင်နိုင်ငံတော်နှင့် ၎င်း၏အနာဂတ်အောင်မြင်ခြင်းတို့ကို မျက်မှောက်ခေတ်ဆန့်ကျင်တိုက်ခိုက်ခြင်းဖြစ်သည်။ ဤဇာတ်ကြောင်းကို ၁၉:၁–၂၂:၄၆ တွင်တွေ့ရပြီး ယေရှုသည် သူ၏ဘဝတွင် ကြီးမားသော ဆန့်ကျင်တိုက်ခိုက်ခြင်းကို ဤအချိန်၌ရင်ဆိုင်ခဲ့ရပုံကို ဖော်ပြသည်။

## ဆန့်ကျင်တိုက်ခိုက်ခြင်း ပြင်းထန်လာခြင်း

ဤအခန်းကြီးများသည် ယေရှု၏လုပ်ရှားမှုကိုအခြေခံ၍ အဓိကအပိုင်းသုံးပိုင်းခွဲထားသည်။ ၁၉:၁–၂၀:၁၆ တွင်၊ ယေရှုသည် ယုဒပြည်၌ ဆန့်ကျင်တိုက်ခိုက်ခြင်းကို ရင်ဆိုင်ခဲ့သည်။ ထိုအရပ်၌ ဖာရိရှဲတို့နှင့် ကွာရှင်းပြတ်စဲခြင်းအကြောင်းကို ဆွေးနွေးတော်မူသည်။ စည်းစိမ်ဥစ္စာနှင့် အာဏာကို နားလည်မှုလွဲမှားခြင်းမှ ဖြစ်ပေါ်လာသော ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့်လည်း ဖြေရှင်းခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ဝင်ကျမ်းအစောပိုင်းတွင်၊ မဿဲသည် ယေရှုနှင့် ဂျူးလူမျိုးခေါင်းဆောင်များကြား တင်းမာမှု၏အခြေအနေအစကို မှတ်သားခဲ့သည်။ ဤကဏ္ဍတွင်၊ ရန်လိုမုန်းတီးမှုသည် အပြည့်အဝ ကြီးထွားလာကြောင်း တင်ပြခဲ့သည်။ ဥပမာ၊ ဖာရိရှဲများသည် တစ်ခါတစ်ရံတွင် ယေရှုကို ထောင်ချောက်ဆင်ရန် ရည်ရွယ်ထားသော မေးခွန်းများ မေးကြသည် မဿဲ ၁၉:၃-၉; ၂၁:၁၆၊ ၂၃ နှင့် ၂၂:၁၅-၄၀။ ဥပမာတစ်ခုအနေနှင့် မဿဲ ၂၂:၁၅ တွင်တွေ့ရသော မဿဲ၏တင်ပြချက်ကို နားထောင်ပါ_

> ထိုအခါ ဖာရိရှဲတို့သည် ထွက်သွားပြီးလျှင်၊ ငါတို့သည်သူ၏စကားကို ချောင်းမြောင်း၍ အပြစ်ပြုခွင့်ကို အဘယ်သို့ရနိုင်သနည်းဟု မေးမြန်းတိုင်ပင်ပြီးမှ၊ (မဿဲ ၂၂:၁၅)။

တစ်ချိန်တည်းမှာပင်၊ ယေရှုသည်တစ်ခါတစ်ရံ ဂျူးခေါင်းဆောင်များကို စိန်ခေါ် ခဲ့သည်။ သားနှစ်ယောက်ပုံဥပမာ၊ ဥယျာဉ်ငှားသူနှင့် မင်္ဂလာပွဲပုံဥပမာ ၂၁:၂၈–၂၂:၁၅ တို့တွင် ဤအရာကိုတွေ့မြင်ရသည်။

သို့သော် နှုတ်ဖြင့်အပြန်အလှန်ပဋိပက္ခဖြစ်ခြင်းသည် အကန့်အသတ်မရှိပါ။ မဿဲ ၂၁:၁၂-၁၆ တွင် ယေရှုသည် ငွေလဲသူများ၏စားပွဲများကို မှောက်လှန်ပြီး ဗိမာန်တော်မှ နှင်ထုတ်သည့်အခါ တစ်ခါတစ်ရံ ထိပ်တိုက်ဖြစ်ပြီး ပို၍ပြင်းထန်သည်။ အထူးသဖြင့် ၂၃:၁၃-၃၅ တွင်တွေ့ရသော အမင်္ဂလာခုနစ်ပါးတွင် သူ၏စကားများသည် ရင့်သီးသည်။ မဿဲ ၂၃:၁၅ တွင် ယေရှု ဆုံးမတော်မူပုံကို နားထောင်ပါ_

> လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ လူ တ ယောက်ကိုပင် ဘာသာသွင်းခြင်းငှါ ကုန်းကြောင်း ရေကြောင်းပတ်ပတ်လှည့်လည်၍ ဘာသာသွင်းပြီးသောသူ ကိုလည်း၊ မိမိတို့ထက် နှစ်ဆသောငရဲသားဖြစ်စေကြ၏ (မဿဲ ၂၃:၁၅)။

ဤအခန်းကြီးများတွင် ယေရှုနှင့် ဂျူးလူမျိုးခေါင်းဆောင်များသည်သာ ဇာတ်ကောင်များမဟုတ်ပါ။ ၂၁:၁-၁၁ တွင် အောင်ပွဲခံခြင်းကဲ့သို့သော အချိန်အခါများတွင် လူအုပ်ကြီး၏ယေရှုကို ဂုဏ်ပြုသည့်ပုံစံသည် ဂျူးလူမျိုးခေါင်းဆောင်များ၏ရန်လိုမှုကို ပိုမိုဆိုးရွားစေခဲ့သည်။

ဤကဏ္ဍတစ်လျှောက်လုံးတွင် ယေရှုသည် ဤထိပ်တိုက်ရင်ဆိုင်မှုကို ရှုထောင့်တစ်ခုအနေနှင့် ရှုမြင်သုံးသပ်ရန် တပည့်တော်များအား တိုက်တွန်းခဲ့သည်။ မဿဲ ၁၉:၂၇-၃၀ တွင်၊ တစ်နေ့တွင် ထိုသူတို့သည် ကိုယ်တော်နှင့်အတူ ဘုန်းအသရေနှင့်ထိုင်ကြလိမ့်မည်ဟု ကတိပြုခဲ့သည်။ သို့သော် ၂၀:၁၇-၁၉ တွင်၊ ထိုဘုန်းကြီးသောနေ့ရက်များသည် မိမိအသေခံပြီးနောက်မှသာ ရောက်လာမည်ဖြစ်ကြောင်းကိုလည်း သတိပေးခဲ့သည်။

ထို့ပြင် နှိမ့်ချခြင်းဝေဒနာကို ယေရှုဝေဒနာခံစားပြီးမှသာ တပည့်တော်များ ဘုန်းအသရေကိုရရှိမည်ဟု အခိုင်အမာပြောဆိုခဲ့သည်။ ယေရှုသည် ဤအချက်ကိုလူထုအား သုံးကြိမ်တိုင်မိန့်တော်မူခဲ့သည်။ မဿဲ ၁၉:၃၀ တွင်၊ ယေရှုသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> နောက်ကျသောသူအများတို့သည် အရင်ကျကြလိမ့်မည်။
> အရင်ကျသောသူအများတို့သည် နောက်ကျ ကြလိမ့်မည် (မဿဲ ၁၉:၃၀)။

ထို့နောက် မဿဲ ၂၀:၁၆ တွင်_

> ထိုနည်းတူ နောက်ကျသောသူတို့သည် အရင်ကျကြလိမ့်မည်။
> အရင်ကျသောသူတို့သည် နောက်ကျ ကြလိမ့်မည် (မဿဲ ၂၀:၁၆)။

မဿဲ ၂၀:၂၆-၂၈ တွင် ဤအရာကို ထပ်၍မိန့်တော်မူသည်_

> လူသားသည် သူတပါးကိုစေစားခြင်းငှါမလာ၊ သူတပါးအစေကို ခံခြင်းငှါ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှါ၎င်း၊ ကြွလာသည်ဖြစ်၍၊ ထိုနည်းတူ သင်တို့တွင်အကဲအမှူးပြုလိုသောသူကို သင်တို့အစေခံဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ် လုပ်ချင် သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေဟု မိန့်တော်မူ၏ (မဿဲ ၂၀:၂၆-၂၈)။

ယေရှု၏နိုင်ငံတော်သည် ထူးဆန်းသည်။ သူ၏နောက်လိုက်များသည်ဒုက္ခကြုံတွေ့ပြီး၊ ကလသရေလရှင်ဘုရင်ကိုယ်တိုင်လည်း ကလသရေလလူများ၏ အသေသတ်ခြင်းကိုခံရလိမ့်မည်။ ထင်ရှားသော အောင်နိုင်ခြင်းသည် အောင်မြင်ခြင်းမတိုင်မီ ရောက်ရှိလာမည်ဖြစ်သည်။

ပြင်းထန်သောဆန့်ကျင်တိုက်ခိုက်ခြင်း၏နောက်အပိုင်း ၂၀:၁၇-၃၄ တွင် ယေရှု၏ ယေရုရှလင်မြို့သို့သွားခြင်း ပါဝင်သည်။ ယေရုရှလင်မြို့သို့သွားခြင်းသည် ဆင်းရဲဒုက္ခခံပြီး အသေခံရန်ဖြစ်ကြောင်း ယေရှုသည် ရှင်းလင်းစွာဖော်ပြခဲ့သည်။ မိမိ၏သားများအတွက် နိုင်ငံတော်အခွင့်အရေးကိုရှာဖွေသူ တပည့်တော်နှစ်ဦး၏မိခင်၏ ဆန့်ကျင်ခြင်းကို သူသည်သာရင်ဆိုင်ရသည်။ ထို့နောက်၊ ယေရုရှလင်မြို့သို့ အောင်ပွဲခံဝင်ရောက်မှုတွင် ဓမ္မဟောင်းပရောဖက်ပြုချက်ကို ပြည့်စုံစေခြင်းဖြင့် လူအုပ်ကြီးသည် ယေရှုကိုကြိုဆိုခဲ့ကြသည်။

၂၁:၁၂–၂၂:၄၆ နောက်အပိုင်းတွင်၊ ယေရှုသည် ယေရုရှလင်မြို့သို့ဝင်ရောက်ပြီး ဗိမာန်တော်မှ ကြွလာစဉ်တွင် ဆန့်ကျင်တိုက်ခိုက်ခြင်းနှင့် ရင်ဆိုင်ခဲ့ရသည်။ သူသည် ငွေလဲလှယ်သူများကို နှင်ထုတ်ပြီး၊ ကြွလာမည့် ဘုရားသခင်၏တရားစီရင်ခြင်းအကြောင်း သတိပေးသည့် ပုံဥပမာများကို မိန့်တော်မူသည်။ ထို့အပြင်၊ ယေရှုနှင့် ဘာသာရေးခေါင်းဆောင်များသည် Caesar အား အခွန်ပေးခြင်း၊ သေခြင်းမှရှင်ပြန်ထမြောက်ခြင်း၊ အကြီးမြတ်ဆုံးသောပညတ်တော်နှင့် မေရှိယသည် မည်သူ၏သားတော်ဖြစ်သနည်းဟူသော မေးခွန်းတို့ကို ဓမ္မပညာဆိုင်ရာအရ ဆွေးနွေးခဲ့ကြသည်။

သို့သော် ယေရှုသည် သူ၏ဆန့်ကျင်ဘက်များကို ကောင်းစွာဆက်ဆံပြီး မဿဲ ၂၂:၄၆ တွင် ဤစကားများကို ကျွန်ုပ်တို့ဖတ်ရသည်_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> အဘယ်သူမျှ စကားတခွန်းကိုပြန်လျှောက်ခြင်းငှါ မတတ်နိုင်ကြ။ ထိုနေ့မှစ၍ နောက်တဖန်အဘယ်သူမျှ မမေးမလျှောက်ဝံ့ကြ (မဿဲ ၂၂:၄၆)။

ကောင်းကင်နိုင်ငံတော်နှင့်ပတ်သက်၍ ပြင်းထန်သောဆန့်ကျင်တိုက်ခိုက်ခြင်းအကြောင်း မဿဲ၏ဇာတ်ကြောင်းကို လေ့လာပြီးနောက်၊ ၎င်းနှင့်အတူပါရှိသောဟောပြောချက်ကို ယခု ကျွန်ုပ်တို့လေ့လာသင့်သည်။

## အနာဂတ်အောင်မြင်ခြင်း

ဤအပိုင်းသည် မဿဲ ၂၃:၁–၂၅:၄၆ တွင်တွေ့ရသည်။ ဤအကျယ်တဝင့်ရေးသားဖော်ပြချက်တွင်၊ ယေရှုသည် ကောင်းကင်နိုင်ငံတော်၏ အနာဂတ်အောင်မြင်ခြင်းအကြောင်းကို ဖော်ပြခဲ့သည်။

ဤအပိုင်းသည် မဿဲ ၂၃:၁-၃၈ တွင် ယေရှု၏ဆန့်ကျင်သူများအပေါ် အမင်္ဂလာခုနစ်ရပ်အကြောင်း ကြေငြာချက်ဖြင့် စတင်သည်။ ဤဟောပြောချက်သည် ဖာရိရှဲများ၊ ၎င်းတို့၏မှားယွင်းသောသွန်သင်ချက်များ၊ ဘုရားသခင်၏လူမျိုးအပေါ် ၎င်းတို့၏အလွဲသုံးစားလုပ်မှုနှင့် ယုံကြည်ဟန်ဆောင်ခြင်းကို အထူးသဖြင့် ရည်ရွယ်သည်။

ဤဟောပြောချက်ပြီးဆုံးခါနီးတွင်၊ ယေရှုသည် ယေရုရှလင်မြို့နှင့်ပတ်သက်သော သူ၏ခံစားချက်များကို မဿဲ ၂၃:၃၇-၃၈ တွင် ဤနည်းဖြင့် အကျဉ်းချုပ်ဖော်ပြခဲ့သည်။

> အိုယေရုရှလင်မြို့ ယေရုရှလင်မြို့ သင်သည်ပရောဖက်တို့ကိုသတ်မြဲရှိ၏။ သင်ရှိရာသို့ စေလွှတ်သော သူတို့ကိုလည်း ကျောက်ခဲနှင့် ပစ်မြဲရှိ၏။ ကြက်မသည် မိမိသားငယ်တို့ကို အတောင်အောက်၌ စုရုံးသကဲ့သို့ သင်၏သားတို့ကို စုရုံးစေခြင်းငှါ ကြိမ်ဖန်များစွာ ငါအလိုရှိပြီ။ သင်မူကား အလိုမရှိ။ သင်တို့နေသောအိမ်သည် သင်တို့၌ လူဆိတ်ညံလျက် ကျန်ရစ်ရ၏ (မဿဲ ၂၃:၃၇-၃၈)။

ယေရှု၏နောက်ပိုင်းဟောပြောချက်ကို သံလွင်တောင်ဒေသနာဟု ခေါ်ဝေါ်ကြပြီး မဿဲ ၂၄:၁–၂၅:၄၆ တွင် ဖော်ပြထားသည်။ သံလွင်တောင်ပေါ်တွင် ယေရှုသည်သူ၏တပည့်တော်များကို ဤစကားတွေမိန့်တော်မူသောကြောင့် သံလွင်တောင်ဒေသနာခေါ်သည်။

သံလွင်တောင်ဒေသနာကို အဓိကအပိုင်းသုံးပိုင်း ခွဲခြားနိုင်သည်_ ၂၄:၄-၂၈ တွင်၊ ကောင်းကင်နိုင်ငံတော်သည် ဤထူးဆန်းသောခေတ်၌ မွေးဖွားခြင်းဝေဒနာဖြင့် မြေကြီးပေါ်သို့ ရောက်ရှိလာသော်လည်း ၎င်း၏ဘုန်းတန်ခိုးနှင့်ပြည့်စုံခြင်းသည် မထင်ရှားသေးပါ။ ၂၄:၂၉-၃၁ တွင်၊ နိုင်ငံတော်၏ပြည့်စုံခြင်း၊ လူသားသည် မိုဃ်းတိမ်များနှင့် ကြွလာမည့်နေ့၊ ကောင်းကင်နိုင်ငံတော်သည်ဘုန်းတန်ခိုးနှင့်တကွကြွလာမည့်နေ့ကို မိန့်တော်မူသည်။ ထို့နောက် ၂၄:၃၂–၂၅:၄၆ တွင် ယေရှုသည် ကြွလာမည့်ဘုန်းကြီးသောနေ့ကို မည်သူမျှမသိနိုင်သောကြောင့် သတိရှိလျှက်စောင့်မျှော်ကြရန် တိုက်တွန်းခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သခင်ယေရှုပြန်ကြွလာသောအခါတွင်၊ ကျွန်ုပ်တို့သည် သိသင့်သည်ထက်ပို၍ အချိန်ကာလတစ်ခုကို အတိအကျညွှန်ပြရန်မကြိုးစားခဲ့ကြောင်း သေချာစေရန် ကိုယ်တော်သည် အလွန်ရည်ရွယ်ချက်ရှိခဲ့သည်။ ပြန်လည်ကြွလာမည့်နေ့ သို့မဟုတ် နာရီကို မည်သူမျှ မသိကြောင်း ကိုယ်တော်မိန့်တော်မူသည်။ သူပြန်လာမည့်အချိန်ကို သူ၏လူသားသဘောသဘာဝအရပင် မသိပါ။ ထို့ကြောင့် ကျွန်ုပ်တို့သည် တိကျစွာသိနိုင်ကြောင်း ထင်ကြေးပေးခြင်းနှင့် စဉ်းစားခြင်းသည် ယေရှုကို မနာခံခြင်းသာဖြစ်သည်။ သို့သော် ၎င်းသည်ကျွန်ုပ်တို့အနေဖြင့် ကြိုတင်မမျှော်လင့်သင့်၊ မစောင့်မျှော်နေသင့်၊ ကိုယ်တော်ပြန်လာချိန်နီးနေပြီဟူသော နိမိတ်လက္ခဏာများကိုပင် မရှာဖွေသင့်ဟု မဆိုလိုပါ။ ဓမ္မသစ်ကျမ်းတွင် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းနှင့် ပတ်သက်၍ သွန်သင်ခြင်း၏ အဓိကရည်ရွယ်ချက်သည် ကျွန်ုပ်တို့အား သမ္မာသတိရှိရန်၊ ကျွန်ုပ်တို့အား အားပေးရန်၊ ကျွန်ုပ်တို့အား မျှော်လင့်ချက်ပေးရန်၊ ကျွန်ုပ်တို့အား သန့်ရှင်းသောအသက်ရှင်ခြင်းသို့ ပို့ဆောင်ရန်နှင့် ခရစ်တော်၏ပြန်ကြွလာခြင်းအားမျှော်လင့်ခြင်းပေးရန် ဖြစ်သည်။ အချိန်အတိအကျမသိသော်လည်း၊ ကိုယ်တော်ပြန်လာမည့် မည်သည့်အချိန်တွင်ဖြစ်စေ အဆင်သင့်ဖြစ်သင့်သည်၊ သို့မှသာ ကိုယ်တော်အား စိတ်အားထက်သန်စွာနှင့် ရွှင်လန်းစွာ ကြိုဆိုနိုင်မည်ဖြစ်သည်။

**ဒေါက်တာ K. Erik Thoennes**

ကိုယ်တော်ပြန်လာမည့်အကြောင်းကို ကျွန်ုပ်တို့ ယုံကြည်မှုအပြည့်ရှိသင့်သည်။ ကိုယ်တော်တစ်ဖန်ပြန်ကြွလာမည်ဟု ကျွန်ုပ်တို့အပြည့်အဝယုံကြည်ထားသင့်ပြီး ကိုယ်တော်စတင်ခဲ့သမျှကို အဆုံးသတ်ပေးမည်ဖြစ်သည်။ ကျွန်ုပ်တို့လည်း သစ္စာရှိရမည်။ သခင်ယေရှုကြွသွားစဉ် တမန်တော် ၁ တွင်၊ ထိုသူတို့သည် ကောင်းကင်သို့ မျှော်ကြည့်စဉ် ကောင်းကင်တမန်သည် "အဘယ်ကြောင့်ကောင်းကင်သို့ ကြည့်မျှော်လျက်နေကြသနည်း။ သင်တို့သည် တပါးအမျိုးသားတို့ထံသတင်းကောင်းကို သယ်ဆောင်ခြင်းအမှုကို ပြုသင့်သည်" သူသည်ပြန်လာလိမ့်မည်၊ သို့သော်ကျွန်ုပ်တို့သည် ကြီးမားသောတာဝန်ကို ထမ်းဆောင်ရမည်။ ရှင်ဘုရင်ကြွလာကြောင်း ကြေငြာချက်ကို တိုင်းနိုင်ငံတို့ထံ သယ်ဆောင်ခြင်းဖြင့် ကျွန်ုပ်တို့၏ ရှင်ဘုရင်၏အမှုတော်တွင် အလုပ်များနေသင့်သည်။ ကိုယ်တော်ပြန်လည်တဖန် ကြွဆင်းလာနေသည်။ နောင်တရပြီးဧဝံဂေလိသတင်းတရားကို ယုံကြည်ပါ။ ကျွန်ုပ်တို့သည် ယေရှုခရစ်ကိုယုံကြည်သော ထိုနိုင်ငံတွင်းသို့ ဝင်ရောက်သူများကို ဘုရားသခင်၏ဘုန်းတော်နှင့်အညီ အသက်ရှင်နေထိုင်ရန်ဆုံးမဩဝါဒပေးကာ သို့မဟုတ် ကိုယ်တော်နှင့် လိုက်လျောညီထွေဖြစ်စေရန် ဆုံးမသွန်သင်သင့်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အသက်တာ၏ကဏ္ဍတိုင်းတွင် ဘုရား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သခင်၏ဘုန်းတော်ထင်ရှားစေရန် အသက်ရှင်ပြီး ခေတ်အဆက်ဆက်
အသင်းတော်နှင့်အတူ "သခင်ယေရှုကြွလာတော်မူပါ" ဟုပြောသင့်သည်။

**ဒေါက်တာ Stephen J. Wellum**

သူ၏ခရစ်ဝင်ကျမ်း၏ ပဥ္စမမြောက်အဓိကအစိတ်အပိုင်းတွင်၊ ဂျူးလူမျိုးခေါင်းဆောင်များသည် ယေရှုကိုငြင်းပယ်ခဲ့ပြီး အသေသတ်ရန်ပင် စီစဥ်ခဲ့ကြောင်း မဿဲဖော်ပြခဲ့သည်။ သို့သော် ကမ္ဘာပေါ် ရှိ အကြံအစီများအားလုံးသည် နိုင်ငံတော်၏အနာဂတ်အောင်ပွဲအား မရပ်တန့်နိုင်ကြောင်း ယေရှုသည် ရှင်းလင်းစွာ ဖော်ပြခဲ့သည်။ ကိုယ်တော်သည်မှန်ကန်ကြောင်းကို သမိုင်းသည် သက်သေပြသည်။ ဂျူးလူမျိုးခေါင်းဆောင်များသည် ကိုယ်တော်အား သတ်ခဲ့ကြသည်။ သို့သော် ကိုယ်တော်၏နိုင်ငံတော်သည် ခေတ်ကာလတစ်လျှောက်လုံး သာ၍ကြီးထွားလာခဲ့သည်။ တစ်နေ့တွင်၊ နောက်ဆုံးအပိုင်း၏အမှန်တရားကို သမိုင်းသည်သက်သေပြလိမ့်မည်။ ယေရှုသည် သူ၏နိုင်ငံတော်ကို အလုံးစုံပြည့်စုံစေကာ၊ သူ၏သစ္စာရှိယုံကြည်သူများကို နိုင်ငံတော်၏ အဆုံးစွန်သောကောင်းချီးမင်္ဂလာများဖြင့် ချီးမြှောက်ရန် ကြီးမားသောဘုန်းတန်ခိုးဖြင့် တစ်ဖန်ကြွလာမည်ဖြစ်သည်။

## ယေရှု၏သာသနာအမှုတော်၏အဆုံးရလဒ်

မဿဲခရစ်ဝင်ကျမ်း၏ဇာတ်ကြောင်းနိဂုံးသည် မဿဲ ၂၆:၁–၂၈:၂၀ တွင်တွေ့ရသည်။ ဤတွင်၊ မဿဲသည် ယေရှု၏သာသနာအမှုတော်၏အဆုံးရလဒ်ကို မေရှိယရှင်ဘုရင်အဖြစ် ဖမ်းဆီးခြင်း၊ ကားစင်တင်သတ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြင့် ဖော်ပြသည်။

မဿဲ၏ခရစ်ဝင်ကျမ်း၏နိဂုံးကို လေ့လာသည့်အခါ၊ မဿဲ၏နိုင်ငံတော်အာရုံစိုက်သည့် အကြောင်းအရာသုံးခုကို ကျွန်ုပ်တို့အာရုံစိုက်ပါမည်_ပဋိပက္ခ၊ တပည့်တော်ဖြစ်ခြင်းနှင့် အောင်မြင်ခြင်း။ ပထမဦးစွာ ပဋိပက္ခအကြောင်းအရာကို ကြည့်ကြမည်။

## ပဋိပက္ခ

ယေရှု အမှန်တကယ် ယူဆောင်လာသည့်နိုင်ငံတော်သည်  ဂျူးများမျှော်လင့်ထားသည့် မေရှိယ ယူဆောင်လာမည့်နိုင်ငံနှင့် အလွန်ကွာခြားပြီး၊ ၎င်းသည် ယေရှုနှင့် ကိုယ်တော်၏နိုင်ငံတော်တို့နှင့် တိုက်ရိုက်ပဋိပက္ခဖြစ်စေခဲ့သည်။ ကျွန်ုပ်တို့မြင်ခဲ့သည့်အတိုင်း၊ ဤပဋိပက္ခသည် မဿဲ၏ခရစ်ဝင်ကျမ်းတစ်လျှောက်တွင် ပိုမိုပြင်းထန်လာသော်လည်း၊ ၎င်းသည် ဇာတ်ကြောင်းနိဂုံးတွင် အဆုံးသတ်ဖြစ်သည်။ ဥပမာ၊ ၂၆:၃-၄ တွင် ယေရှုအပေါ် ယုဒလူတို့၏ ကြံစည်ခြင်း၊ ၂၆:၁၄-၁၆ တွင် ဖမ်းဆီးပြီး ရုံးတင်စစ်ဆေးခြင်း၊ အခန်းငယ် ၄၇ နှင့် အခန်းငယ် ၅၇-၆၈၊ ၂၇:၂၀-၂၅ တွင် ကားစင်တင်သတ်ရန်ကြွေးကြော်ခြင်းကို ပြခဲ့ကြသည်။ ဂျူးများကိုယ်တိုင်သည် ယေရှုကို ကားစင်တင်သတ်ခြင်းအတွက် တာဝန်ယူကြောင်း တွေ့ရသည်။ မဿဲ ၂၇:၂၅ တွင် မဿဲ၏တင်ပြချက်ကို နားထောင်ပါ_



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ထိုလူအပေါင်းတို့က သူ၏အသွေးသည် ငါတို့၏ ခေါင်းပေါ်၌၎င်း တည်ရှိပါစေဟု ပြန်ပြောကြ၏ (မဿဲ ၂၇:၂၅ )။

ထို့နောက် လက်ဝါးကပ်တိုင်ပေါ်တွင် ဆင်းရဲဒုက္ခခံတော်မူစဉ်၊ ယေရှုသည်ဣသရေလအမျိုး၏ မေရှိယရှင်ဘုရင်ဖြစ်သည်ဟုပြောဆိုခြင်းကို ဂျူးလူမျိုးများသရော်လှောင်ပြောင်ခဲ့ကြသည်။ မဿဲ ၂၇:၄၁-၄၂ တွင် ကျွန်ုပ်တို့ဖတ်ရသကဲ့သို့ —

> ထိုနည်းတူ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာ၊ လူအကြီးအကဲတို့က၊ ဤသူသည် သူတပါးတို့ကို ကယ်တင်တတ်၏။ ကိုယ်ကို မကယ်တင်နိုင်ပါတကား။ ဣသရေလရှင်ဘုရင်မှန်လျှင် လက်ဝါးကပ်တိုင်မှ ယခုဆင်းပါလေစေ။ ဆင်းလျှင် ငါတို့ယုံကြည်မည် (မဿဲ ၂၇:၄၁-၄၂)။

အံ့သြစရာမှာ၊ ယေရှုသည် ဘုရားသခင်ကိုပြစ်မှားပြီး ရှင်ဘုရင်အဖြစ်အယောင်ဆောင်သူဖြစ်ကြောင်း ဂျူးများသည် ဆန့်ကျင်ခဲ့ကြသော်လည်း၊ လက်တွေ့တွင် ၎င်းတို့သည် သူတို့ကိုကယ်တင်နိုင်သော တန်ခိုးရှင်ဘုရင်ကို ငြင်းပယ်နေခြင်းသာ ဖြစ်သည်။

ပဋိပက္ခ၏အကြောင်းအရာအပြင်၊ တပည့်တော်ဖြစ်ခြင်း၏အကြောင်းအရာသည်လည်း မဿဲ၏ နိဂုံးချုပ်၏ နိုင်ငံတော်ဆိုင်ရာအလေးပေးမှုကို မီးမောင်းထိုးပြသည်။

## တပည့်တော်ဖြစ်ခြင်း

အထူးသဖြင့်၊ မဿဲသည် ဝေဒနာခံစားရသောမေရှိယနောက်သို့ လိုက်လျှောက်ရန် မည်မျှခက်ခဲကြောင်း အလေးပေးဖော်ပြသည်။ ယေရှု၏သာသနာအမှုတော်၏ဤအရေးကြီးသောအခိုက်အတန့်တွင် ယေရှု၏တပည့်တော်များ၏ ကျရှုံးမှုများကို တင်ပြခြင်းဖြင့် ၎င်းကို အလေးပေးဖော်ပြသည်။ ယုဒသည် မဿဲ ၂၆:၁၄-၁၆ နှင့် အခန်းငယ် ၄၇-၅၀ တွင် ကိုယ်တော်ကိုသစ္စာဖောက်ခဲ့ပြီး၊ ၂၇:၃-၁၀ တွင် ဤကျရှုံးမှုကြောင့် မိမိကိုယ်ကို သတ်သေခဲ့သည်။ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့သည် ၂၆:၃၆-၄၆ ၌ ဂေသရေမန်ဥယျာဉ်တွင် ကိုယ်တော်နှင့်အတူ စောင့်ကြည့်ရန် ပျက်ကွက်ခဲ့သည်။ ပေတရုသည် ၂၆:၆၉-၇၅ တွင် ယေရှုကိုမသိကြောင်း အကြိမ်ကြိမ်ငြင်းဆိုခဲ့သည်။ နောက်ဆုံးတွင်၊ ယေရှု၏တပည့်တော်အားလုံးသည် ၂၆:၅၆ တွင် ကိုယ်တော်ကို စွန့်ခွာခဲ့ကြသည်။

အမှန်တကယ်ပင် ယေရှုနောက်လိုက်ခြင်းသည် အလွန်ခက်ခဲနိုင်ပါသည်။ ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခခံရသောမေရှိယရှင်ဘုရင်တစ်ပါးကို ယုံကြည်ပြီး၊ ကျွန်ုပ်တို့ကိုလည်း ဆင်းရဲဒုက္ခခံရန် ခေါ်တော်မူသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်အပေါ် သစ္စာစောင့်သိပါက၊ ဆင်းရဲဒုက္ခနှင့်လည်း တွေ့ကြုံရမည်ဖြစ်ပြီး၊ ပြုလဲကျရန် သွေးဆောင်ခံရနိုင်သည်။ ကောင်းကင်နိုင်ငံတော်သည် ပြည့်စုံခြင်းသို့မရောက်သေးပါ။ ထို့အတွက်ကြောင့်၊ ခရစ်ယာန်အသက်တာ၏ ရှုထောင့်များသည် ၎င်းတို့ဖြစ်သင့်သည်အတိုင်း မဖြစ်သေးပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဲ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပဋိပက္ခနှင့် တပည့်တော်ဖြစ်ခြင်းဆိုင်ရာ အကြောင်းအရာများကို ထည့်သွင်းစဉ်းစားပြီး၊ နိုင်ငံတော်၏အောင်မြင်ခြင်း၏ အကြောင်းအရာဆီသို့ လှေ့လာရန်ကျွန်ုပ်တို့ အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## အောင်မြင်ခြင်း

မေရှိယရှင်ဘုရင်သည် မိမိ၏လူမျိုး၏ရန်သူအားလုံးအပါအဝင် သေခြင်းတရားကိုပင် အောင်နိုင်ခဲ့သည့်သက်သေဖြစ်သော ယေရှု၏ရှင်ပြန်ထမြောက်ခြင်းတွင် အောင်မြင်ခြင်းအကြောင်း ထင်ရှားစွာပေါ်လွင်နေသည်။ ထို့ပြင် ယေရှု၏ကောင်းကင်သို့မတက်ကြွမီ နောက်ဆုံးမိန့်တော်မူချက်တွင် အောင်မြင်ခြင်း၏အဓိကအကြောင်းကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ မဿဲခရစ်ဝင်ကျမ်းတွင်မှတ်တမ်းတင်ထားသော ယေရှု၏နောက်ဆုံးမိန့်တော်မူချက်များကို မဿဲ ၂၈:၁၈-၂၀ တွင်တွေ့ရှိရပြီး၊ ၎င်းတို့ကိုအများအားဖြင့် ကြီးမားသောတာဝန်ဟုခေါ်သည်။ ၎င်းတို့သည် တပည့်တော်များအား သခင်ဘုရား၏နောက်ဆုံး ညွှန်ကြားချက်များဖြစ်ပြီး၊ ကိုယ်တော်မရှိတော့သည့်အချိန်၌ သာသနာအမှုဆောင်ရန် တာဝန်ပေးခြင်းဖြစ်သည်။ ထို့ပြင် ဤညွှန်ကြားချက်များအား ခရစ်တော်သည် နိုင်ငံတော်အာဏာအားလုံးကိုရဲရင့်စွာတောင်းဆိုခြင်းဖြင့် အစပြုသည်မှာ မှတ်သားစရာဖြစ်သည်။ မဿဲ ၂၈:၁၈ တွင် ယေရှု၏ပြောကြားချက်ကို နားထောင်ပါ။

> ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သော အခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ (မဿဲ ၂၈:၁၈)။

> သခင်ယေရှုသည် အုပ်စိုးမှုအားလုံး၊ အာဏာအလုံးစုံတို့ကို တရားဝင်မှုဖြင့် ရယူနိုင်သည့် တစ်ဦးတည်းသော ဘုရားဖြစ်သည်။ ထို့အပြင်၊ သူ၏တန်ခိုးစွမ်းအားသည် တန်ခိုးနှင့် မေတ္တာဖြစ်သောကြောင့် ဖျက်ဆီးတတ်သောသဘောမရှိပါ။ မေတ္တာဖြင့် လှုံ့ဆော်ပေးသော တန်ခိုးစွမ်းအား။ မေတ္တာဖြင့် အကဲဖြတ်သည့် တန်ခိုးစွမ်းအား။ အကယ်၍ သင်သည် ချစ်ခြင်းမေတ္တာတစ်ခုတည်းရှိပါက၊ ကောင်းမွန်သည့်စိတ်ထားရှိသူဖြစ်သော်လည်း မည်သည့်အရာကိုမှ ပြောင်းလဲနိုင်စွမ်းတန်ခိုးမရှိသောကြောင့် ကူကယ်ရာမဲ့ဖြစ်နိုင်သည်။ အကယ်၍ သင်သည် ချစ်ခြင်းမရှိဘဲ အစွမ်းတန်ခိုးတစ်ခုတည်းရှိပါက၊ ဖျက်ဆီးမည်၊ သတ်မည်၊ မုန်းပါလိမ့်မည်။ ဘုရားသခင်၏စစ်မှန်ခြင်းသည် ချစ်ခြင်းမေတ္တာနှင့် တန်ခိုးစွမ်းအားများကို အတူတကွ ယူဆောင်လာပေးသည်။ “ဘုရားသခင်သည် မိမိ၌တစ်ပါးတည်းသောသားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။” သူသည် ဤကမ္ဘာမြေကြီးပေါ်တွင် ကျင်လည်ခဲ့ဖူးသော တစ်ဦးတည်းသောအပြစ်မရှိသူ၊ မလိမ်ညာသူ၊ မလှည့်ဖြားသောသူဖြစ်သောကြောင့် တန်ခိုးအာဏာအားလုံးကို တရားဝင်ရယူနိုင်သူဖြစ်သည်။ သူသည် အသတ်ခံရပြီး၊ သေဆုံးသွားပြီး၊ သင်္ဂြိုဟ်ပြီးနောက် ပြန်လည်ရောက်ရှိလာသည့် တစ်ဦးတည်းသော သူလည်းဖြစ်သည်။ ထို့ကြောင့်၊ သူသည် ထမြောက်တော်မူသော

> အရှင်ဖြစ်သည်။ ၎င်းသည် လူ့သမိုင်း၏ခေတ်သစ်ကို အစပြုခြင်းဖြစ်သည်။ သူသည် လူမျိုးတို့ကို မျှော်လင့်ချက်ယူဆောင်လာပေးသည်။ ထို့ကြောင့်၊ ဘုရားသခင်၏နိုင်ငံတော်သည် အလွန်တန်ခိုးကြီးသောနည်းလမ်းများဖြင့် လုပ်ဆောင်နေပြီး ၎င်းသည် "ကြီးမြတ်သောအခြေခံအုတ်မြစ်"အပေါ် အခြေခံသည့် ကမ္ဘာပေါ်ဧဝံဂေလိတရားဟောပြောခြင်းနှင့် လူမျိုးတကာတို့ကို ဆုံးမသြဝါဒပေးခြင်းကို ဆောင်ရွက်သည်။ ကြီးမားသောအခြေခံအုတ်မြစ်မရှိဘဲ သင့်ထံတွင် ကြီးမားသောတာဝန် မရှိနိုင်ပါ။ ထို့ပြင်ကိုယ်တော်သည် ကြီးမားသောကတိနှင့် "သင်တို့နှင့်အတူကမ္ဘာကုန်သည့်တိုင်အောင် အတူရှိမည်"ဟု ကတိပြုသည်။ ထို့ကြောင့်၊ သခင်ယေရှု၊ ရှင်ဘုရင်ယေရှုသည် အလုံးစုံသော တန်ခိုးရှိသော အုပ်စိုးရှင်ဖြစ်သဖြင့်၊ ကျွန်ုပ်တို့သည်သွားကြသည်၊ ကျွန်ုပ်တို့သည် တပည့်တော်ဖြစ်စေကြသည်၊ ကျွန်ုပ်တို့သည် သွန်သင်ကြသည်၊ ကိုယ်တော်၏ တန်ခိုးတော်အားဖြင့် အုပ်စိုးခြင်းကို ဟောပြောကြသည်။
>
> **ဒေါက်တာ Peter Kuzmič**

အခွင့်အာဏာအားလုံးသည် အနိုင်ယူကာအောင်မြင်ခဲ့သော ရှင်ဘုရင်နှင့်သက်ဆိုင်သည်။ ယုဒလူတို့သည် ငြင်းပယ်၍၊ ရောမလူတို့သည် လက်ဝါးကပ်တိုင်တွင် ရိုက်ထားကြသည်။ လူ့အပေါင်းတို့သည် ကဲ့ရဲ့ကြသည်။ သို့သော် သင်္ချိုင်းသည် သူ့ကို မထိန်းနိုင်ဘဲ ရှင်ပြန်ထမြောက်ခြင်းသည် မေရှိယ ရှင်ဘုရင်၏ ကြီးမားသော အောင်မြင်ခြင်းဖြစ်သည်။ ကိုယ်တော်အားဖြင့်၊ ကောင်းကင်နိုင်ငံတော်သည် မြေကြီးပေါ်သို့ ရောက်ရှိလာသည်။ ၎င်းသည် ရှင်မဿဲခရစ်ဝင်ကျမ်းစာအရ ဧဝံဂေလိသတင်းကောင်း ဖြစ်သည်။

ယခု ကျွန်ုပ်တို့သည် ရှင်မဿဲခရစ်ဝင်ကျမ်း၏ နောက်ခံသမိုင်း၊ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာတို့ကို လေ့လာပြီးနောက်၊ မဿဲအလေးပေးဖော်ပြသည့် အဓိကအကြောင်းအရာအချို့ကို သုံးသပ်ရန်အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

# အဓိကအကြောင်းအရာများ

---

ကျွန်ုပ်တို့သင်ခန်းစာ၏ ဤအပိုင်းတွင်၊ မဿဲသည် သူ၏ခရစ်ဝင်ကျမ်းတစ်လျှောက်လုံးတွင် အလေးပေးဖော်ပြခဲ့သည့် ထင်ရှားသောအကြောင်းအရာနှစ်ခုဖြစ်သည့်_ ယေရှု၏နိုင်ငံတော်နှင့် ဧဝံဂေလိတရား၏ဓမ္မဟောင်းအမွေအနှစ် နှင့် သခင်ယေရှုသည်နိုင်ငံတော်ကို ယူဆောင်လာပေးသော ဘုရားသခင်၏လူမျိုး ကိုအာရုံစိုက်ပါမည်။

ယေရှု၏နိုင်ငံတော်နှင့် ဧဝံဂေလိတရား၏ဓမ္မဟောင်းအမွေအနှစ်အပေါ် မဿဲ၏အလေးပေးမှုဖြင့် စတင်ကြပါစို့။

## ဓမ္မဟောင်း အမွေအနှစ်

မဿဲ၏ခရစ်ဝင်ကျမ်းသည် အမှန်တကယ်တွင် ယေရှုခရစ်ကြွလာခြင်းနှင့် ပတ်သက်၍ ဓမ္မဟောင်းကျမ်းကြိုတင်မျှော်လင့်ခြင်းသည် မည်မျှထူးခြားကြောင်းဖော်ပြသော စွဲမက်ဖွယ်မှတ်တမ်းတစ်ခုဖြစ်သည်။ ယေရှုသည် မျက်မှောက်မြင်ကွင်းသို့ ကြွလာပြီး၊ သူသည် လူ့ဇာတိခံယူသော ဣသရေလ လူမျိုးဖြစ်သည်။ သူသည် အဲဂုတ္တုပြည်သို့ သွားသည်။ စုံစမ်းနှောင့်ယှက်ခြင်းခံရသော တောအရပ်၌ပို့ဆောင်ခံရသည်။ သူသည် တောင်ပေါ်သို့တက်ကာ ပညတ်တရားကို တစ်ဖန်ပြန်၍ ဟောပြောရန်စတင်ခဲ့သည်။ မောရှေအသစ် သို့မဟုတ် လူ့ဇာတိခံယူသောဣသရေလ၏ ဤပုံသဏ္ဍာန်များအားလုံး၏ မူလရင်းမြစ်နှင့် ၎င်းတို့၏နယ်ပယ်ကို ဓမ္မဟောင်းကျမ်းတွင် ရှာဖွေတွေ့ရှိသည်။ အကြောင်းမှာ ဣသရေလသည် ဘုရားသခင်၏ခေါ်တော်မူခြင်း၊ ရွေးချယ်ခြင်း ခံရသောအခါ၊ ၎င်းဣသရေလ၏ရွေးကောက်ခံရခြင်းသည် ပျော်မွေ့ရန်အခွင့်ထူး ပေးခြင်းမဟုတ်ပါ။ လူမျိုးတို့အား ကောင်းကြီးမင်္ဂလာဖြစ်စေရန်၊ ဆောင်ရွက်ရန် တာဝန်ရှိသည်။ သို့တိုင်၊ ဣသရေလနိုင်ငံ၏ ရှည်လျားပြီး သိသာထင်ရှားသော အပြစ်သမိုင်းကြောင့်၊ ဣသရေလသည် ကိုယ်တိုင်အတွက် သို့မဟုတ် လူမျိုးများ အတွက် မည်သည့်အခါမျှ သူ့အားခေါ်တော်မူသောတာဝန်ကို မလုပ်ဆောင်နိုင်ခဲ့ ပါ။ ထို့ကြောင့်၊ ယေရှုသည်ဘုရားသခင်၏သားတော်အဖြစ်နှင့် လူ့ဇာတိခံယူ သောဣသရေလအဖြစ် မျက်မှောက်မြင်ကွင်းသို့ကြွလာပြီး၊ ကိုယ်တော်သည် ဣသရေလလူမျိုးအတွက်သာမက လူမျိုးများအတွက်ပါဖြစ်တော်မူသည်။ ကျမ်းပိုဒ်များတွင် ယေရှုကိုဤနေရာ သို့မဟုတ် ထိုနေရာတွင်တွေ့ရခြင်းထက်၊ ဓမ္မဟောင်းကျမ်းသည် ယေရှုအပေါ်မည်ကဲ့သို့ မျှော်မှန်းထားသည်နှင့်ပတ်သက်၍ ပိုမို၍ နက်နဲသောဖတ်ရှုမှုကို ပေးသည်ဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းသည် ဣသရေလ၏သမိုင်းတစ်ခုလုံးဖြစ်သည်။ ၎င်းသည် ဣသရေလ၏ရွေးကောက် ခြင်းဖြစ်သည်။ ၎င်းသည် သခင်ယေရှုကြွလာခြင်းကို မျှော်မှန်းသော ဣသရေလ လူမျိုး တစ်ခုလုံး၏ ကျရှုံးမှုဖြစ်ပြီး၊ မဿဲသည် အထူးသဖြင့် သူ၏ပထမအခန်း ကြီး ငါးခန်း သို့မဟုတ် ခြောက်ခန်းတွင် ၎င်းကိုဖော်ပြသည်။

**ဒေါက်တာ Mark Gignilliat**

အခြားအရာအားလုံးထက်၊ သမ္မာကျမ်းစာ၏ဇာတ်လမ်းသည် ဘုရားသခင်သည် သူ၏လူများကို မဖောက်မပြန်နိုင်သော ချစ်ကြိုးများဖြင့် ကိုယ်တိုင်ချည်နှောင်ထားသည့်အကြောင်းဖြစ်သည်။ ၎င်းသည် ကောင်းချီးမင်္ဂလာတွင် သူတို့နှင့်အတူရှိမည့် သူ၏ကတိတော်ကိုစောင့်ထိန်းရာ၌ ကိုယ်တော်၏သစ္စာ ဇာတ်လမ်းဖြစ်သည်။ ထို့ကြောင့် မဿဲသည် ဘုရားသခင်၏လူမျိုးအားပေးခဲ့သော ရှေးကတိတော်များ ကို ယုံကြည်နိုင်ဆဲဖြစ်ကြောင်း၊ ယေရှု၏ပုဂ္ဂိုလ်ဖြစ်ခြင်း၌ ဘုရားသခင်သည် သူတို့၏ကာလတွင် လုပ်ဆောင်နေသည်ကို ယုံကြည်နိုင်ကြောင်း သူ၏မျိုးဆက်များကို ပြောခဲ့သည်။ အဘယ်ကြောင့် ဆိုသော် မဿဲသည် မေရှိယရှင်ဘုရင် ယေရှုခရစ်၏ ပြောဆိုချက်များနှင့် ဓမ္မအမှုတော်ကို ထောက်ကူ ရန်အတွက် ဓမ္မဟောင်းကျမ်းကို စဉ်ဆက်မပြတ် ကိုးကားနေခြင်းအပေါ် အလွန်ယုံကြည်မှုရှိသည်။

ယေရှု၏နိုင်ငံတော်နှင့် ဧဝံဂေလိတရား၏ဓမ္မဟောင်းအမွေအနှစ်ကို မဿဲသရုပ်ပြသည့် နည်းလမ်းငါးခုကို အတိုချုံးလေ့လာပါမည်_ ဓမ္မဟောင်းကိုးကားချက်များနှင့်ရည်ညွှန်းချက်များ၊ ကောင်း ကင်နိုင်ငံတော်နှင့်ပတ်သက်၍ အလေးပေးဖော်ပြချက်၊ ယေရှုကို မေရှိယရှင်ဘုရင်အဖြစ် ဖော်ပြချက်၊ မယုံကြည်သူဂျူးလူမျိုးခေါင်းဆောင်များနှင့် ယေရှု၏ပဋိပက္ခ နှင့် ယေရှု၏နှိမ့်ချမှုနှင့် နူးညံ့သိမ်မွေ့ခြင်း တို့ဖြစ်သည်။ မဿဲ၏ ဓမ္မဟောင်းကိုးကားချက်များနှင့် ရည်ညွှန်းချက်များဖြင့် စတင်ကြပါစို့။

## ကိုးကားချက်များနှင့် ရည်ညွှန်းချက်များ

မဿဲသည် ဓမ္မဟောင်းကျမ်းကို အခြားသော ခရစ်ဝင်ကျမ်းရေးသူများထက် မကြာခဏ ကိုး ကားဖော်ပြသည်။ ဓမ္မဟောင်းကျမ်းကို မဿဲကိုးကားသည့် အကြိမ်အရေအတွက်အတိအကျနှင့် ပတ်သက်၍ ပညာရှင်များငြင်းခုံကြသော်လည်း၊ အကြိမ် ၄၀ ထက်မနည်း ကိုးကားပြီး၊ အခြားအကြိမ် များစွာ ရည်ညွှန်းပြောဆိုခဲ့သည်။

မဿဲအသုံးပြုလေ့ရှိသောနည်းစနစ်ဗျူဟာတစ်ခုသည် "ပြည့်စုံမည်အကြောင်း" ဟူသောစကား စုဖြစ်သည်။ ဓမ္မဟောင်းကျမ်းနှင့် ယေရှု၏အသက်တာတွင်းမှ အဖြစ်အပျက်များကြား ထင်ရှားစွာချိတ် ဆက်မှုပြုရန် ဤစကားစုကို မဿဲအသုံးပြုသည်။

ဥပမာ၊ မဿဲ ၈:၁၇ တွင် မဿဲရေးသည်ကို နားထောင်ပါ_

> ထိုအကြောင်းအရာမူကား၊ သူသည် အကျွန်ုပ်တို့ အနာရောဂါဝေဒနာများကို ယူတင်ဆောင်ရွက်လေသည်ဟု ပရောဖက်ဟေရှာယ ဟောဘူးသောစကား ပြည့်စုံမည်အကြောင်း ဖြစ်သတည်း (မဿဲ ၈:၁၇)။

ဤဓမ္မဟောင်းကျမ်းအား ကိုးကားခြင်းမပြုမီ၊ မဿဲသည် ယေရှု၏ကုသမှုများစွာကို ဖော်ပြခဲ့ သည်။ သို့သော် သူသည် သူ၏စာဖတ်သူများကို ယေရှုအပေါ် ကုသပေးသူအဖြစ်သာ မြင်စေလိုသည် မဟုတ်ပါ။ ၎င်းအစား၊ လူတို့ကိုယေရှုကုသပေးခြင်းသည် ဓမ္မဟောင်းကတိတော်များကို ပြည့်စုံစေခြင်း ဖြစ်ကြောင်း ထိုသူတို့ကို သိစေလိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဲ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မဿဲ၏ရှုထောင့်မှ အရေးကြီးသောအချက်သည် ကျွန်ုပ်တို့၏ရှုထောင့်မှ ဖြစ်သင့်သည်မှာ ယေရှု၌ လူတို့မျှော်လင့်တောင့်တစောင့်စားနေခဲ့သော ကြွလာမည့် ဘုရားသခင်၏နိုင်ငံတော် ပေါ်ထွန်းခြင်းဖြစ်သည်၊ ထို့ကြောင့်၊ သူတို့သည် သမိုင်းမြေပုံပေါ်တွင် တိကျသေချာသောကြိုတင်ဟောချက်များကို ဖြည့်ဆည်းပေးရန် မေရှိယကိုရှာဖွေရန် မလိုအပ်ဘဲ၊ သူတို့သည် လွတ်လပ်ခြင်း၊ လွတ်မြောက်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်း၊ ကယ်တင်ခြင်းအတွက် တောင့်တကြသည်။ ဓမ္မဟောင်းကျမ်းသည် သူတို့အား ဘုရားသခင်၏နိုင်ငံတော် ကြွလာသောအခါ၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်၊ မေရှိယ မှ ကြေငြာမည် ဖြစ်ကြောင်း၊ ထိုကြေငြာချက်တွင်၊ ဘုရားသခင်၏ အုပ်စိုးမှု စတင်မည်ဖြစ်ပြီး၊ ပြန်လည်ထူထောင်ခြင်း၊ ကယ်တင်ခြင်းနှင့် ဓမ္မဟောင်းတွင် ကတိပြုထားသည့် ကောင်းချီးမင်္ဂလာများအားလုံး စတင်အကောင်ထည်ဖော်မည်ဟု ကတိပြုထား သည်။ ထို့ကြောင့် ယေဘုယျအားဖြင့် တမန်တော်များနှင့် အထူးသဖြင့် မဿဲတို့သည် ဇယားတစ်ခုပေါင်ပေါ်တွင်တင်ကာ ဤကြိုတင်ဟောချက်များ အားလုံးကို ပြည့်စုံစေမည့်ပုဂ္ဂိုလ်အား ထိုင်စောင့်နေကြသည်မဟုတ်ဘဲ၊ ထိုသူ၏လုပ်ဆောင်မှု၊ ဆုံးမဩဝါဒပေးခြင်း၊ အကျင့်စရိုက်နှင့် ထိုသူနှင့်ပတ်သက် သမျှအရာအားလုံးသည် ဘုရားသခင်၏နိုင်ငံတော်ကို ထင်ရှားပြသည့်ပုဂ္ဂိုလ်ကို သူတို့မြင်ခဲ့ကြသည်။ အမှန်တကယ်တွင်၊ ဘုရားသခင်၏နိုင်ငံတော်သည် ယေရှု၌ရှိပြီး၊ သူသည်ကြေငြာရုံမျှမက၊ ထိုနိုင်ငံတော်ကို ယူဆောင်လာခဲ့သည်။ ထို့ကြောင့်၊ ယေရှု၏အစွမ်းတန်ခိုး၊ သွန်သင်ခြင်းနှင့် လုပ်ဆောင်ခြင်းဆိုင်ရာ အတွေ့အကြုံများအပြင်ဘက်တွင်၊ တမန်တော်များ—မဿဲအပါအဝင်—သည် ဓမ္မဟောင်းကျမ်းသည် ယေရှုအပေါ်မည်သို့မျှော်လင့်ထားသည်ကို သိရှိရန် ဓမ္မဟောင်းကျမ်းများသို့ ပြန်သွားကြသည်။ သူတို့သည် သခင်ယေရှုကိုတွေ့ကြုံရ သည့်ရှုထောင့်မှ ဓမ္မဟောင်းကျမ်းများကို ဖတ်ရှုသောအခါ၊ ဓမ္မဟောင်းကျမ်းများ သည် အမှန်တကယ်အားဖြင့် ကိုယ်တော်အား အတိအကျသက်သေခံခဲ့ကြောင်း တွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်းကို ဖတ်သော အခါ၊ ကျွန်ုပ်တို့၏မျက်လုံးကို ကျောက်မျက်မှန်ဘီလူးဖြင့် ဖတ်ရုံမျှမဟုတ်ဘဲ၊ ခရစ်ဝင်ကျမ်းများ၏ အဓိကအကြောင်းအရာဖြစ်သည့် ခရစ်တော်နှင့် ဘုရား သခင်၏နိုင်ငံတော်၏ သက်သေအဖြစ်နှင့် ပြယုဂ်အဖြစ်ကြွလာသည့် ခရစ်တော် ကိုယ်တိုင်နှင့် တွေ့ဆုံခြင်းအတွက်လည်း ဖတ်ရှုခြင်းဖြစ်သည်။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

ယေရှု၏ဓမ္မဟောင်းအမွေအနှစ်အပေါ် မဿဲ၏အလေးပေးမှုကို ဒုတိယနည်းလမ်းဖြစ်သည့် ကောင်းကင် နိုင်ငံတော်နှင့်ပတ်သက်၍ အလေးပေးဖော်ပြချက်တွင် မြင်တွေ့နိုင်သည်။

## ကောင်းကင်နိုင်ငံတော်

ဓမ္မဟောင်းတွင်၊ ဘုရားသခင်သည် သူ၏လူတို့ကို ကောင်းချီးပေးမည်ဟု ကတိပြုထားသည်။ သူ၏ကောင်းကြီးမင်္ဂလာသည် ဒါဝိဒ်၏သားတော်အားဖြင့် ဖြစ်လိမ့်မည်။ ယေရှု၌ရှိသော ဘုရားသခင်၏ နိုင်ငံတော်ကောင်းချီးမင်္ဂလာသည် ထိုရှေးကတိတော်များပြည့်စုံခြင်းဖြစ်ကြောင်း မဿဲဖော်ပြခဲ့သည်။

မဿဲ၏ခရစ်ဝင်ကျမ်းတွင်၊ ယေရှုကိုယ်တိုင်သည် ဤအချက်ကို လူတို့အား မကြာခဏအသိပေးသည်။ ဘုရားသခင်သည် သူ၏ဓမ္မဟောင်းနိုင်ငံတော်ကတိတော်များကို သစ္စာစောင့်သိကြောင်း ယေရှုပုံမှန်သွန်သင်သည်။ ဤသည်မှာ ယေရှုသည် သူ၏နိုင်ငံတော်သည် ဝေဒနာခံစားခြင်းနှင့်ပတ်သက်သည့်တိုင်၊ ဓမ္မဟောင်းကျမ်းပရောဖက်ပြုချက်အားလုံးကို သူသည်မလုပ်ဆောင်ခဲ့သော်လည်း၊ သတင်းကောင်းအဖြစ် တင်ပြနိုင်ခဲ့ခြင်းဖြစ်သည်။ သခင်ယေရှုသည် သူစတင်ခဲ့သော အရာအားလုံးကို အပြီးသတ်ရန် နောက်ဆုံးတွင် ပြန်ကြွလာမည်ဟု ယုံကြည်လောက်အောင် ဓမ္မဟောင်းကျမ်းတွင် ဖော်ပြထားကြောင်းကို သူ၏လူတို့သည်ယုံကြည်သည်ဟု အခိုင်အမာဆိုခဲ့သည်—သူသည် နောက်ဆုံးတွင် ဘုရားသခင်ကတိထားသမျှကို ဖြည့်ဆည်းရန် ပြန်လာမည်ဖြစ်သည်။

ကောင်းကင်နိုင်ငံတော်ဆိုင်ရာ ဓမ္မဟောင်းဖော်ပြချက်တွင် ဤယုံကြည်မှုသည် ဓမ္မဟောင်းကျမ်းကို နာခံရန်နှင့် ယုံကြည်ရန် သူ၏နောက်လိုက်များအား ယေရှု ပုံမှန်မိန့်တော်မူသည့် အခြေခံဖြစ်သည်။ ဘုရားသခင့်နိုင်ငံတော်၏ နိုင်ငံသားချင်းများအဖြစ် အချင်းချင်း ချစ်ခြင်းမေတ္တာထားရန်နှင့် အချင်းချင်း အစေခံဖို့ရန် ညွှန်ကြားထားသည့် အခြေခံအချက်ဖြစ်သည်။

ကောင်းကင်နှင့်မြေကြီး၏ဘုရားသခင်သည် သမိုင်းအားလုံးကို ထိန်းချုပ်ထားပြီး ကိုယ်တော်၏ ကတိတော်များအပေါ် သစ္စာစောင့်သိကြောင်း သိနားလည်ခြင်းသည် ခေတ်တိုင်းတွင် ကိုယ်တော်၏လူများကို —ကျွန်ုပ်တို့ခေတ်အပါအဝင်—ခရစ်တော်၌သူ၏ကတိတော်များသည် ကောင်းမွန်ဆဲဖြစ်ကြောင်း ယုံကြည်ရန် လှုံ့ဆော်ပေးသည်။ တစ်နေ့တွင် ဘုရားသခင်သည် အရာအားလုံးကိုအသစ်ဖြစ်စေပြီး မှန်ကန်စေမည်ဟု ယုံကြည်ရန် ကျွန်ုပ်တို့အား လှုံ့ဆော်ပေးသင့်သည်။ ဘုရားသခင်သည် သူ၏နိုင်ငံတော်အား အလုံးစုံပြည့်စုံစေပြီးယူဆောင်လာသည်ကို ကျွန်ုပ်တို့သည် စိတ်ရှည်စွာစောင့်ဆိုင်းနေစဉ် ၎င်းတို့သည် ကျွန်ုပ်တို့အား ခွန်အားနှင့် ခံနိုင်ရည်ကို ပေးသင့်သည်။

ယေရှု၏နိုင်ငံတော်နှင့် ဇဝံဂေလိတရား၏ဓမ္မဟောင်းအမွေအနှစ်ကို မဿဲအလေးပေးဖော်ပြသည့် တတိယနည်းမှာ ယေရှုသည် မျှော်လင့်ထားသော မေရှိယရှင်ဘုရင်ဖြစ်ကြောင်း အခိုင်အမာပြောဆိုခြင်းဖြစ်သည်။

## မေရှိယရှင်ဘုရင်

ယေရှု၏မျိုးရိုးစဉ်ဆက်အကြောင်း ဆွေးနွေးသောအခါ ရှေ့သင်ခန်းစာတွင် ဤအယူအဆကို ကျွန်ုပ်တို့ဖော်ပြခဲ့သည်။ မဿဲသည် အခြားသောခရစ်ဝင်ကျမ်းရေးသူများ စုပေါင်းထားသည်ထက် ယေရှုကို “ဒါဝိဒ်၏သားတော်” ဟု မကြာခဏ ခေါ်ဆိုသည်ကို တွေ့ရှိရသည်။ မဿဲသည် ယုဒရှင်ဘုရင်၊ ဣသရေလရှင်ဘုရင်၊ သင်၏ရှင်ဘုရင်နှင့် ရှင်ဘုရင် စသည့် ယေရှု၏တော်ဝင်ဘွဲ့နာမများစွာကို အသုံးပြု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သည်။ ထို့အပြင်၊ ယေရှုအတွက် တော်ဝင်ဘွဲ့နာမများကို မဿဲအသုံးပြုသည့် ကျမ်းပိုဒ်အချို့သည် အခြား ခရစ်ဝင်ကျမ်းတွင် မပါ။ ဥပမာ၊ မဿဲ ၂:၂ တွင် ပညာရှိများထံမှ ဤမေးခွန်းကို မဿဲတင်ပြခဲ့သည်–

> ယခု ဘွားမြင်သောယုဒရှင်ဘုရင်သည်၊ အဘယ်မှာရှိတော်မူသနည်း။ မဿဲ ၂:၂

ဤအခန်းငယ် သို့မဟုတ် ယေရှု၏မေရှိယရှင်ဘုရင်ဖြစ်ခြင်းအပေါ် အလေးပေးထားသော ဤ အခန်းငယ်သည် အခြားခရစ်ဝင်ကျမ်းတွင် မရှိပါ။

ယေရှု၏နိုင်ငံတော်နှင့် ဧဝံဂေလိတရား၏ဓမ္မဟောင်းအမွေအနှစ်၏ စတုတ္ထအလေးပေးချက် သည် မယုံကြည်သူဂျူးလူမျိုးခေါင်းဆောင်များနှင့် ယေရှု၏ပဋိပက္ခဖြစ်သည်။

## မယုံကြည်သူ ဂျူးလူမျိုးခေါင်းဆောင်များ

မဿဲ၏ကနဦးစာဖတ်သူများသည် ဣသရေလနိုင်ငံရှိခေါင်းဆောင်များနှင့် ယေရှု၏ပဋိပက္ခသည် ယေရှုသည် မေရှိယမဟုတ်ကြောင်း သက်သေထူသည်ဟု ထင်မြင်ရန် သွေးဆောင်ခံရနိုင်သည်။ ဤအ ထင်အမြင်ကို သူတို့မရရှိခဲ့ကြောင်း သေချာစေရန်၊ ဂျူးလူမျိုးခေါင်းဆောင်များ၏ သစ္စာမဲ့မှုများကြားမှ ဘုရားသခင်သည် ယေရှုအားဖြင့် သူ၏ကတိတော်များကို စောင့်ထိန်းကြောင်း မဿဲသည် ရှင်းလင်း ပြောကြားခဲ့သည်။

ယေရှုသည် ဖာရိရှဲများနှင့် ပညတ္တိကျမ်းဆရာများ၏ သွန်သင်ချက်များကို အချိန်နှင့်အမျှ ငြင်း ပယ်ခဲ့သည်။ မဿဲ ၉:၁၄-၁၇ တွင်အစာရှောင်ခြင်း၊ ၁၂:၁-၁၃ တွင်ဥပုသ်နေ့၌ နှင့် ၁၅:၁-၂၀ တွင်လက် ဆေးခြင်းဆိုင်ရာ သူတို့၏အမြင်များကို ပြုပြင်ပေးခဲ့သည်။ ထို့ပြင် တောင်ပေါ်တရားဒေသနာအများစု— အထူးသဖြင့် ၅:၁၇-၄၈—သည် ဂျူးလူမျိုးတို့၏ဘုရားသခင်၏ပညတ်တရားအား ရှုမြင်ပုံနှင့် ယေရှု၏ ထိုပညတ်တရားအား ပြည့်စုံခြင်းသည် ဆန့်ကျင်ဘက်ဖြစ်သည်။

> တစ်ခါတရံ လူတို့သည် တောင်ပေါ်တရားဒေသနာ၌ သခင်ယေရှုပြောခဲ့သော ဤစကားများကြောင့်အံ့ဩကြသည် "ပညတ်စကားကိုသင်တို့ကြားရပြီ ငါပ ညတ်သည်ကား ...”။ သခင်ယေရှုဖြစ်ရန်အတွက် ဓမ္မဟောင်းကျမ်းတွင် ဖော်ပြ ထားသောအရာနှင့် အမှန်တကယ်ခြားနားရမည်။ သို့သော် အထင်ရှားဆုံးဖတ်ရှု ခြင်းနည်းလမ်းမှာ ဓမ္မဟောင်းကျမ်း— ဘုရားသခင်ပြောခဲ့သော—ကို ခေတ်အ ဆက်ဆက် ကျမ်းတတ်များနှင့် ဆရာသမားများ အဓိပ္ပာယ်ဖွင့်ဆိုသောနည်းလမ်း အချို့ကို ယေရှု ငြင်းဆိုနေခြင်းဖြစ်သည်ဟု ထင်ပါသည်။ သခင်ယေရှုလုပ်ဆောင် နေသည့်အရာသည် ဘုရားသခင်၏ တရားတော်ကို မှန်ကန်စွာ အဓိပ္ပာယ်ဖွင့်ဆို နိုင်သူအဖြစ် သူ့ကိုယ်သူသတ်မှတ်ပြီး ဘုရားသခင်၏ပညတ်တရား၌ ရေးထား သောအရာကိုယူ၍ ထိုနေ့၌ ကြားနာသူများ လိုက်လျှောက်ရန်ဖြစ်သည်။
>
> **Rev. Dr. Simon Vibert**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တောင်ပေါ်တရားဒေသနာတွင် "ပညတ်စကားကိုသင်တို့ကြားရပြီ ငါပညတ်သည် ကား ...” ဟူသော စာပိုဒ်ကို သုံးပြီး ယေရှု ပြောဆိုသည့်အခါ၊ ဓမ္မဟောင်းပညတ် တော်ကို ယခုပယ်ဖျက်နေခြင်း ဖြစ်သည်ဟု ဆိုခြင်း မဟုတ်ပါ။ အမှန်အားဖြင့် "ငါသည် ပညတ်တရားကို ပြည့်စုံစေဖို့ရန် လာခဲ့သည်" ဟူ၍ အလွန်ရှင်းလင်းစွာ ဆန့်ကျင်ဖက် စကား ဆိုလိုက်ခြင်း ဖြစ်သည်။ သို့သော် ယေရှု လုပ်ဆောင်နေ သည့် အရာမှာ ပညတ်ဆရာများက သူတို့ကိုယ်ပိုင် သွန်သင်မှု အခွင့်အာဏာကို ညွှန်းသည့်အခါ သုံးလေ့ရှိသည့် ရဗ္ဗိုင်ဆရာကြီးများ၏ အများသိပြီးသား နည်း စနစ်ကို သုံးလိုက်ခြင်းပင်ဖြစ်သည်။ “ပညတ်တရား၏ သွန်သင်ချက်များနှင့် ပတ်သက်၍ ဤအရာများကို မတူညီသောရိုးရာဓလေ့မှ အမျိုးမျိုးသောလူများ ပြောကြသည်ကို သင်တို့ကြားရပြီးသော်လည်း ငါဆိုသည်ကား...”ဎင်းသည် နောက်ထပ်လုပ်ပိုင်ခွင့်အာဏာတစ်ခုနှင့်အတူ လက်ရှိအခွင့်အာဏာ ပါသည်။ ထို့ကြောင့်၊ ယေရှုသည် ဤလူသိများသောသွန်သင်နည်းဖြင့် သူ၏သွန်သင်ခြင်း အခွင့်အာဏာကို တည်ဆောက်လျက်ရှိသည်။ ဓမ္မဟောင်းပညတ်တရားအား တန်ဖိုးလျှော့ချရန်မဟုတ်ဘဲ၊ အလွန်အရေးကြီးသောအရာအား ဓမ္မပညာအရနှင့် ခရစ်တော်ဗေဒအရ ပြောရလျှင် “ဓမ္မဟောင်းပညတ်တရားသည် ငါနှင့် ငါ၏တ ရားတော်သွန်သင်ခြင်းနှင့်စပ်လျဉ်း၍  အနက်ပြန်ဆိုရန် အရေးကြီးသည်” ဟူ၍ ဖြစ်သည်။

**ဒေါက်တာ Gregory R. Perry**

မဟုတ်ပါ၊ ယေရှုသည် ဓမ္မဟောင်းကျမ်းကို ဆန့်ကျင်နေခြင်းမဟုတ်ပါ။ သို့သော် မဿဲခရစ်ဝင်ကျမ်းတွင် တွေ့မြင်ရသည့် အကြောင်းအရာတစ်ခုသည် ယေရှု သည် မောရှေအသစ်ဖြစ်ပြီး မောရှေထက်သာလွန်သူဖြစ်သည်။ ထို့ကြောင့်၊ ကျွန်ုပ်တို့တွင် မောရှေအားဖြင့် ပေးထားသော ဓမ္မဟောင်းဗျာဒိတ်တော်ရှိသည်။ ထိုအရာသည် ဘုရားသခင်၏အခွင့်အာဏာရှိသော နှုတ်ကပတ်တော်ဖြစ်သည်။ သို့သော်၊ ယေရှုသည် ပညတ်တရား၏ အချုပ်အခြာအာဏာပိုင်သည့်အနက်ပြန် သူ ဖြစ်သည်။ တောင်ပေါ်တရားဒေသနာတွင် ကျွန်ုပ်တို့တွေ့မြင်ရသည့်အရာများ သည် မောရှေ၏ဆိုလိုချက်နှင့်ပတ်သက်၍ တိကျမှန်ကန်သော အဓိပ္ပာယ်ဖွင့်ဆို ချက်ကို ကိုယ်စားပြုသည်။ ထို့ကြောင့် ယေရှုသည် “လူ့အသက်ကိုမသတ်နှင့်” ဟူသော အမိန့်ကို မဖျက်သိမ်းခဲ့ပါ။ လူသတ်မှုသည် နှလုံးသားထဲ၌အမျက်ဒေါသ နှင့် အစပြုကြောင်းကို ရှင်းပြသည်။ ဎင်းအပိုင်း မည်သို့စတင်ခဲ့သည်ကို မှတ်မိပါ သလား။ ယေရှုသည် “ငါသည် ပညတ်တရားကို ပယ်ဖျက်ခြင်းငှါ လာသည်မ ဟုတ်၊ ပြည့်စုံခြင်းငှာလာသတည်း” ဟုဆိုခြင်းသည် ပညတ်တရားကို မှန်ကန်စွာ အနက်ပြန်ဆိုရန်နည်းလမ်းဖြစ်သည်ဟု ထင်ပါသည်။ သို့သော်လည်း ယေရှုဆွေး

> နွေးနေသည့်အရာသည် ပညတ်တရား၏ရည်ရွယ်ချက်အမှန်ကို အမှန်တကယ် ပြည့်စုံစေသည်ဟု ထင်ပါသည်။ ပညတ်တရားသည် ယေရှုခရစ်ကြွလာခြင်း၊ ကိုယ်တော်၏အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် သူ၏သာသနာအမှုတော်တို့ကိုထောက်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်သည်။ သို့သော် ထိုနည်းဖြင့် သူ့ကို နားလည်သောအခါ၊ ယေရှုသည် ဓမ္မဟောင်းပညတ်ကို မပယ်ဖျက်ဘဲ ဖြည့်ဆည်းပေးသည်။

**ဒေါက်တာ Thomas R. Schreiner**

ယေရှုသည် ဓမ္မဟောင်းကျမ်း၏ မေရှိယဆိုင်ရာမျှော်လင့်ချက်များကို အမှန်တကယ် ဖြည့်ဆည်းပေးခဲ့သည်။ သို့သော် ဂျူးများစွာသည် ၎င်းတို့၏မျှော်လင့်ချက်များသည် ဓမ္မဟောင်းကျမ်းနှင့်အပြည့်အဝ မကိုက်ညီသောကြောင့် ကိုယ်တော်ကိုငြင်းပယ်ခဲ့ကြသည်။ သူတို့၏ နားလည်မှုလွဲမှားခြင်းသည် ယေရှုနောက်သို့ လိုက်လိုသူတိုင်းအတွက် သတိပေးချက်တစ်ခုဖြစ်သည်။ ဘုရားသခင်၏အမှုတော်သည် မည်ကဲ့သို့ဖြစ်သည်ကိုမမြင်စေရန် ကျွန်ုပ်တို့၏ကိုယ်ပိုင်အယူအဆများသည်ဖုံးကွယ်ရန် လွယ်ကူကြောင်း သူတို့သည် သတိပေးသည်။ ဘုရားသခင်လုပ်ဆောင်နိုင်သည့်အရာအပေါ် ကန့်သတ်ချက်အတုအယောင်များမထားရှိရန် ကျွန်ုပ်တို့ကို သတိပေးထားပြီး၊ ကျွန်ုပ်တို့၏မျှော်လင့်ချက်များနှင့် မျှော်မှန်းချက်များကို ကိုယ်တော်အားသတ်မှတ်ခွင့်ပြုရန် သတိပေးသည်။

ယေရှု၏ဓမ္မဟောင်းအမွေအနှစ်အပေါ် မဿဲ၏ပဥ္စမနည်းလမ်းသည် ယေရှု၏နှိမ့်ချမှုနှင့် နူးညံ့သိမ်မွေ့မှုအကြောင်း ဖော်ပြချက်တွင် ထင်ရှားသည်။

## နှိမ့်ချခြင်းနှင့် နူးညံ့သိမ်မွေ့ခြင်း

ဓမ္မဟောင်းကျမ်းအရ၊ ဘုရားသခင်သည် သူ၏လူတို့ကို ကယ်တင်ရန် သူ၏တန်ခိုးကြီးသောစစ်သည်တော်အား စေလွှတ်မည်ဟု ယေရှုခေတ်မှဂျူးလူမျိုးများသည် မှန်ကန်စွာ နားလည်ခဲ့ကြသည်။ ဘုရားသခင်၏တန်ခိုးကြီးသောကယ်တင်ခြင်းသည် သူ၏လူများအပေါ်နူးညံ့သိမ်မွေ့သော သနားကြင်နာမှုတွင် အခြေပြုကြောင်း မဿဲဖော်ပြသည်။ ဓမ္မဟောင်းကျမ်းကို ကိုးကားခြင်းဖြင့် ဤအချက်ကို ဆိုခဲ့သည်။

ဥပမာ၊ မဿဲ ၁၁:၂၉ တွင် ယေရှုသည် ဝန်လေးသူများကို ဤစကားများဖြင့် ဖိတ်ခေါ်ခဲ့သည်–

> ငါ့ထမ်းဘိုးကိုတင်၍ထမ်းကြလော့။ ငါ့ထံ၌နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသောစိတ်သဘောရှိ၏။ သင်တို့စိတ်နှလုံးသည် သက်သာခြင်းကိုရလိမ့်မည် (မဿဲ ၁၁:၂၉)။

ဤတွင်ယေရှုသည်၊ ယေရမိ ၆:၁၆ ကို ကိုးကား၍ မေရှိယသည် မိမိလူမျိုးအတွက် ချမ်းသာပေးမည်ဖြစ်ကြောင်း သက်သေပြခဲ့သည်။ အလားတူ၊ မဿဲ ၁၂:၁၅-၂၁ တွင်၊ မဿဲသည် ယေရှု၏ သနား

ကြင်နာသော ကုသခြင်းသာသနာအမှုတော်ကို တင်ပြပြီး၊ ယေရှု၏လုပ်ဆောင်နေပုံကို ရှင်းပြရန် ဟေရှာယ ၄၂:၁-၄ ကိုကိုးကားခဲ့သည်။ မဿဲ ၁၂:၁၉-၂၀ တွင် ယေရှု၏ဖော်ပြချက်ကို နားထောင်ပါ_

> ငြင်းခုံခြင်း၊ ဟစ်ကြော်ခြင်းကို မပြုမူ၍၊ လမ်းခရီး၌ သူ၏အသံကို အဘယ်သူမျှ မကြားစေရ။ နင်းနယ်လျက်ရှိသော ကျူပင်ကိုမချိုး၊ မီးခိုးများသော မီးစာကို မသတ်။ တရားသည် အောင်မြင်ခြင်းသို့ ရောက်မည်အကြောင်း စီရင်လိမ့်မည် (မဿဲ ၁၂:၁၉-၂၀)။

ယေရှုသည် ရောမတို့ကိုတိုက်ခိုက်ရာတွင်ဦးဆောင်ရန် ဂျူးလူမျိုးတို့ရှာဖွေနေခဲ့ကြသည့် ကြမ်းတမ်းသောစစ်ရေးဝါဒီရှင်ဘုရင်မဟုတ်ပါ။ ၎င်းအစား၊ သူသည် နူးညံ့သိမ်မွေ့ပြီး သနားကြင်နာတတ်သူဖြစ်သည်။ ဓမ္မဟောင်းကျမ်းနှင့်အညီ၊ မဿဲသည် ယေရှုအား အောင်နိုင်သူရှင်ဘုရင်နှင့် ဘုရားသခင်၏လူမျိုးတော်၏ အခွင့်အာဏာရှင်ဆရာအဖြစ် ပုံဖော်ခဲ့သည်။ တစ်ချိန်တည်းတွင်၊ ယေရှုသည် နှိမ့်ချ၍ သနားကြင်နာတတ်သောရှင်ဘုရင်ဖြစ်ကြောင်း မဿဲသည် အလေးပေးဖော်ပြသည်။ ကျွန်ုပ်တို့၏ဘဝနှင့်သာသနာအမှုတော်တွင် ယေရှုနောက်လိုက်ရန်ခေါ်ခြင်းသည် ယေရှုစံနမူနာပြုထားသည့်နည်းတူ သနားကြင်နာမှုဖြင့် သမ္မာတရားကိုပြောဆိုရန် စိန်ခေါ်ချက်ဖြစ်သည်။

မဿဲသည် ယေရှု၏နိုင်ငံတော်နှင့် ဧဝံဂေလိတရား၏ဓမ္မဟောင်းအမွေအနှစ်ကို ပုံစံအမျိုးမျိုးဖြင့် အလေးပေးဖော်ပြခဲ့သည်။ တစ်ချိန်တည်းတွင်၊ ယေရှုသည် သာမန်မျှော်လင့်ချက်များကို ကျော်လွန်သည့်နည်းဖြင့် ရှေးခေတ်မျှော်လင့်ချက်အားလုံးကို ပြည့်စုံစေကြောင်း ရှင်းလင်းစွာဖော်ပြခဲ့သည်။ သို့သော် သတင်းကောင်း— ဧဝံဂေလိတရား—သည် သူသည်၎င်းတို့ကို ဖြည့်ဆည်းပေးခဲ့သည်။ ယေရှုသည် ကောင်းကင်နိုင်ငံတော်ကို မြေကြီးပေါ်သို့ ယူဆောင်လာခြင်းတွင် နိုင်ငံတော်၊ ပညတ်တရားနှင့် အထူးသဖြင့် ရှင်ဘုရင်ကိုယ်တော်တိုင် အားလုံးပြည့်စုံခဲ့သည်။

ယေရှု၏နိုင်ငံတော်နှင့် ဧဝံဂေလိတရား၏ဓမ္မဟောင်းအမွေအနှစ်ကို လေ့လာပြီးနောက်၊ ကျွန်ုပ်တို့သည် ဘုရားသခင့်လူတို့၏ အကြောင်းအရာကို စဉ်းစားရန် အဆင်သင့်ဖြစ်နေပြီဖြစ်သည်။

## ဘုရားသခင်၏လူများ

မဿဲခရစ်ဝင်ကျမ်းတွင်၊ အခြားကျမ်းစာများတွင်ကဲ့သို့ပင်၊ ဘုရားသခင်၏လူများသည် ဘုရားသခင်နှင့်သက်ဆိုင်သောသူများ၊ တန်ဖိုးကြီးသောအပိုင်အဖြစ် ဘုရားသခင်သိမ်းဆည်းထားသူများနှင့် ရှင်ဘုရင်အဖြစ်အုပ်စိုးသော အထူးလူမျိုးဖြစ်သည်။ သူတို့သည် ဘုရားသခင်နှင့် တိုက်ရိုက်ဆက်ဆံရုံမျှမက၊ သူတို့သည် ကိုယ်တော်ပိုင်သော အခြားသူများနှင့်လည်း ရင်းနှီးစွာ ဆက်ဆံကြသည်။

ကျွန်ုပ်တို့သည် ဘုရားသခင်၏လူတို့၏ အကြောင်းအရာကို အပိုင်းသုံးပိုင်းဖြင့် လေ့လာပါမည်။ ဦးစွာ၊ မဿဲသည် ဘုရားသခင်၏လူများကို အသင်းတော်အဖြစ် သတ်မှတ်ကြောင်း တွေ့မြင်ရသည်။ ဒုတိယ၊ သူတို့ကို "ဘုရားသခင်၏မိသားစု" ဟုလည်းခေါ်ဆိုသည်ကို တွေ့မြင်ရသည်။ တတိယ၊ ဘုရားသ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခင်၏လူများအား ခေါ်ဆိုခြင်းသည် ယေရှုထံမှဖြစ်ကြောင်းကို ကျွန်ုပ်တို့ ဆင်ခြင်သုံးသပ်ပါမည်။ အသင်းတော်သည် ဘုရားသခင်၏လူများဖြစ်သည်ဟူသော အယူအဆဖြင့် စတင်ကြပါစို့။

## အသင်းတော်

ဓမ္မဟောင်းကျမ်းတွင်၊ ဣသရေလသည် ဘုရား၏လူမျိုးဖြစ်သည်။ သို့သော် ဓမ္မသစ်ကျမ်းတွင်၊ ဘုရားသခင်၏လူများကို "အသင်းတော်" ဟုခေါ်သည်။ ကျွန်ုပ်တို့၏ခေတ်အခေါ်အဝေါ် ဖြစ်သော "အသင်းတော်" သည် မဿဲတွင် ဂရိစကားလုံး *ekklesia* ကို ဘာသာပြန်ဆိုထားသည်။ ဓမ္မဟောင်းကျမ်း၏ဂရိဘာသာပြန်ဖြစ်သော Septuagint တွင် *ekklesia* သည် ဟေဗြဲစကားလုံး *qahal* ၏ဘာသာပြန်တစ်ခုဖြစ်ပြီး၊ ဟေဗြဲဓမ္မဟောင်းကျမ်းသည် ဣသရေလလူမျိုး၏စည်းဝေးခြင်း သို့မဟုတ် လူအစုအဝေးကိုရည်ညွှန်းရန် အသုံးပြုသည်။ ဣသရေလ၏ "စည်းဝေးခြင်း" မှ ခရစ်ယာန် "အသင်းတော်" သို့ ဝေါဟာရပြောင်းသွားခြင်း— ယေရှုနှင့် မဿဲနှစ်ဦးစလုံးသည် ခရစ်ယာန်အသင်းတော်အား ဣသရေလစုဝေးခြင်း၏ ဆက်လက်တည်ရှိမှုအဖြစ် မြင်ကြောင်း သက်သေပြသည်။

ဓမ္မဟောင်းကျမ်းတွင် ဟေဗြဲစကားလုံး *qahal* သို့မဟုတ် "စည်းဝေးခြင်း" ၏အသုံးပြုမှုကို သုံးသပ်ကြည့်ပါ။ ဝတ်ပြုရာ ၁၆:၃၃၊ တောလည်ရာ ၁၆:၄၇; တရားသူကြီး 20:2; နှင့် ဆာလံ ၂၂:၂၂ တွင် ဣသရေလလူမျိုးကို "စည်းဝေးခြင်း" အဖြစ် သတ်မှတ်ကြသည်။ အမှန်တကယ်တွင်၊ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင့်လူမျိုးတော်၏စည်းဝေးခြင်းသည် အလွန်အရေးကြီးသောကြောင့် ၎င်းသည် နောက်ဆုံးသောနေ့ရက်များတွင် ဘုရားသခင်၏လူမျိုး ဣသရေလကိုပြန်လည်ထူထောင်မည်ဖြစ်ကြောင်း ပရောဖက်ယောလအသုံးပြုခဲ့သောအမည်များထဲမှတစ်ခုဖြစ်သည်။ ယောလ ၂း၁၆ တွင်_

> လူများတို့ကို ခေါ်၍ စုဝေးသောပရိသတ်တို့ကို သန့်ရှင်းစေကြလော့ (ယောလ ၂း၁၆)။

ဤကျမ်းပိုဒ်၏ မူရင်းဟေဗြဲဘာသာတွင်၊ "စုဝေးသော" ဟုပြန်ဆိုထားသော စကားလုံးသည် *qahal* ဖြစ်သည်။ သို့သော် Septuagint ၏ဂရိဘာသာပြန်ကျမ်းတွင်၊ စကားလုံးသည် *ekklesia* ဖြစ်သည်—ဓမ္မသစ်ကျမ်းတွင် အများအားဖြင့် "အသင်းတော်" ဟုပြန်ဆိုထားသောစကားလုံးဖြစ်သည်။ မဿဲ ၁၆:၁၈ တွင် မဿဲသည် ယေရှုထံမှ ဤစကားများကို ဖော်ပြသောအခါ ထိုဘာသာစကားကို အသုံးပြုခဲ့သည်_

> ငါ့အသင်းကို ငါတည်ဆောက်မည် (မဿဲ ၁၆:၁၈)။

ဤနေရာတွင် ယေရှုသည် သူ၏ *qahal* သို့မဟုတ် နောက်ဆုံးသောကာလ၏ မေရှိယစည်းဝေးခြင်းဟု အမိပ္ပာယ်ရသော သူ၏အသင်းတော်ကို တည်ဆောက်မည်ဟု ပြောသောအခါ ယောလ၏ပရောဖက်ပြုချက်ကို ထပ်၍မိန့်တော်မူခဲ့သည်။

> ယေရှုသည် မဿဲ၏ခရစ်ဝင်ကျမ်းတွင် သူ၏အသင်းတော်ကို တည်ဆောက်မည်ဟု မိန့်တော်မူသည်။ ကောင်းမွန်သောအစပြုခြင်းသည် ဂရိဓမ္မသစ်ကျမ်းတွင်တွေ့ရသော အသင်းတော်အတွက်စကားလုံး ekklesia သည်၊ ဘုရားသခင့်လူများဖြစ်သော ဓမ္မဟောင်းအယူအဆ qahal ကိုဖော်ပြရန်အသုံးပြုသည့် ဂရိအသုံးအနှုန်းဖြစ်သည်၊ ထို့ကြောင့် ဓမ္မသစ်အသင်းတော်သည် ဓမ္မဟောင်းစည်းဝေးခြင်း၊ ဘုရားသခင်၏လူများ၏စည်းဝေးခြင်းနှင့်အတူ ဆက်လက်တည်ရှိနေသည်။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

မဿဲ ၁၆ တွင်တွေ့ရသောအဖြစ်အပျက်များသည် ယေရှု၏ မေရှိယရှင်ဘုရင်ဖြစ်ခြင်း ဖော်ပြမှုကို ဆန့်ကျင်မှုကြီးထွားလာချိန်တွင် ဖြစ်ပျက်ခဲ့သည်ကို ကျွန်ုပ်တို့မြင်ပြီးဖြစ်သည်။ ဤဆန့်ကျင်မှုသည် ဣသရေလလူမျိုးပရိသတ်ကိုရည်ညွှန်း၍ တပည့်တော်များအား ယေရှုအားပေးရသည့်အကြောင်းရင်းတစ်ခုဖြစ်သည်—မိမိ၏မေရှိယစုဝေးခြင်းသို့မဟုတ် အသင်းတော်ကိုတည်ဆောက်မည့် သူ၏အစီအစဉ်ကို ယုံကြည်စိတ်ချစေလိုသည်။

အသင်းတော်သည် သူနှင့်စပ်ဆိုင်ကြောင်း ယေရှု၏စကားများသည် ရှင်းလင်းပြတ်သားသည်။ ပေတရုနှင့်မသက်ဆိုင်ပါ။ ဣသရေလနှင့် မသက်ဆိုင်ပါ။ ၎င်း၏ အဖွဲ့ဝင်များပိုင်ဆိုင်သော ဒီမိုကရေစီအဖွဲ့အစည်း မဟုတ်ပါ။ ၎င်းသည် မေရှိယ၏အသင်းတော်ဖြစ်သည်—ကောင်းကင်တမန်၏စကားကို ယောသပ်အား သူဖော်ပြသောအခါ၊ မဿဲသည် သူ၏ခရစ်ဝင်ကျမ်းနိဒါန်းတွင်ပြောထားပြီးသား အချက်တစ်ခု ဖြစ်သည်။ ၁:၂၁ တွင် မဿဲ၏မှတ်တမ်းကို နားထောင်ပါ_

> ထိုသားသည် မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ် မည်သူဖြစ်သောကြောင့်၊
> ယေရှုဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏ (မဿဲ၁:၂၁)။

ဤအခန်းငယ်တွင်၊ ယေရှုမမွေးမီ၊ ကောင်းကင်တမန်သည် ယောသပ်အား မာရိ၏ဝမ်း၌ရှိသောကလေးသည် ဘုရားသခင်၏လူအပေါင်းတို့နှင့်သက်ဆိုင်သော မေရှိယဖြစ်ကြောင်း အာမခံခဲ့သည်။ သူသည် သူတို့၏ရှင်ဘုရင်ဖြစ်ပြီး၊ သူတို့သည် သူ၏လူများဖြစ်သည်။

> ထို့ကြောင့် ကျွန်ုပ်တို့သည် ယေရှု၏တစ်ဦးချင်း နောက်လိုက်များသာမကဘဲ၊ ယေရှု၏သေခြင်းမှ ရှင်ပြန်ထမြောက်ခြင်းနှင့် ဝိညာဉ်တော်၏ဗိမာန်တော်အသစ်အဖြစ်ပေးခဲ့သော ဤဖန်ဆင်းခြင်းအသစ်၏ ပြယုဂ်ဖြစ်သည်။ ထို့ကြောင့်ကျွန်ုပ်တို့သည် ကရုဏာနှင့် ခွင့်လွှတ်ခြင်းကို တွေ့နိုင်သည့်နေရာ၊ လိုအပ်သောအခါတွင် ပံ့ပိုးပေးမှုကို တွေ့နိုင်သည့်နေရာ၊ အထီးကျန်နေသောအခါတွင် အဖော်ရှာတွေ့နိုင်သည့်နေရာဖြစ်သောအသင်းတော်ရှိ ဘုရားသခင့်နိုင်ငံတော်၏ မျက်မှောက်တော်ဖြစ်ကြသည်။ ထို့ကြောင့်၊ အသင်းတော်သည် အမှန်တကယ်ပင်

ကောင်းကင်နှင့်မြေကြီးအသစ်၏ နမူနာဖြစ်ပြီး၊ တစ်နေ့တွင် ၎င်းကို ဖန်ဆင်းခြင်း တစ်ခုလုံးမြင်နိုင်မည်ဖြစ်သည်။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

ဘုရားသခင်၏လူတွေသည် ဖိအားများအောက်ကြုံလာသောအခါ၊ ဘဝ၏အဖြစ်အပျက်များ သည် သူတို့ကို ဆွဲချသည့်အခါ၊ သူတို့ပတ်ဝန်းကျင်၌ရှိသော မှောင်မိုက်ခြင်းကို ခံစားလုနီးဖြစ်သောအခါ ယေရှုသည် "ငါ့အသင်းကို ငါတည်ဆောက်မည်။ ငါ၏ မေရှိယအသင်းတော်ကို ငါတည်ဆောက်မည်။"ဟု မိန့်တော်မူသည်။ သူသည် ကျွန်ုပ်တို့၏ရှင်ဘုရင်ဖြစ်သည်၊ သူ၏စိတ်ထဲတွင် ကျွန်ုပ်တို့အကျိုးအတွက် အကောင်းဆုံးစဉ်းစားထားခြင်းရှိကြောင်းနှင့် အဆုံးတွင် ကျွန်ုပ်တို့ကို ဧကန်မုချကယ်တင်ပြီး ကောင်းချီး ပေးမည်ဖြစ်ကြောင်း အာမခံပါသည်။ ၎င်းသည် ဤဘဝတွင် ဖြစ်လာမည်မဟုတ်။ သို့သော်လည်း ဖြစ်လာလိမ့်မည်။ ၎င်းကို ကျွန်ုပ်တို့သေချာ သိနိုင်သည်။

ဘုရားသခင်၏လူများကို အသင်းတော်အဖြစ်ဖော်ပြခြင်းအပြင်၊ မဿဲသည် ၎င်းတို့အား ဘုရား သခင်၏မိသားစုအဖြစ် သတ်မှတ်သည်။

## ဘုရားသခင်၏မိသားစု

မဿဲခရစ်ဝင်ကျမ်းသည် ဘုရားသခင်၏လူများသည် သူနှင့်သာမက တစ်ဦးနှင့်တစ်ဦးဆက်ဆံ ရေးကိုဖော်ပြရန် အကြိမ် ၁၅၀ ကျော် "ဖခင်" "သား" နှင့် "ညီအစ်ကို" ကဲ့သို့သော မိသားစုအသုံးအနှုန်း ကို အသုံးပြုထားသည်။ မိသားစုအသုံးအနှုန်းကို မကြာခဏသုံးလေ့ရှိသည့် အခြားခရစ်ဝင်ကျမ်းရေးသူ သည် ယောဟန်ဖြစ်သည်။ သို့သော် ယောဟန်အသုံးပြုသည့်အခါ၊ ယေရှုနှင့် ကောင်းကင်ခမည်းတော် ကြား ဆက်ဆံရေးအကြောင်း သူဖော်ပြလေ့ရှိသည်။

ဆန့်ကျင်ဘက်အနေနှင့်၊ မဿဲသည် ၎င်းကိုအသုံးပြုသောအခါ ဘုရားသခင်နှင့် သူ၏လူများ ကြားဆက်ဆံရေးအကြောင်းဖော်ပြသည်—ဘုရားသခင်၏မိသားစုအကြောင်းကို သူပြောနေခြင်းဖြစ် သည်။ အဓိကအားဖြင့်၊ ဘုရားသခင်သည် သူ၏သားသမီးများအတွက်ဖော်ပြသော ဂရုစိုက်မှုနှင့် ကာကွယ်မှုကို အလေးပေးရန်အတွက် ဤဝေါဟာရကို မဿဲအသုံးပြုခဲ့သည်။ ဥပမာ၊ မဿဲ ၆:၄ တွင်၊ ယေရှုသည် မိမိလူမျိုးအတွက် ဘုရားသခင်၏ဂရုစိုက်မှုအား ဤသို့မိန့်တော်မူခဲ့သည်_

> မထင်ရှားသောအရာကို မြင်တော်မူသော သင်၏အဘသည်
> အကျိုးကိုထင်ရှားစွာ ပေးတော်မူလတံ့ (မဿဲ ၆:၄)။

ထို့ပြင် အခန်းငယ် ၆ ၌ဤဝေါဟာရကိုသုံးသည်၊ အခန်းငယ် ၁၈ တွင် ထပ်၍သုံးသည်။ သူ၏အဓိကအချက်သည် ဘုရားသခင်သည် သူ၏သားသမီးများကို အလေးထားပြီး သူတို့ကို အားပေးကူညီခြင်းနှင့် ပံ့ပိုးပေးခြင်းတို့အပေါ် ရည်ရွယ်ချက်ရှိကြောင်း ဖြစ်သည်။

ယေရှုသည် တပည့်တော်များအား မည်သို့ဆုတောင်းရမည်ကို သင်ကြားပေးသောအခါ၊ မဿဲ ၆:၈ တွင်ညွှန်ကြားတော်မူခဲ့သည်_

> အကြောင်းမူကား၊ သင်တို့အလိုရှိသမျှတို့ကို သင်တို့မတောင်းမှီ သင်တို့အဘသိတော်မူ၏ (မဿဲ ၆:၈)။

ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကောင်းချီးပေးမည်ဖြစ်ပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏မေတ္တာရှင်အဘဖြစ်တော်မူသောကြောင့် ကျွန်ုပ်တို့၏ဆုတောင်းချက်များကို ကိုယ်တော်နားညောင်းတော်မူမည်ဟု ကျွန်ုပ်တို့ယုံကြည်စိတ်ချနိုင်ပါသည်။

> ကျွန်ုပ်၏ သင်ကြားခြင်းအကြောင်းအရာသည် ဝိညာဉ်ရေးတည်ဆောက်ပေးခြင်းဖြစ်ပြီး၊ သခင်ဘုရား၏ဆုတောင်းချက်နှင့် ပတ်သက်၍ ကျွန်ုပ်ပြောသည့်အရာတစ်ခုမှာ မည်သည့်အချိန်၌မဆို တစ်ချိန်တည်းတွင် ဆုတောင်းနေကြသူသန်းပေါင်းများစွာရှိနိုင်ကြောင်း အသိအမှတ်ပြုခြင်းဖြင့် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို စတင်ခြင်းဖြစ်သည်။ ဘုရားသခင်ကို "ဘုရားသခင်" ဟု ကျွန်ုပ်တို့ခေါ်ဆိုရခြင်း၏ အကြောင်းရင်းတစ်ခုမှာ ဘုရားသခင်သည် ဆုတောင်းချက်တစ်ခုစီတိုင်းကိုလက်ခံနိုင်ပြီး သူ၏အာရုံစူးစိုက်မှုကိုအပြိုင်တောင်းခံနေကြသူများကို တစ်ဦးတည်းသောသူအဖြစ် ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းနိုင်ခြင်းကြောင့်ဖြစ်သည်။ ၎င်းသည် ကျွန်ုပ်တို့အား ကောင်းကင်နိုင်ငံတော်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော သန့်ရှင်းသောမိတ်သဟာယအဖြစ်သို့ ယူဆောင်လာပါသည်။ ထို့နောက်တွင်မူ "အဖ" ဟူသောအသုံးအနှုန်းသည် သေချာပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် မည်ကဲ့သို့သောသူပင်ဖြစ်စေ၊ မည်သည့်နေရာ၌ပင်ရှိပါစေ၊ အဗ္ဗအဖြစ် ဘုရားသခင်ထံတော်သို့ တိုးဝင်ကာ၊ ခမည်းတော်အဖြစ် ဘုရားသခင်ထံတော်သို့ တိုးဝင်နေပါသည်။ ပိုလန်မှလူတစ်ယောက်သည် ဘုရားသခင်ကို "အဖ" ဟုခေါ်  ပြီး အမေရိကန်မှကျွန်ုပ်လည်း ဘုရားသခင်ကို "အဖ"ဟု ခေါ်ပါက၊ ကျွန်ုပ်တို့သည် ညီအစ်ကို မောင်နှမများဖြစ်ကြသည်။ ကျွန်ုပ်တို့တွင် တူညီသောဖခင်ရှိလျှင် ကျွန်ုပ်တို့သည် တူညီသောမိသားစုထဲမှ မိသားစုဝင်များဖြစ်ကြသည်။ ထို့ကြောင့် မဿဲသည် သူအကြိမ်ကြိမ်အသုံးပြုနေသည့် ကောင်းကင်နိုင်ငံတော်၏ သဘောတရားကို အားကောင်းသောနည်းလမ်းဖြင့် နားလည်ထားသည်ဟု ထင်ပါသည်။ သို့သော် ဆုတောင်းခြင်း၏အသက်တာသည် ကျွန်ုပ်ဆုတောင်းနေသော အခိုက်အတန့်ကို နားလည်သဘောပေါက်စေရန် လှုံ့ဆော်ပေးသည်၊ ကျွန်ုပ်ဆုတောင်းသည့်အရာကို ဆုတောင်းနေသောသူနှင့်အတူ ကျွန်ုပ်ဆုတောင်းသည်၊ ကျွန်ုပ်တောင်းသည့်အရာကို သူတို့သည်လည်းတောင်းသည့်အခါ၊ ကျွန်ုပ်တို့သည် မိသားစုဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

**ဒေါက်တာ Steve Harper**

ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ၏မိသားစုတွင် မိသားစုဝင်အဖြစ်သတ်မှတ်ထားသည်ဟု တွေးတောခြင်းထက် အားတက်စရာအကြောင်းအခြား မရှိပါ။ ၎င်းသည် ခွင့်လွှတ်ခြင်းအတွက် ကြီးမြတ်သောအရာဖြစ်သည်။ J. I. Packer သည် သူ၏စာအုပ် Knowing God တွင်၊ ၎င်းသည် ဖြောင့်မတ်ခြင်းအတွက် ကြီးမြတ်သည့်အရာဖြစ်သည်၊ ဘုရားသခင်၏ မိသားစုဝင်အဖြစ် သတ်မှတ်ခံရခြင်းထက်ပင် ပို၍ကြီးမြတ်သောအရာဖြစ်သည်ဟု ဆိုထားသည်။ ကျွန်ုပ်တို့၏ဖခင်အဖြစ် ဘုရားသခင်ကို အမှန်တကယ်ရရှိရန်သည်၊ ကျွန်ုပ်တို့ဘဝ၌ ဘုရားသခင့်အမှုတော်၏ အထွတ်အထိပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် တရားသူကြီးထံမှ ခွင့်လွှတ်ခံရခြင်းသာမဟုတ်၊ ဘုရားသခင်၏မိသားစုတွင် မိသားစုဝင်အဖြစ် သတ်မှတ်ခံရကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ဖခင်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် သူ၏သားသမီးများဖြစ်ကြသည်။ သို့ဖြစ်လျှင် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အမွေခံများဖြစ်ကြပါသည်။ သခင်ယေရှုထံရှိသမျှ အရာခပ်သိမ်းသည် ကျွန်ုပ်တို့၏ဥစ္စာဖြစ်သည်။ ၎င်းသည်လည်း ကျွန်ုပ်တို့၏အမွေဖြစ်သည်။ ကျွန်ုပ်တို့၏အမွေသည် ဘုရားသခင်၏ အမျက်တော်ဖြစ်သောအခါ၊ ကျွန်ုပ်တို့သည် အမျက်တော်၏ သားသမီးများသာ ဖြစ်ခဲ့သောကာလတစ်ခုရှိခဲ့သည်။ အမျက်တော်ထက်၊ ယခု ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အမွေဆက်ခံသူများဖြစ်ကြပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သဘောသဘာဝကို ဆက်ဆံသူများဖြစ်ပြီး ဘုရားသခင်၌ သားဖြစ်ခြင်းအခွင့်ရသောကြောင့် ကျွန်ုပ်တို့သည် ခရစ်တော်နှင့် ညီအစ်ကိုများဟုခေါ်ခြင်းခံရကြသည်။ ခရစ်တော်၏ဖြောင့်မတ်ခြင်းသည် ညစ်သောအဝတ်များနှင့်တူသော ကျွန်ုပ်တို့၏ဖြောင့်မတ်ခြင်းအား လဲလှယ်ပေးခဲ့သည်။ ထိုအတွက်ကြောင့် ကျွန်ုပ်တို့သည်ဘုရားသခင်၏သားသမီးများဖြစ်လာကာ၊ သူ၏မိသားစုထဲသို့ဖိတ်ခေါ်ခြင်းခံကြရသည်။ ၎င်းသည် ကျွန်ုပ်တို့ စဉ်းစားတွေးကြည့်ဖူးသမျှတွင် အကြီးမားဆုံးသော ကောင်းချီးမင်္ဂလာဖြစ်ပါသည်။

**ဒေါက်တာ K. Erik Thoennes**

မဿဲ ၆:၂၅-၃၄ တွင်၊ ယေရှုသည် ဘုရားသခင်၏သားသမီးများကို ကိုယ်တော်၏ဂရုစိုက်မှုရှိကြောင်းကို အာမခံရန် မတူညီသောဥပမာနှစ်ခုကို အသုံးပြုခဲ့သည်။ ဘုရားသခင်သည် သူ၏ဖန်ဆင်းခြင်းတွင် အသေးငယ်ဆုံးသောဖန်ဆင်းခံများ၏ လိုအပ်ချက်များကို ဂရုစိုက်ကြောင်း ဖော်ပြသည့် "ကောင်းကင်မှငှက်များ" နှင့် "တောနှင်းပန်းများ" အကြောင်းကို ပြောခဲ့သည်။ သူ၏ဆိုလိုချက်သည် ဘုရားသခင်သည် ဤအသေးအမွှားအရာများကိုပင် ဂရုစိုက်မည်ဆိုလျှင်၊ သူ၏လူများကို ပို၍ဂရုစိုက်မည်မှာ သေချာ

ပါသည်။ ကျွန်ုပ်တို့၏ကောင်းကင်ခမည်းတော်သည် ကျွန်ုပ်တို့အတွက် ပိုမိုကောင်းမွန်သောအစားအစာ၊ အဝတ်အစားနှင့် အကာအကွယ်များကို ပေးမည်ဖြစ်သည်။

ယေရှုသည် သာသနာအမှုတော်တွင် ကြီးစွာသောအခက်အခဲများနှင့်ပတ်သက်၍ တပည့်တော်များအား သတိပေးသောအခါတွင် ဘုရားသခင်၏ ဖခင်တစ်ဦး၏စောင့်ရှောက်မှုနှင့် ကာကွယ်မှုကိုလည်း အလေးပေးဖော်ပြသည်။ ဥပမာ၊ ၁၀:၁၉-၂၀ တွင်သူတို့သည် ဖမ်းစီးခံရမည်ဟု ယေရှုမိန့်တော်မူသည်။ သို့သော် ခမည်းတော်၏ဝိညာဉ်တော်သည် သူတို့နှင့်အတူရှိလိမ့်မည်ဖြစ်ကြောင်းကိုလည်း မိန့်တော်မူသည်။ သူတို့၏သာသနာအမှုတော်ကြောင့် အသက်အန္တရာယ်ကြုံလာသောအခါ သူတို့၏ဖခင်သည် ကာကွယ်ပေးမည့်အကြောင်း အသိပေးသည်။ မဿဲ ၁၀:၂၉-၃၁ တွင်ယေရှု၏ အားပေးစကားများကို နားထောင်ပါ_

> စာငှက်နှစ်ကောင်ကို အဿရိတပြား အဘိုးနှင့် ဝယ်ရသည်မဟုတ်လော။ သင်တို့အဘ အခွင့်မရှိလျှင် ထိုစာငှက်တကောင်မျှ မြေသို့မကျရ။… ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက် သာ၍မြတ်ကြ၏ (မဿဲ ၁၀:၂၉-၃၁)။

> ယုံကြည်သူအများအတွက်၊ ခရစ်ယာန်တစ်ဦးဖြစ်ရန် ဘဝသည် အလွန်ခက်ခဲသည်။ ကမ္ဘာ့နေရာအများစွာ၌ နှိပ်စက်ညှဉ်းပန်းခြင်းခံနေရသည်။ သူတို့ဘဝ၏ ကြီးစွာသောရွှင်လန်းမှုသည် သူတို့သည် ကိုယ်ခန္ဓာ၏အစိတ်အပိုင်းများဖြစ်ပြီး၊ ဘုရားသခင်၏လူများဖြစ်ကြောင်းကို ကိုယ်တိုင်သိနိုင်ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ခမည်းတော်ဖြစ်ကြောင်း သမ္မာကျမ်းစာဖော်ပြသည်။ ရောမ ၈ တွင်ဖော်ပြထားသည့်အတိုင်း၊ ကျွန်ုပ်တို့တွင် ဘုရားသခင်ကို အဗ္ဗအဖြစ် ခေါ်ဆိုနိုင်ရန် ကြီးမားသောအခွင့်ထူးရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အစဉ်အမြဲ ဂရုစိုက်တော်မူသည်ဟူသောအချက်လည်း ကျွန်ုပ်တို့တွင်ရှိသည်။ ဘုရားသခင်သည် သူ၏မိသားစုဝင်များကို ချစ်ခြင်းမေတ္တာပေးကြောင်းကိုလည်း ကျွန်ုပ်တို့တွေ့မြင်ရသည်။ ထို့ကြောင့်၊ ဘုရားသခင်သည် ယခု ကျွန်ုပ်တို့၏ ခမည်းတော်ဖြစ်သောကြောင့်၊ ယုံကြည်သူဘဝအတွက် အဓိကစိတ်ချမှုသည် ခရစ်တော်အားဖြင့် ရရှိလာသော ခွန်အားပေးမှုဖြစ်သည်။

**ဒေါက်တာ Jeff Lowman**

ဘုရားသခင်၏လူများကို အသင်းတော်နှင့် ဘုရားသခင်၏မိသားစုနှစ်ရပ်စလုံးအဖြစ် မှတ်ယူထားပြီး၊ ဘုရားသခင်၏လူများကို ခေါ်ခြင်းနှင့်ပတ်သက်၍ လေ့လာရန် အသင့်ရှိပြီဖြစ်သည်။

## ခေါ်ဆိုခြင်း

ဘုရားသခင်၏လူများသည် သူ၏အသင်းတော်နှင့် သူ၏မိသားစုဝင်ဖြစ်ရန် အထူးအခွင့်ထူးခံများဖြစ်ကြသည်။ သို့သော် ကိုယ်တော်၏လူများအဖြစ် ကျွန်ုပ်တို့အားခေါ်ဆိုမှုတွင် ဝေဒနာခံစားခြင်း၊ အန္တရာယ်နှင့် ဆင်းရဲဒုက္ခလည်း ပါဝင်သည်။ သခင်ယေရှုကိုယ်တိုင်သည် ဝေဒနာခံစားရသောမေရှိယ ရှင်ဘုရင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သူ၏နောက်သို့ လိုက်သည်နှင့်အမျှ ကျွန်ုပ်တို့လည်း ခံစားကြရသည်။ ဥပမာ၊ မဿဲ ၁၀:၃၄-၃၆ တွင် ကျွန်ုပ်တို့အားခေါ် ခြင်းသည် ပဋိပက္ခ၏လက္ခဏာဖြစ်ကြောင်း ယေရှုမိန့်ခဲ့သည်။ သူပြောသည်ကို နားထောင်ကြည့်ပါ_

> မြေပေါ်သို့ ငြိမ်သက်ခြင်းကို စေလွှတ်အံ့သောငှါ ငါလာသည်ဟုမထင်ကြနှင့်။ ငြိမ်သက်ခြင်းကို စေလွှတ်အံ့သောငှါ ငါလာသည်မဟုတ်။ ထားကို စေလွှတ်အံ့သောငှါ ငါလာသတည်း။ အဘနှင့်သား၊ အမိနှင့်သမီး၊ ယောက္ခမနှင့် ချွေးမအချင်းချင်း ကွဲပြားစေခြင်းငှါ ငါလာသတည်း။ ကိုယ်အိမ်သူအိမ်သားတို့သည်လည်း ကိုယ်ရန်သူ ဖြစ်ကြလိမ့်မည် (မဿဲ ၁၀:၃၄-၃၆)။

မဿဲ ၁၆း၂၄-၂၅ တွင် ဤသို့ဆိုထားသည်_

> အကြင်သူသည် ငါ၌ဆည်းကပ် ခြင်းငှါ အလိုရှိ၏။ ထိုသူသည် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်။ ကိုယ်လက်ဝါးကပ်တိုင်ကို ထမ်း၍ ငါ့နောက်သို့ လိုက်ရမည်။ အကြင်သူသည် မိမိအသက်ကို ကယ်ဆယ်ခြင်းငှာအလိုရှိ၏။ ထိုသူသည် အသက်ရှုံးလိမ့်မည်။ အကြင်သူသည် ငါ့ကြောင့်အသက်ရှုံး၏၊ ထိုသူသည် အသက်ကို တွေ့လိမ့်မည် (မဿဲ ၁၆း၂၄-၂၅)။

ကိုယ်တော်ငြင်းပယ်ခံရသကဲ့သို့ မိမိလူတို့သည်လည်း ငြင်းပယ်ခံရမည်ကို ယေရှုသိတော်မူသည်။ ကျွန်ုပ်တို့၏ရှင်ဘုရင်အတွက်၊ ဝေဒနာခံစားခြင်းသည် ဘုန်းကြီးခြင်းသို့ရောက်ရာလမ်းဖြစ်သည်။ ကျွန်ုပ်တို့အတွက်လည်း အလားတူဖြစ်သည်။

> သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် တိုက်ပွဲရှုံးသည်ဟု လူများထင်နိုင်သော်လည်း၊ သင်္ချိုင်းတွင်း၌ရောက်သောအခါ အပယ်ခံရသည်ဟု ထင်ကြသော်လည်း၊ သုံးရက်မြောက်သောနေ့နံနက်ကို မေ့ထားခဲ့ကြသည်။ သခင်ယေရှုသည် "သင်သည် ဤကိုယ်ခန္ဓာကို ဖြိုဖျက်သော်လည်း၊ သုံးရက်အတွင်း ငါသည်ပြန်ထမြောက်လိမ့်မည်" ဟုမိန့်တော်မူသည်။ ထို့ကြောင့်၊ အခန်းကဏ္ဍတိုင်းတွင် အသင်းတော်အား ဝိုင်းပယ်ခြင်း၊ ဝေဖန်ခြင်း၊ အပုပ်ချခြင်းများကို စဉ်းစားသောအခါ၊ ယေရှုလုပ်ဆောင်ခဲ့သော ထိုအသင်းတော်သည် ယနေ့ လုပ်ဆောင်နေသော တူညီသော အသင်းတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ မည်မျှကြာတည်တံ့ခဲ့သည်၊ မည်မျှ ဖြတ်သန်းခဲ့သည်ကို ကြည့်ပါ။ ယခုတိုင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှိနေဆဲဖြစ်သည်။ အနည်းငယ်ထပ်၍ပြောပါရစေ။ လူဇာတိခံယူသော ယေရှုခရစ်၏ဝေံဂေလိတရားဖြစ်သည်—ထိုအချိန်၌ သူ့ကိုမသတ်နိုင်၊ ယခုလည်းမသတ်နိုင်ပါ။ ထို့ကြောင့်၊ ကျွန်ုပ်တို့သည်အစိတ်အပိုင်းတစ်ခုဖြစ်ပြီး… ကျွန်ုပ်တို့သည် သူ၏အသင်းတော်ဖြစ်သည့် အသင်းတော်ဖြစ်ပြီး၊ သူသည် မည်သည့်အရာကိုမျှ သူ၏အမှုတော်ကို ရပ်တန့်ရန်ခွင့်မပြုပါ၊ ငရဲတံခါးများပင် အနိုင်ယူ၊ ရပ်တန့်နိုင်မည်မဟုတ်ပါ။ ဤအသင်းတော်တွင် တာဝန်တစ်ခုရှိပြီး၊ ပျောက်ဆုံးနေသူများကို ရှာဖွေခေါ်ဆောင်ကာတပည့်တော်ဖြစ်စေရန် ကမ္ဘာအရပ်ရပ်သို့ သွားရန်ဖြစ်သည်။ ၎င်းသည်ဝမ်းသာစရာဖြစ်သည်၊ သင်နှင့်ကျွန်ုပ်တို့သည် ကြီးစွာသောလုံခြုံမှုရှိနိုင်ပြီး အသင်းတော်သည် တည်တံ့မည်ကို သိလျက်၊ ယခုပင်အမှန်တကယ် ရှင်ပြန်ထမြောက်သည့်အခိုက်အတန့်ကို ရရှိနိုင်ပါသည်။

**ဒေါက်တာ Willie Wells, Jr.**

ယေရှုသည် မိမိလူမျိုး၏ဝေဒနာခံစားခြင်းကို အဆုံးသတ်ရန်၊ ကျွန်ုပ်တို့အား ဆင်းရဲဒုက္ခမှ လွတ်မြောက်စေရန်၊ ကျွန်ုပ်တို့အတွက် ငြိမ်သက်ခြင်းကို ထူထောင်ရန်နှင့် ကျွန်ုပ်တို့အား အတိုင်းမသိ ကောင်းချီးပေးမည်—သို့သော် မဖြစ်သေးပါ။ သူသည် အရာခပ်သိမ်းကို အသစ်မပြုမီအချိန်အထိ၊ ကျွန်ုပ်တို့အားခေါ် ခြင်းသည် ကျွန်ုပ်တို့၏ဝေဒနာခံရှင်ဘုရင်၏ခြေတော်ရာကို လိုက်လျှောက်ရန်ဖြစ် သည်။

ကျွန်ုပ်တို့သက်လွတ်ရုံ မျှမက အထူးသဖြင့်အသက်နှင့် ပြည့်စုံစေခြင်းငှာ ကြွလာတော်မူကြောင်း ယေရှုမိန့်ဆိုခဲ့သည်။ သခင်ယေရှုခရစ်ကို သိကျွမ်းပြီးနောက်၊ ဤဘဝတွင်၊ ကျွန်ုပ်တို့သည် ဝေဒနာခံစားခြင်း၊ နာကျင်ခြင်း၊ သေခြင်း ကြုံတွေ့နေတုန်းပင် ဖြစ်သည်။ ကျွန်ုပ်တို့တွင် စိတ်ပျက်စရာများနှင့် ရည်မှန်းချက်များ ရှိသေးသည်။ ကျွန်ုပ်တို့သည် အမျက်ထွက်ခြင်းများနှင့်၊ ထိုကိစ္စအတွက်၊ ဝမ်းနည်းပူဆွေးမှုများကို ခံစားနေကြရဆဲဖြစ်သည်။ ဤတွင်၊ ကျွန်ုပ်တို့အသိအမှတ်ပြုရန်လိုအပ်သော အစိတ်အပိုင်းတစ်ခုသည် ဤကြွယ်ဝသောအသက်တာကိုရရှိခြင်း၏အဓိပ္ပါယ်မှာ ဤအရာများအလယ်တွင် ခရစ်တော်အားရှိစေခြင်းဖြစ်ကြောင်းထင်ရှားသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာတွင် မည်သည့်အခါမျှ အမျက်ထွက်ခြင်း သို့မဟုတ် စိတ်ပျက်ခြင်း မရှိခဲ့လျှင် ကျွန်ုပ်တို့မသိနိုင်သော အရာများကို သိရှိလာပါလိမ့်မည်။ ဝမ်းနည်းပူဆွေးမှုများ၊ ကြည်နူးမှုများနှင့် ပျော်ရွှင်မှုများကို ခံစားရခြင်းမရှိပါက မည်သည့်အခါမှ သိမည်မဟုတ်ပါ။ ဤနေရာတွင် အမှန်တကယ် အရေးကြီးသော အရာတစ်ခု ရှိနေသည်ဟု ကျွန်ုပ်ထင်ပါသည်။ သခင်ယေရှုသည်၊ "သင်သည် သက်လွတ်ရုံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မှုမက အထူးသဖြင့်အသက်နှင့် ပြည့်စုံစေခြင်းငှါ ငါလာသတည်း။"ဟုမိန့်တော်မူသည်။ သို့သော် ကျွန်ုပ်တို့သည်တစ်စုံတစ်ခုကို တောင့်တနေသည်ကို သင်သိပါသလား။ "ခရစ်တော်၌ရှိခြင်း"တည်းဟူသော အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကိုယ်တော်ယူဆောင်လာမည့် ပြည့်စုံမှုအား တောင့်တခြင်းပင်ဖြစ်သည်။ သူ၏အသင်းတော်အတွက် ခရစ်တော်ကြွလာမည့်နေ့တစ်နေ့ ရောက်လာမည်ဖြစ်သည်။ ခပ်သိမ်းသောအရာတို့ကို ခရစ်တော်သည်မြင်နိုင်သောနည်းဖြင့် အုပ်စိုးမည့်နေ့တစ်နေ့ ရောက်လာမည်ဖြစ်သည်။ ခမည်းတော်ဘုရားသခင်၏ ဘုန်းတော်ကို ယေရှုခရစ်သည်ထင်ရှားစေသောသခင်ဖြစ်ကြောင်း လူတိုင်း ဒူးထောက်ကာ ဝန်ခံမည့်နေ့တစ်နေ့ ရောက်လာမည်ဖြစ်သည်။ မျက်ရည်တိုင်း ခြောက်သွေ့ပြီး၊ မျက်ရည်များကိုသုတ်ပေးမည့် နေ့တစ်နေ့ ရောက်လာမည်ဖြစ်သည်။ ယခုဆိုလိုခြင်း၏တစ်စိတ်တစ်ပိုင်းသည်၊ ခရစ်တော်၌ ကြွယ်ဝသောအသက်တာကိုရရှိရန်သည် ခရစ်တော်၌ စိတ်ချမှုရှိရန်ဖြစ်ပြီး၊ ကျွန်ုပ်တို့ သိထားသောအရာများကို တောင့်တရင်းဖြင့် ဘဝနှင့် ဤပျက်စီးနေသောကမ္ဘာကြီးထဲသို့ ရောက်လာသော ပျော်ရွှင်မှုများ၊ ဒုက္ခသုက္ခများအားလုံးကို တွေ့ကြုံခံစားခြင်းဖြစ်သည်။ ကြွယ်ဝသောအသက်တာဆိုသည်မှာ ခရစ်တော်ကြွလာချိန်အထိတိုင် ယုံကြည်ကိုးစားခြင်းပင်ဖြစ်သည်။

**ဒေါက်တာ R. Albert Mohler, Jr.**

# နိဂုံး

ရှင်မဿဲခရစ်ဝင်ကျမ်းလေ့လာခြင်းတွင်၊ ၎င်း၏စာရေးသူ၊ မူရင်းပရိသတ်နှင့် အချိန်အခါအရ ၎င်း၏နောက်ခံကို လေ့လာခဲ့သည်။ ၎င်း၏ဖွဲ့စည်းပုံနှင့် အကြောင်းအရာများကို စစ်တမ်းကောက်ယူခဲ့ပြီး ဓမ္မဟောင်းအမွေအနှစ်၏ အဓိကအကြောင်းအရာများနှင့် ဘုရားသခင်၏လူများအပေါ် ၎င်း၏အလေးပေးမှုကို ထည့်သွင်းစဉ်းစားထားပါသည်။

မဿဲ၏ခရစ်ဝင်ကျမ်းသည် ဓမ္မဟောင်း၏ ကောင်းကင်နိုင်ငံတော်ဆိုင်ရာကတိတော်များကို မေရှိယရှင်ဘုရင်ယေရှု၏ ပုဂ္ဂိုလ်နှင့်လုပ်ဆောင်မှု၌ ပြည့်စုံစေခဲ့ကြောင်း သတင်းကောင်းကို ကြေငြာသည်။ သတင်းကောင်းမှာ ယေရှုသည် ကျွန်ုပ်တို့အတွက်နှင့် ကျွန်ုပ်တို့အားဖြင့် ကိုယ်တော်၏နိုင်ငံတော်ကို တည်ထောင်ပြီး ဆက်လက်တည်ဆောက်နေခြင်းဖြစ်ကြောင်း ဖြစ်သည်။ သို့သော်ဤသတင်းကောင်းသည် အမြဲမလွယ်ကူပါ။ ကျွန်ုပ်တို့မြင်ရသည့်အတိုင်း၊ မဿဲသည် ပြင်းထန်သောအသုံးအနှုန်းများဖြင့် ဝေဒနာခံစားရသောမေရှိယရှင်ဘုရင်နောက်သို့ လိုက်ရန် ကျွန်ုပ်တို့အားခေါ်ဆိုမှုကို ဖော်ပြခဲ့သည်။ သူသည် ကောင်းကင်ခမည်းတော်၏ကောင်းချီးမင်္ဂလာများကို ပြင်းထန်သောအသုံးအနှုန်းများဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဖော်ပြခဲ့သည်—ကျွန်ုပ်တို့၏ရှင်ဘုရင်နောက်သို့ သစ္စာရှိစွာ လိုက်နိုင်စေရန်နှင့် ကောင်းကင်နိုင်ငံတော်သည် ကမ္ဘာမြေကြီးသို့ဘုန်းတော်ပြည့်လျှက်ကြွလာချိန်အထိ ကျွန်ုပ်တို့၏ဆင်းရဲဒုက္ခများကို ခံနိုင်ရည်ရှိစေမည့် ကောင်းချီးမင်္ဂလာများဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။